မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ တနင်္လာနေ့ အတွဲ (၅၇)၊ အမှတ် (၃၅၀)

# ပြည်တွင်းစည်းလုံးညီညွတ်မှုရှိသော နိုင်ငံများ အင်အားတောင့်တင်းခိုင်မာသည့်နိုင်ငံများအဖြစ် ကမ္ဘာ၌ရပ်တည်



**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကလောတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းစည်းလုံးညီညွတ်မှုရှိသော နိုင်ငံများသည် နိုင်ငံကြီး/ငယ်မဟူ အင်အားတောင့်တင်းခိုင်မာသော နိုင်ငံများအဖြစ် ကမ္ဘာ၌ ရပ်တည်နိုင်ကြောင်း၊ "စည်းလုံးခြင်းသည် အင်အား" ဆိုသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းရင်းသားပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။


ဆက်လက်၍ တပ်မတော်တွင် သက်ဆိုင်ရာ တပ်ဌာနချုပ်များအလိုက် လုပ်ငန်းတာဝန်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်ဦးတစ်ယောက်တည်းဆောင်ရွက်၍မရဘဲ အားလုံးက မိမိတို့ သက်ဆိုင်ရာ တာဝန်အလိုက် ဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို နားလည်မှုရှိရန်လိုအပ်ပြီး ထုတ်ပြန်ထားသည့် တည်မြဲအမိန့်များကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရခြင်းသည် တပ်မတော်၏ အဓိကအသက်သွေးကြောဖြစ်သည့် စစ်စည်းကမ်း ကောင်းမွန်စေရန်ဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းကောင်းမွန်မှုမှ **စာမျက်နှာ ၃ ကော်လံ ၅ ❍**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလောတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား အမှာစကား ပြောကြားစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



## အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်



**နေပြည်တော် စက်တင်ဘာ ၁၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ ည ၇ နာရီ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ ■**



မြန်မာ့အလင်း

# ဒီမိုကရေစီအရွေ့ကောင်းကို ပုံဖော်ခြင်း

ဒီမိုကရေစီဟူသည် အတွေးအခေါ် အယူအဆများဖြင့် တည်ဆောက်ထားသည့် ကွန်မြူနစ်၊ ဆိုရှယ်လစ်တို့ကဲ့သို့ ဝါဒမဟုတ်၊ စနစ်တစ်ရပ်သာဖြစ်သည်။ နိုင်ငံတွင်းနေ ပြည်သူများ၏ ထိန်းကွပ်မောင်းနှင်အားဖြင့် လည်ပတ်နေသည့် နိုင်ငံရေးယန္တရားဟူ၍လည်း ဆိုနိုင်သည်။ ပြည်သူများ၏ ထိန်းကွပ်မောင်းနှင်အားဟု ဆိုရာတွင်လည်း ပြည်သူတို့က ဆန္ဒမဲများဖြင့် ရွေးချယ်တင်မြှောက်လိုက်သည့် အုပ်ချုပ်သူအစိုးရတို့က ပြည်သူတို့၏ ကိုယ်စား ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ကြရခြင်းဖြစ်သည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ခွင့်တူညီမျှခြင်းဟူသော ဒီမိုကရေစီ၏ အခြေခံလူ့အခွင့်အရေးများက လူသားတို့အတွက် ဆွဲငင်အားကောင်းလှသည့်အလျောက် ဒီမိုကရေစီဟူသော ဝေါဟာရကို မကြာမကြာ ရေလဲသုံးလေ့ရှိကြသည်။ မိမိတို့သည်သာ ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်သူ၊ မိမိတို့စနစ်သည်သာ အနှစ်သာရရှိသော ဒီမိုကရေစီ အစစ်အမှန် စသည်ဖြင့်...။ တစ်ချိန်က မိမိတို့နိုင်ငံတွင် တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်ခဲ့စဉ်ကပင် ဆိုရှယ်လစ်ဒီမိုကရေစီဟူ၍ ပြည်သူတို့ကို မျက်မှန်စိမ်းတပ်ခဲ့ဖူးသည်။

ရာစုနှစ်ဝက်တစ်ခုမျှ အချိန်ကာလတို့ ကုန်ဆုံးခဲ့ရပြီးနောက် ယခုအခါ မိမိတို့နိုင်ငံမှာ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကာလတစ်ရပ်ကို ဖြတ်သန်းနေကြရပြီဖြစ်သည်။ ချောချောမွေ့မွေ့ သာသာယာယာ ဖြတ်သန်းနေကြရခြင်းမဟုတ်ဘဲ အနှောင့်အယှက်၊ အဖျက်အဆီးနှင့် အခက်အခဲများစွာ၊ စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်၍ ရည်မှန်းရာဆီသို့ လျှောက်လှမ်းနေကြရခြင်း ဖြစ်သည်။ မျက်မှောက်ကာလ၏ ပစ္စက္ခ အခြေအနေတွင် မိမိတို့နိုင်ငံအတွက် လိုအပ်ချက်မှာ ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရှင်သန်ခိုင်မာရေးဖြစ်သည်။ မိမိတို့ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို ကျင့်သုံးကြရာတွင် စည်းမျဉ်းစည်းကမ်း၊ ဘောင်များကို ကျော်လွန်မသွားစေရေးဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် တန်းတူညီမျှမှုရှိရေးတို့ ဖြစ်သည်။

ထို့ပြင် "မိမိတို့ မျှော်မှန်းသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ပြည်သူများအကြား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရှင်သန်ခိုင်မာလာအောင် အားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် ဒီမိုကရေစီ စိတ်ဓာတ်နှင့် အလေ့အကျင့်တို့ကို အရင်းခံကာ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်မှု၊ ယုံကြည်လေးစားမှု၊ ချစ်ခင်ရင်းနှီးမှုများဖြင့် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ပူးပေါင်းဆောင်ရွက်သွားကြရမည့် အချိန်အခါလည်း ဖြစ်နေပါကြောင်း" ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် က စက်တင်ဘာ ၁၅ ရက်၊ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် အခမ်းအနားအဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည့် အချက်သည် လေးစားလိုက်နာဆောင်ရွက်ကြရမည့် အခြေအနေ အချိန်အခါနှင့် ကိုက်ညီသော အချက်များပင် ဖြစ်သည်။

တစ်ဖန် "ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ဒီမိုကရေစီ စံနှုန်းများနှင့်အညီ ပြည်သူများ ကျင့်ကြံနေထိုင်မှသာ ပိုမိုအားကောင်းသော ဒီမိုကရေစီစနစ်ကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ ပြည်သူများသည် ဒီမိုကရေစီအကျင့်ကောင်းများ ဖြစ်သည့် အများစု၏ဆန္ဒကို အနည်းစုက လိုက်နာ၊ အနည်းစု၏ ဆန္ဒကိုလည်း အများစုက အလေးထားစဉ်းစား၊ မိမိ၏လွတ်လပ်မှုသည် အများအတွက် မထိခိုက်စေခြင်း၊ မျှော်မှန်းသလောက် ခရီးမရောက်နိုင်သော်ငြား စိတ်ရှည်သည်းခံခြင်းတို့ကို နိုင်ငံသားတိုင်း မြတ်နိုးစွာ ကျင့်ကြံကြိုးစားကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအရွေ့ကောင်းတစ်ခုကို အတူတကွ ပုံဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း" ဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နိဂုံးချုပ်အမှာစကားပါ နှီးဆော်တိုက်တွန်းချက်များကလည်း ပကတိလိုအပ်ချက်များပင် ဖြစ်သည့်အလျောက် မိမိတို့အားလုံး ကျင့်ကြံကြိုးစားကြဖို့လိုသည်ဟု ရှုမြင်မိသည်။

မိမိတို့ မျှော်မှန်းကြသည့် လူ့ဘောင်သည် တရားမျှတသော၊ လွတ်လပ်သော၊ ခွင့်တူညီမျှ၍ ဝါဒဖြူစင်သော လူ့ဘောင်ဖြစ်သည်။ မျှော်မှန်းရာ ပန်းတိုင်သို့ချီတက်ကြရာတွင် စည်းကမ်းရှိရှိ၊ စည်းလုံးညီညွတ်စွာ ဇွဲ လုံ့လ ဝီရိယ သတ္တိ တို့ကို အရင်းခံ၍ မဖြစ်မနေ လျှောက်လှမ်းကြရမည်သာ ဖြစ်ပါကြောင်း။ ။

# လှိုင်သာယာစက်ရုံရှိ အလုပ်သမားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန် ကွင်းဆင်းဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လှိုင်သာယာမြို့နယ် ဦးစီးမှူးရုံးမှ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ကိုင်ဆောင်လက်မှတ်မရှိသော အလုပ်သမားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရေး လုပ်ငန်းစီမံချက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့က စက်မှုဇုန် ကနောင်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမောင်နှင့် စက်မှုဇုန်ဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားသည်။ လှိုင်သာယာတွင် နံပါတ်ရှိသော စက်မှုဇုန်ခုနစ်ဇုန်၊ အမည်ဖြင့်စက်မှုဇုန်ခုနစ်ဇုန်နှင့် ပြင်ပဇုန်တစ်ဇုန်တို့ဖြင့် စုစုပေါင်း စက်မှုဇုန် ၁၅ ဇုန်ရှိကာ စက်ရုံ၊ အလုပ်ရုံပေါင်း ၁၀၈၈ ရုံတွင် အလုပ်သမားတစ်သိန်းရှစ်သောင်းကျော် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

လှိုင်သာယာစက်မှုဇုန်တွင် မှတ်ပုံတင်နှင့် လေဘာကတ် ရှိမှသာ အလုပ်ခန့်ခြင်းဖြစ်၍ အခြားသူတစ်ဦး၏ မှတ်ပုံတင်ဖြင့် အလုပ်ဝင်ရောက်ခြင်း၊ ဓာတ်ပုံကပ်ခွာပြုလုပ်ခြင်းတို့ဖြင့် အလုပ်ဝင်ရောက်လုပ်ကိုင်သူများလည်းရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသော စက်ရုံလုပ်သားများအား မြို့နယ်လဝကမှ အချိန်တိုအတွင်းရရှိရန် ဆောင်ရွက်ပေးသွားမည်ဟု သိရပြီး ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ်တို့တွင်လည်း စက်ရုံလုပ်သား ၅၀၀ ခန့်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



"တချို့ဝန်ထမ်းတွေဆိုရင် အလုပ်ရဖို့ သူများမှတ်ပုံတင်ငှားပြီး အလုပ်ဝင်ရတာလည်းရှိတယ်။ စက်မှုဇုန်အသစ်ဆိုတော့ လာပြီးလုပ်ဆောင်ပေးတာတော့ မရှိသေးဘူး။ ဒါပထမဆုံးပဲ။ မြစိမ်းရောင်စက်မှုဇုန်မှာ စက်ရုံ ၁၆ ရုံပဲရှိမယ်။ တစ်ရုံမှာ အလုပ်သမား ၅၀၀ ကျော် ၆၀၀နီးပါးတော့ရှိတယ်။ စက်ရုံမှာတော့ မှတ်ပုံတင်ရှိတဲ့သူနဲ့ မရှိတဲ့သူက တစ်ဝက်စီတော့ရှိမယ်။ မှတ်ပုံတင်ငှားပြီး အလုပ်လျှောက်တာများတယ်။ အခုလိုလုပ်ဆောင်ပေးတော့ အားလုံးဝမ်းသာကြမှာပါ။ ကိုယ်တိုင်မအားကြတဲ့ အလုပ်သမားတွေအတွက် သီးသန့်ပြုလုပ်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်" ဟု မြစိမ်းရောင်စက်မှုဇုန်မှ မဖြိုးဖြိုးက ပြောသည်။

လှိုင်သာယာစက်မှုဇုန်တွင် အလုပ်သမားဦးရေ ၁၈၂၇၈၂ ဦးခန့်ရှိပြီး စက်ရုံအလုပ်သမားများ အကြောင်းအမျိုးမျိုးကြောင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးမပြုလုပ်ရသေးသူများအား နိုင်ငံတော်၏မူဝါဒအရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လှိုင်သာယာမြို့နယ်ဦးစီးမှူးရုံးမှ ကိုင်ဆောင်လက်မှတ်များရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ -သစ္စာ**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သီပေါ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်းရှိ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်တွင် ဆောင်ရွက်ခဲ့သည့် ရေပေးရေး၊ မီးလင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေး၊ ပြည်နယ်ရုံးခွဲဦးစီးမှူး ဦးဇော်ဝင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ကုန်းသာကျေးရွာ ကုန်ထုတ်လမ်း(၁/၃) မိုင် ဖောက်လုပ်မည့်လမ်းအူကြောင်းကို ကွင်းဆင်းကြည့်ရှုခြင်း၊ နမ့်ပုံ့ပန့်ကျေးရွာတွင် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်း၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်သော ရွာသစ်ကျေးရွာ ခန်းမဆောင်ဆောက်လုပ်မှု၊ ရွာဟောင်းကျေးရွာ မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံကိန်းစာရင်းဇယားပြုစုဆောင်ရွက်ထားရှိမှုများကို မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ နောင်ချိုမြို့နယ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာကုန်ထုတ်လမ်း ဂျင်းခင်းခြင်းလုပ်ငန်း အရှည်ပေ ၅၇၀၀ နှင့် လမ်းပေါ်ရှိ အရှည်ပေ ၂၀ ရေမြောင်းနှစ်ခု တူးဖော်မှု ကုန်ကျငွေကျပ် ၃၂ ဒသမ ၉၈ သန်းဖြင့် ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**နေပြည်တော် စက်တင်ဘာ ၁၆**

ကျောင်းသား ကျောင်းသူများ မူခင်းအသိပညာ ရရှိစေရန်၊ မူခင်းများမဖြစ်ပွားစေရန် မူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး ဆောင်ရွက်မှုကို ယမန်နေ့က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၂၂) တွင် ပြုလုပ်ခဲ့သည်။

ထိုသို့ အသိပညာပေး ဆောင်ရွက်ရာတွင် အမှတ်(၁) မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မိုးအောင်၏ ဦးဆောင်မှုဖြင့် နေပြည်တော်မူးယစ်တပ်ဖွဲ့စု (၁၀၁) မှ ဒုရဲအုပ် အောင်ဖြိုးဝေ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်အိအိခိုင်နှင့်အဖွဲ့၊ လူကုန်ကူးတပ်ဖွဲ့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြသရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြိုးတင်ဇာကိုနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# စလင်းမြို့ရှိ ရွှေမုဋ္ဌောဘုရား၌ သန့်ရှင်းရေးဆောင်ရွက်

**စလင်း စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန်အတွင်းရှိ ရွှေမုဋ္ဌောဘုရားကြီး၏ တံတားစောင်းတန်းနှင့် ရင်ပြင်တော်ကို ယမန်နေ့က နယ်မြေခံတပ်ရင်းသုံးရင်းမှ မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်နှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသား ရိုးရာအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသောရောင်စုံဓာတ်ပုံဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများကို ယှဉ်ပြိုင်ခြင်းမပြုရပါ။

(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား ၁၀လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD)ကို ပူးတွဲပေးပို့ရမည်။

(ဇ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကိုအများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲတင်ပြရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများကို **ပထမဆု** ကျပ်ငါးသိန်း၊ **ဒုတိယဆု** ကျပ်သုံးသိန်းငါးသောင်း၊ **တတိယဆု** ကျပ်နှစ်သိန်းနှင့် အထူးဆုကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၀၊ ၀၁-၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ပူနေးမြို့၌ ဘင်းမ်စတက်တပ်မတော်အကြီးအကဲများ သီးသန့်အစည်းအဝေး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

**အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန်နံနက် ၁၀ နာရီတွင် ပူနေးမြို့ရှိ စစ်ဘက်အင်ဂျင်နီယာကောလိပ် (College of Military Engineering-CME) ၌ ကျင်းပသည့် BIMSTEC Army Chiefs' Conclave ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်သည်။**




အဆိုပါ အစည်းအဝေးအား အိန္ဒိယ ကြည်းတပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်ကာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အတူ BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအဖြစ် ဘူတန်ဘုရင့်တပ်မတော်မှ Deputy Chief Operations Officer, Brigadier Dorji Rinchen၊ ထိုင်းဘုရင့်တပ်မတော်မှ Deputy Chief of Staff (Operations), Lieutenant General Choochart Buakhao၊ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် Chief of Army Staff , General Aziz Ahmed၊ သီရိလင်္ကာ ကြည်းတပ်ဦးစီးချုပ် Commander of Sri Lanka Army, Lieutenant General NUMMW Senanayake နှင့် အိမ်ရှင်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် Chief of Army Staff, General Bipin Rawat တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အိန္ဒိယ ကြည်းတပ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး General Officer Commanding- in- Chief of Southern Command of Indian Army ဖြစ်သူ Lieutenant General Dewan Rabindranath Soni, PVSM, VSM က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့် အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက "Possibility of Creating Viable Regional Security Architecture to deal With Threats: Terrorism and Transnational Crime" ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး အလုပ်သဘော နေ့လယ်စာကို သုံးဆောင်ခဲ့ကြသည်။

အစည်းအဝေးတွင် တန်ပြန်အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများအား ကာကွယ်တားဆီးနိုင်ရန်အတွက် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ သတင်းအချက်အလက်နှင့် အတွေ့အကြုံများအား မျှဝေဖလှယ်ရေး၊ လုံခြုံမှုရှိပြီး အေးချမ်းသာယာသော ဒေသဖြစ်စေရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအပြီးတွင် အမေးအဖြေအစီအစဉ်အား ဆက်လက်ပြုလုပ်ကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

○ *ရှေ့စာမှ*

တပ်မတော်ကောင်းဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်က အားထားရသည့် ပြည်သူများက အားကိုးရသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လက်ရှိ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရခြင်းနှင့် ပါတီစုံလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာ၌ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားကို မထိခိုက်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို မထိခိုက်ရန်နှင့် ပြည်သူများ၏အခွင့်အရေးများကို မထိခိုက်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာများအား ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်ရှိမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လက်ခံရယူသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတ၊ ရသစာအုပ်စာစောင်များအား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ဘက်စုံထူးချွန် လူရည်ချွန်ဆုရရှိကြသူများအား ဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဘက်စုံထူးချွန် လူရည်ချွန်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ဒုဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း၊ ဘိုးရာဇာခန်းမအလှူရှင် သုဓမ္မဏိဇောတရေ ဦးဇော်ဝင်း (မြို့မိမြို့ဖ) တို့က နှုတ်ခွန်းဆက်စကားများပြောကြားပြီး သုံးထပ်ကွမ်း လူရည်ချွန် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စွမ်းရည်ထက်၊ နှစ်ထပ်ကွမ်း လူရည်ချွန် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မဖြူစင်သန့်၊ အဋ္ဌမတန်းမှ တစ်ထပ်ကွမ်းလူရည်ချွန်များဖြစ်ကြသော မောင်ဖုန်းမြတ်ပိုင်နှင့် မမြတ်သီရိသူ တို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **သန်းဝင်း(သန်လျင်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး) အသည်းရောင်အသားဝါ (ဘီ)ပိုး ကာကွယ်ဆေးစက်ရုံ စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး) အသည်းရောင်အသားဝါ (ဘီ)ပိုး ကာကွယ်ဆေးစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက အသည်းရောင်အသားဝါ (ဘီ)ပိုး ကာကွယ်ဆေးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ဆေးဝါးထုတ်လုပ်မှုအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) GMP Guide Line နှင့်အညီ တစ်သဝေမတိမ်း တိကျစွာလိုက်နာဆောင်ရွက်ရေး၊ အသည်းရောင်အသားဝါ (ဘီ) ပိုး ကာကွယ်ဆေးထိုးနှံခြင်းကို နယ်လှည့် ကာကွယ်ဆေးထိုးရေး ယာဉ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဝန်ဆောင်မှုပေး လိုက်လံထိုးနှံနိုင်ရေး၊ ဆေးအာနိသင် တုံ့ပြန်မှုရှိရေးအတွက် ကာကွယ်ဆေး ပြန်လည်ထိုးနှံရမည့်အချိန်ကို ကွန်ပျူတာထိန်းချုပ်စနစ်ကို စနစ်တကျအသုံးပြု၍ ပြည်သူများသို့ အသိပေးနိုင်ရန်နှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး စသော ကာကွယ်ဆေးများ တိုးချဲ့ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး) မှ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးအား နှစ်စဉ်လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး Mobile Team အဖွဲ့ဖြင့် မြို့ရွာများရှိ ဌာနဆိုင်ရာများ၊ စက်ရုံ အလုပ်ရုံများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့အစည်းများသို့ လိုက်လံပြီး ဝန်ဆောင်မှုပေး၍ ကာကွယ်ဆေးထိုးနှံပေးနေကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖော့ကန်ရှိ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ JMA ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလျက်ရှိသော လျှပ်စစ်စက်ဘီး တပ်ဆင်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိပြီး စက်ပစ္စည်းများ အမြန်မှာယူ တပ်ဆင်နိုင်ရေး၊ အဖိုးနှုန်းချိုသာစွာဖြင့် အများပြည်သူများ အသုံးပြုနိုင်ရေး၊ ရေရှည်ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေတာရှည်၌ သဲဖုံးလွှမ်းသွားသည့်စပါးစိုက်ခင်းများကို ရှင်းလင်း၍ မြေပဲများပြန်လည်စိုက်ပျိုးရန် စက်မှုလယ်ယာက ကူညီ



**ရေတာရှည် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာ မြောက်ဘက်ရှိ ဆွာချောင်း ရေကြီးရေလျှံစဉ်က သဲများ ဖုံးလွှမ်းခဲ့သဖြင့် မိုးစပါးစိုက်ခင်း ၅၈ ဒသမ ၆၃ ဧက ပျက်စီးသွားခဲ့ပြီး ဒေသခံတောင်သူများ ဒေသနှင့်ကိုက်ညီမည့် မြေပဲများစိုက်ပျိုးနိုင်ရန် စက်မှုလယ်ယာ ဦးစီးဌာနက ဘက်ဟိုးယာဉ်လေးစီး၊ ထွန်စက်ခုနစ်စီးဖြင့် သဲများ ဖယ်ရှား၍ မြေညှိခြင်းလုပ်ငန်းများကို စက်တင်ဘာ ၇ ရက်မှ ယနေ့အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်ဦးက ပြောသည်။

"အခု ကျွန်တော်တို့ ဆောင်ရွက်ပေးနေတာကတော့ ကွင်းအမှတ် ၆၂၂ ပါ။ တောင်သူ ၂၇ ဦး ပိုင်ဆိုင်တဲ့ စပါးစိုက်ခင်း ၅၈ ဒသမ ၆၃ ဧကကို သဲတွေဖုံးကုန်တာ။ သဲထုက တစ်ပေ၊ နှစ်ပေ၊ သုံးပေအထိရှိတယ်။ စပါးတော့ ပြန်စိုက်လို့မရတော့ဘူး။ သဲမြေဖြစ်သွားတော့ မြေပဲက အကောင်းဆုံးပဲ။ တောင်သူအားလုံးကလည်း ဆန္ဒရှိပါတယ်။ လက်ရှိ မြေပြုပြင်ပြီးသွားတာ မနေ့ကအထိ ၂၆ ဧကပြီးသွားပါပြီး ကျန်တဲ့ ဆွာချောင်းဝန်းကျင်က တောင်သူတွေ စပါးခင်းတွေ ပျက်စီးတဲ့နေရာကို စက်နဲ့သွားလို့တော့မရသေးပါဘူး။ ကွင်းဆင်းကြည့်တာတော့ ဆောင်ရွက်ပြီးသွားပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သူနာပြုတက္ကသိုလ် မန္တလေး နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**မန္တလေး စက်တင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် မန္တလေး၌ ကျင်းပသော သူနာပြုတက္ကသိုလ် မန္တလေး နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျန်းမာရေးကဏ္ဍတွင် သူနာပြုများ၏ အခန်းကဏ္ဍသည် ဆရာဝန်များ၊ အခြားဆေးဘက်ဆိုင်ရာပညာရှင်များနည်းတူ အရေးကြီးပြီး အဓိကစွမ်းဆောင်လုပ်ကိုင်သူ (key player) များဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်သာမက လူနာတစ်ဦးချင်း ရောဂါသက်သာပျောက်ကင်းရန်အတွက်ပါ လူနာများနှင့် အမြဲတစေ ထိတွေ့ဆက်ဆံနေရသော သူနာပြုများ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်နေကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အားနည်းနေသော လူနာများ၏အကျိုးကို ရှေးရှု၍ ကြင်နာတတ်သော စိတ်ထား၊ နွေးထွေးသော ဆက်ဆံရေးတို့ဖြင့် ဖလော့ရင့်စ်နိုက်တင်ဂေးနှင့် မာသာထရီဇာ တို့ကဲ့သို့ စေတနာထားကာ ဆေးပညာကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်သွားစေလိုကြောင်း၊သူနာပြုတက္ကသိုလ် (မန္တလေး) အနေဖြင့် နောင်နှစ်ပေါင်းများစွာ ရေရှည်တည်တံ့စွာဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူများအကျိုး ထမ်းဆောင် ဆောင်ရွက်မည့် သူနာပြုပေါင်းများစွာ မွေးထုတ်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကား ပြောကြားရာတွင် သူနာပြုတက္ကသိုလ် မန္တလေးသည် ၁၉၉၈ ခုနှစ်မှ ယခု ၂၀၁၈ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ကာလ ပီပြင်စွာရပ်တည်နေခြင်းမှာ နှစ် ၂၀ ကာလအတွင်း ပါမောက္ခချုပ်၊ ပါမောက္ခ၊ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများအားလုံး၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဖြစ်ကြောင်းနှင့် အဆိုပါ ပုဂ္ဂိုလ်များကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း၊ သူနာပြုတက္ကသိုလ် (မန္တလေး) ကို စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၈ ခုနှစ်မှ ယနေ့အထိ သူနာပြု ၃၄၄၇ ဦးမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ သူနာပြုများ၏ စွမ်းရည်နှင့် ပြုစုကုသမှုကောင်းမွန်ပါက လူနာများ လျင်မြန်စွာ ရောဂါသက်သာပျောက်ကင်းပြီး ဆေးရုံတက်ရောက်ရချိန် နည်းပါးလာမည်ဖြစ်ပြီး လူနာတစ်ဦးချင်းစီအတွက်၊ လူနာ၏ မိသားစုဝင်များအတွက် အကျိုးများသကဲ့သို့ နိုင်ငံဘဏ္ဍာများ ကုန်ကျမှုသက်သာစေနိုင်သဖြင့် နိုင်ငံအတွက်ကိုလည်း အကျိုးများစေမည်ဖြစ်ကြောင်း၊ ထိုသို့ သူနာပြုများ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ဖြစ်သဖြင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနအနေဖြင့် သူနာပြုများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် သူနာပြုတက္ကသိုလ်များ၊ သင်တန်းကျောင်းများတွင် ဘဏ္ဍာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက သူနာပြုတက္ကသိုလ် မန္တလေး နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

အရင်းအမြစ်များစွာ အကုန်အကျခံ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) နှင့် သူနာပြုတက္ကသိုလ် (မန္တလေး) တို့တွင် ယခင်နှစ်များက နှစ်စဉ် သင်တန်းသား၊ သင်တန်းသူ ၂၀၀ စီသာ သင်ကြားလေ့ကျင့်ပေးလျက်ရှိရာမှ လာမည့်နှစ်မှစတင်၍ နှစ်စဉ် သင်တန်းသား၊ သင်တန်းသူ ၂၅၀ စီ တိုးမြှင့်ခေါ်ယူသင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတစ်ဝန်းရှိ သူနာပြုသင်တန်းကျောင်းများတွင် ယခင်နှစ်များက နှစ်စဉ်သင်တန်းသား ၁၈၀၀ သာ ခေါ်ယူရာမှ ယခုလာမည့်စာသင်နှစ်မှစတင်၍ ၃၆၀၀ တိုးမြှင့်ခေါ်ယူ သင်ကြားလေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြုတက္ကသိုလ် (မန္တလေး) ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဘက်စုံပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သူနာပြုတက္ကသိုလ် (မန္တလေး) နှစ် (၂၀) ပြည့်အထိမ်းအမှတ် အခမ်းအနားပြခန်း၊ တက္ကသိုလ်စာကြည့်တိုက်နှင့် e-library ဆောင်ရွက်နေမှု၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများဖြင့် လက်တွေ့သင်ကြားလေ့ကျင့်ခန်း (skill lab) များနှင့် အထိမ်းအမှတ်ဈေးရောင်းပွဲတို့အား လှည့်လည်ကြည့်ရှုရာ သူနာပြုတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ခင်သက်ဝေက ဦးဆောင်၍ ရှင်းလင်းပြသခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာ သာထွန်းကျော်၊ ဆေးနှင့်ဆေးဘက်ဆိုင်ရာ နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပါမောက္ခများ၊ ဌာနမှူးများ၊ အငြိမ်းစား ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ သူနာပြုတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများပြပွဲသို့ လာရောက်လေ့လာသူများပြား

**စေတုတ္တရာ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိပြတိုက်ငယ်တွင် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများပြပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ အဆိုပါပြပွဲသို့ လာရောက်လေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့က ပြသခန်းမှာ ဒေသခံချင်း လေးမျိုးရဲ့ပစ္စည်း ၁၂၇ မျိုးကို ခင်းကျင်းပြသထားပါတယ်။ ရောက်ရှိလာတဲ့ ဒေသခံတွေအနေနဲ့ ရိုးရာပစ္စည်းတွေပေါ်မှာ အလေးအနက်ထားတတ်ဖို့နဲ့ လူငယ်လူရွယ်များ ဒေသမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းလိုစိတ်ရှိအောင် ရည်ရွယ်၍ ပြခန်းကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများက ပြခန်းခင်းကျင်းပြသထားရှိမှုအား စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြတဲ့အတွက် အလွန်ပဲ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဋ္ဌေးထံမှ သိရသည်။

အဆိုပါ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ပြပွဲတွင် ပြကွက် ငါးကွက်ဖြင့် ပြသလျက်ရှိရာ ဒေသဆိုင်ရာ သတင်းအချက်အလက်ပြကွက်များအနေဖြင့် ဒေသမြေပုံ၊ အခြားသတင်း အချက်အလက်များ၊ ဘုတ်ပြား၊ ဗီနိုင်းများကို လည်းကောင်း၊ ဒေသတွင်းလူမျိုးစုံပြကွက်အနေဖြင့် ချင်းဝတ်စုံ၊ တဘက်၊ ကြေးဆွဲခြူးပုတီးလုံး၊ ကြေးလက်ကောက်၊ လက်စွပ်၊ ကြေးဆံထိုး၊ မင်းကျချင်းပုတီးများ၊ ချင်းရိုးရာ ကျောက်ပုတီး၊ ခေါင်ရေသောက် ကြိမ်ခွက်များကို လည်းကောင်း၊ ဒေသတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပြကွက်အနေဖြင့် အင်းဝခေတ်မြေဆေးတံ၊ ကြေးလက်နက်၊ ကျောက်လက်နက်၊ ပျူဒင်္ဂါး၊ အရိုးပြာအိုးများကို လည်းကောင်း၊ ငွေကြေးဆိုင်ရာ ပြကွက်အနေဖြင့် အင်္ဂလိပ်ဒင်္ဂါးများ၊ ရှေးပိုက်ဆံများကို လည်းကောင်း၊ အခြား လူ့အသုံးအဆောင်ပစ္စည်းများ ပြကွက်အနေဖြင့် ဆွမ်းအုပ်၊ တောင်း၊ ဂမ္ဘီရ အစီအမံပစ္စည်းများ၊ ကွမ်းအစ်၊ ကြေးဆေးတံ၊ ခြင်္သေ့ရုပ်ပုံအလေး၊ ဟင်္သာအလေး၊ ဆေးထောင်းဆုံ၊ လက်ဖက်အုပ်များကိုလည်းကောင်း ကဏ္ဍစုံလင်စွာဖြင့် ပစ္စည်းအမျိုးပေါင်း ၁၂၇ မျိုးကို စက်တင်ဘာလကုန်အထိ ပြသဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပစ္စည်းများအနက် ၅၃ မျိုးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စေတုတ္တရာမြို့နယ်ရုံး ပြတိုက်ငယ်သို့ အပြီးအပိုင် လှူဒါန်းသွားမည်ဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဋ္ဌေးထံမှ သိရသည်။



အဆိုပါနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စေတုတ္တရာမြို့နယ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးမြတ် (မင်းဘူး)**

**■ ရှေ့ဖုံးမှ**

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ **မိုး/ဇလ**

# ညောင်ရွှေ၌ ကြံစိုက်တောင်သူများအား နည်းပညာသင်တန်းပေး

**တောင်ကြီး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ပေါ်ရိသတ်ကျေးရွာတွင် ကျင်းပသည့် ကြံသီးနှံစိုက်ပျိုးသည့် တောင်သူများအား နည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲကို ယမန်နေ့ကကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်က သီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ဘက်စုံသီးနှံကာကွယ်ရေးနှင့် ဈေးကွက်အလားအလာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းလှဲ့က ကြံတွင်ကျရောက်တတ်သော ပိုးမွှားရောဂါများ သိကောင်းစရာများ၊ ကျောက်နီကြံသုတေသနခြံမှ ခြံတာဝန်ခံ ဦးဇော်ဇော်က ကြံစိုက်ပျိုးနည်းနှင့်ပတ်သက်သည့် သုတေသနတွေ့ရှိချက်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးပက်ထရစ်မြူးက မြေဆီလွှာအကြောင်း သိကောင်းစရာနှင့် မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲရေး အကြောင်းများနှင့် ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမင်းဟန်ဆွေက ကြံတောင်သူများ၏ အခက်အခဲများ သိရှိလိုသည်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများကလည်း မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**




# တနိုင်း၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**တနိုင်း စက်တင်ဘာ ၁၆**

တနိုင်းမြို့နယ် ကောင်ရာကျေးရွာအတွင်း ရေထုတ်ပြွန်တည်ဆောက်ပြီးစီးမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် လက်တူးတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာလ ဒုတိယပတ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝေထွန်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အရေးကြီးသည့် တိရစ္ဆာန်ကျန်းမာရေး

ဒေါက်တာသန်းအောင်စိုး

**သည်ခေါင်းစဉ်ကိုဖတ်ရတော့ အချို့ပြုံးမည်၊ အချို့မဲ့မည်။ အချို့က 'လူ့ကျန်းမာရေးက အရေးကြီးဆုံးပါကွာ'ဟု ဆိုကြမည်။ မှန်ပါသည်၊ အဆိုပါ လူသားများကျန်းမာရေးအတွက် တိရစ္ဆာန်ကျန်းမာရေးက အရေးကြီးသောကဏ္ဍမှ ပါဝင်နေပါသည်။ လူ့လောကသည် လူသားများဖြင့်သာ ဖွဲ့စည်းထားသည်မဟုတ်ပါ။ လူတွေပါသည်။ သစ်တော၊ သစ်ပင် တောတောင်တွေ ပါသည်။ မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာတွေ ပါသည်။ ထို့အတူ တိရစ္ဆာန်မျိုးစုံဖြင့်ပါ ပါဝင်ဖွဲ့စည်းထားသော သတ္တလောကကြီး ဖြစ်ပါသည်။ သဘာဝတောရိုင်းတိရစ္ဆာန်တွေ ရှိမည်။ မွေးမြူရေးအတွက် မွေးမြူထားသော ကျွဲ၊ နွား၊သိုး၊ ဆိတ်၊ ကြက်၊ ဝက် စသည်ဖြင့် ရှိမည်။ ခွေးကြောင်စသည့် Pet Animals ဟုခေါ် သည့် အချစ်တော် တိရစ္ဆာန်လေးများလည်း ရှိကြသည်။**

### ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိ

လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်က Micro Organism ဟုခေါ်သော အဏုဇီဝပိုးမွှားများပင် ဖြစ် သည်။ ရောဂါအသစ်အဆန်းများ ပေါ်လာသလို တစ်ကျော့ပြန် ခေါင်းထောင်လာသော ရောဂါများကလည်း ပြန်လည်ဖြစ်ပေါ် လာကြသည်။ ဆောင်းခိုငှက်များမှ ကူးစက်သည့် (H1N1) ကြက်ငှက်တုပ်ကွေးရောဂါ၊ Civet ဆိုသည့် ကြောင်ကတိုးမှ ကူးစက်သည့် (SARS) အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ပြင်းထန်အဆုတ်ရောင်ရောဂါ၊ မျောက်များမှကူးစက်သည့်( HIV) ကိုယ်ခံစွမ်းအားလျော့နည်းကျဆင်းရောဂါတို့၏ မူလအစသည် တောရိုင်းတိရစ္ဆာန်များပင် ဖြစ်ပါသည်။ မွေးမြူရေးတိရစ္ဆာန်များတွင်ဖြစ်သည့် ကျွဲ၊နွား ထောင့်သန်းရောဂါ၊ ကြက်တုပ်ကွေး၊ ဝက်တုပ်ကွေးများအပြင် ခွေးကြောင်များမှ ကူးစက်နိုင်သည့် ခွေးရူးရောဂါ ၊ သန်ပြားကောင်ရောဂါ ၊ Lepto Spirosis ဟုခေါ်သော ဆီးသွေးပါရောဂါ စသည့် ရောဂါတို့သည် တိရစ္ဆာန်များမှ လူသားများကို ကူးစက်နိုင်သည့် ထင်သာမြင်သာ ရောဂါများပင်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းရောဂါများ မဖြစ်ရလေအောင် ကာကွယ်ဆေးများ ထိုးနှံကြသည်။ ကျွမ်းကျင်သူ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့်တိုင်ပင်ကြသည်။ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAHP) ဖြင့် မွေးမြူရန် ကြိုးစားလာကြသည်မှာ လူ့ကျန်းမာရေးအတွက် တိရစ္ဆာန်များ ကျန်းမာစေရန်ပင်ဖြစ်ပါသည်။

လူတို့သည် နေ့စဉ်တိရစ္ဆာန်များနှင့် ထိတွေ့နေရသည်။ မွေးမြူရေးမလုပ်လို့၊ တိရစ္ဆာန်မချစ်တတ်လို့ မမွေးပါဟု ဆိုစေဦး၊ နေ့စဉ်စားသောက်နေရသည့် အစာ' အသား၊ ငါး၊ နို့၊ ဥ'တို့သည် တိရစ္ဆာန်ထွက်ပစ္စည်းများပင် ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသော အစာ၊ ဘေးကင်းသော အစာရရှိရန်အတွက် တိရစ္ဆာန်ကျန်းမာရေး အရေးကြီးပါသည်။ မြင်သာသော ရောဂါကူးစက်မှု များသာမက မမြင်သာသော ရောဂါဖြစ်သည့် ဆေးယဉ်ပါးမှု ပြဿနာကလည်း လူတို့၏ ကျန်းမာရေးအတွက် မီးမောင်းထိုးပြ လျက်ရှိသည်။

### ပဋိဇီဝ ဆေးယဉ်ပါးမှု တိုက်ဖျက်ရေး

ကမ္ဘာပေါ်တွင် Antimicrobial Resistant (AMR) ပဋိဇီဝ ဆေးယဉ်ပါးမှုပြဿနာက တစ်စထက်တစ်စ ကြီးထွားလာသည်။ ထို့ကြောင့် OIE (ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့)၊ FAO (ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့)၊ WHO (ကမ္ဘာ့ကျန်းမာရေး အဖွဲ့) ဟူသည့် ကမ္ဘာ့အစုအဖွဲ့ကြီးသုံးခု ပူးပေါင်းလျက် AMR ကိစ္စကို ဆောင်ရွက်နေပါသည်။ ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၅ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်သူ့လွှတ်တော်မှ ဒေါက်တာစံရွှေဝင်း၊ ဒေါက်တာသန်းအောင်စိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ခာတ်ခွဲ) ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်၊ OIE အာရှပစိဖိတ် ဌာနေကိုယ်စားလှယ် Dr. Kugita နှင့်အဖွဲ့၊ FAO မှ Dr.Agnas၊ ဒေါက်တာအုန်းကျော်နှင့် WHO မှ ဒေါက်တာမြရည်မွန်တို့ တက်ရောက်ခဲ့သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနှင်းသီတာမြင့်၊ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိန်းမော်နှင့် အမျိုးသားကျန်းမာရေး ခာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ခာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်တို့က ဆွေးနွေးတင်ပြသည်။

> **"လူတို့သည် နေ့စဉ်တိရစ္ဆာန်များနှင့် ထိတွေ့နေရသည်။ မွေးမြူရေးမလုပ်လို့၊ တိရစ္ဆာန်မချစ်တတ်လို့ မမွေးပါဟု ဆိုစေဦး၊ နေ့စဉ် စားသောက်နေရသည့်အစာ 'အသား၊ ငါး၊ နို့၊ ဥ'တို့သည် တိရစ္ဆာန်ထွက်ပစ္စည်းများပင် ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသော အစာ၊ ဘေးကင်းသောအစာရရှိရန်အတွက် တိရစ္ဆာန်ကျန်းမာရေး အရေးကြီးပါသည်"**

မြန်မာနိုင်ငံ AMR အမျိုးသားအဆင့် ပဋိဇီဝ ဆေးယဉ်ပါးမှု တိုက်ဖျက်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေကြောင်းပါ သိရှိရပါသည်။ ပဋိဇီဝဆေးသုံးစွဲမှု၏ ၈၀ ရာခိုင်နှုန်းသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများဖြစ်ပြီး လူများက ၂၀ ရာခိုင်နှုန်း သုံးစွဲကြောင်းတင်ပြသည်။ ဤကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၌ ပဋိဇီဝ ဆေးသုံးစွဲမှု မြင့်မားနိုင်ကြောင်း စာရေးသူက လူမှုစာမျက်နှာတွင် တင်ပြခဲ့ဖူးသည်။ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဆေးကု ဆရာဝန်အများက လက်မခံနိုင်ကြပါ။ မြန်မာတွင်သာမဟုတ် ကမ္ဘာပေါ်တွင်လည်း တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတွင် ပဋိဇီဝဆေးသုံးစွဲမှုများသည်က ကမ္ဘာ့တိရစ္ဆာန် ဆေးကုဆရာဝန်များကလည်း လက်မခံနိုင်ကြပါ။ 'ဘယ်စာရင်းဇယားကို အတည်ပြုပြောဆိုပါသနည်း' ဟု မေးခွန်းထုတ်ခဲ့ကြောင်း OIE ဌာနကိုယ်စားလှယ်မှ ပြောပါသည်။

အဏုဇီဝပိုးများ ဆေးယဉ်ပါးမှုကို ဆန်းစစ်ကြည့်လျှင် ပဋိဇီဝဆေးများကို အလွဲသုံးမှု၊ အလွန်အကျွံသုံးမှု၊ ဆေးချိန်ပမာဏလျော့သုံးမှု၊ ဆေးကုသရမည့်ကြာချိန်အတိုင်း ဆေးမကုသမှု၊ မလိုအပ်ဘဲသုံးမှု၊ ဆေးကုသနေစဉ်နှင့် သတ်မှတ်ရက်အတွင်း အသား၊ နို့၊ ဥ တို့ကို မသုံးစွဲရ၊ မစားသုံးရဆိုသည့် သတ်မှတ်ချက်ကို မလိုက်နာမှုတို့ကြောင့် ဖြစ်စေပါသည်။

### ဆေးယဉ်ပါးမှုဖြစ်စဉ်

လူကျန်းမာရေးအတွက် ဆေးကုကြရာတွင် အခြေအနေအရ ကွမ်းယာဆိုင်၊ ဆေးဆိုင်များတွင် နှာစေး၊ ချောင်းဆိုး၊ ဖျားနာအတွက် 'စပ်ဆေး'ဟုခေါ်သည့် ဆေးကို ဝယ်ယူသောက်သုံးခြင်း၊ တစ်ခွက်၊ နှစ်ခွက်စာ ဆေးသောက်ပြီး ရောဂါသက်သာသွားပါက ဆက်မသောက်တော့ခြင်းတို့ကြောင့် ဆေးယဉ်ပါးမှုများ ဖြစ်ပွားကြသည်။ $3^{rd}$ generation, $4^{th}$ generation ဟုခေါ်သည့် အဆင့်မြင့် ပဋိဇီဝဆေးများကို မသိဘဲ၊ နားမလည်ဘဲ သုံးစွဲခြင်းတို့ကြောင့်လည်း ဖြစ်ပွားသည်။ ရမ်းကု (Quack) များကြောင့်လည်း ဖြစ်နိုင်သည်။

တိရစ္ဆာန်ကျန်းမာရေးတွင် များသောအားဖြင့် တိရစ္ဆာန်ဆေးကုဆရာဝန်များကို တစ်ကြိမ် နှစ်ကြိမ်ပြပြီးပါက အသုံးပြုသောဆေးဝါးကို မှတ်သားပြီး မိမိတိရစ္ဆာန်ကို မိမိဘာသာ ဆေးထိုးသည်။ ဆေးတိုက်သည်။ မွေးမြူရေးလောကတွင် ပဋိဇီဝဆေးအများစုမှာ အသုံးပြုရလွယ်ကူအောင် တိုက်ဆေးအဖြစ် ဖော်စပ်ထားကြသည်။ ယခင်တစ်ကြိမ်ဖြစ်ဖူးသည်နှင့် ပုံစံတူပါက ထိုဆေးကို မိမိဘာသာဝယ်တိုက်သည်။ ဆေးအချိန်ဆေးအဆမည်မျှကို ရေနှင့်ရောရမည်၊ အစာနှင့်ရောရမည်၊ မနက်အစော ရေတွင်ထည့်တိုက်ရမည်၊ မည်မျှနာရီကြာလျှင် ယင်းရေကို သွန်ပစ်ရမည်။ ရက်မည်မျှတိုက်ရမည်။ မည်သည့် ဆေးများနှင့်တွဲ၍ မတိုက်ရ၊ မကျွေးရ၊ ဆေးတိုက်နေချိန်၊ ဆေးထိုးနေချိန်၊ ဆေးကုသမှုခံယူနေချိန်တွင် ထိုတိရစ္ဆာန်မှ ထွက်ရှိသော အသား၊ နို့၊ ဥ တို့ကို မစားသုံးရ၊ ဆေးကု၍ ကျန်းမာပြီးသော်လည်း ငါးရက်၊ ခုနစ်ရက်အထိ ပယ်ရမည် စသည်ဖြင့် သတ်မှတ်ထားချက်များကို လိုက်နာရန် လိုအပ်ပါသည်။

အချို့မွေးမြူသူများက 'ရောဂါမဖြစ်အောင်ကာကွယ်သည်' ဟုဆိုကာ ပဋိဇီဝဆေးများကို ဆေးချိန်လျှော့၍ အစာ၊ သောက်ရေတွင် အမြဲထည့်နေသည်။ အချို့က အသားတိုးဖြည့်စွက်စာ (Growth Promoter) အနေဖြင့် ပဋိဇီဝဆေးကို ထည့်ကြသည်။ အလွန်မလုပ်အပ်သော ကိစ္စတစ်ရပ်ဖြစ်ပါသည်။

### အသိပညာပေးရန်လိုအပ်

'ဤကဲ့သို့ ကိစ္စရပ်များကို မည်သို့တားဆီးမည်နည်း'။ ပဋိဇီဝဆေးများကို ဆရာဝန် ဆေးညွှန်းစာဖြင့် မှတ်ပုံတင်ရောင်းချခြင်း၊ ပဋိဇီဝဆေးသုံးစွဲမှုလမ်းညွှန် (Antibiotic Guideline)၊ ဆေးညွှန်းအတိုင်း အတိအကျလိုက်နာဆောင်ရွက်ခြင်း၊ အစားအသောက်ဥပဒေ ( Food Law)၊ ဆေးဝါးဥပဒေ(Drug Law) များရှိသကဲ့သို့ တိရစ္ဆာန်အစာဥပဒေ (Animal Feed Law)၊ တိရစ္ဆာန်ဆေးဝါးဥပဒေ(Animal Drug Law) များ ရေးဆွဲ၍ တိရစ္ဆာန်မွေးမြူမှု၊ ထုတ်လုပ်မှု၊ တင်ပို့မှု၊ ရောင်းချမှုများကို သေသေချာချာ ကြပ်မတ်လိုက်နာစေရန် လိုပါသည်။ ပြည်သူများကိုလည်း ပဋိဇီဝဆေးယဉ်ပါးမှု ပြဿနာများကို သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်မြင်သံကြားတို့မှ ပညာပေးခြင်းနှင့် လူမှုစာမျက်နှာများကပါ အချင်းချင်း ဖေးမ ရိုင်းပင်း အသိပညာပေးကြရန် လိုအပ်ပါသည်။

### ဆွေးနွေးမှုရလဒ်များ

ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့် ဆောင်ရွက်၍ရသောကိစ္စမဟုတ်သဖြင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ ဆေးဝါးဗေဒပညာရှင်များ၊ ခာတ်ခွဲပညာရှင်များ၊ မွေးမြူထုတ်လုပ်ရောင်းချသူများ၊ ပြည်သူလူထုများစသည့် (Stakeholder) များ အားလုံးပါဝင်ရန် လိုအပ်ပါသည်။ အဓိကအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတို့က လူအများဂရုပြုမိစေရန် ဟောပြောစည်းရုံးခြင်း၊ ဖြစ်ပွားမှုများ တိုင်းတာခြင်း၊ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်း၊ ပဋိဇီဝဆေးများ အသုံးပြုမှုကို ပညာပေးခြင်း၊ ထိန်းချုပ်ခြင်း၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ခြင်းတို့ကို လုပ်ငန်းစဉ်များအလိုက် ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ (One Health Approach) 'တစ်ခုတည်းသော ကျန်းမာရေး' ချဉ်းကပ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဥပဒေပြုခြင်း၊ ပြည်သူများ သတိထားမိအောင် ပညာပေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအဆင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ခာတ်ခွဲခန်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တွေ့ရှိသော အချက်အလက်များကို နိုင်ငံတကာစံများနှင့် အညီ စာရင်းအင်းပုံစံများ ထားရှိဆောင်ရွက်ခြင်း (Data Base System) ၊ AMR လုပ်ငန်းရပ်ကြီးတစ်ခုလုံးအတွက် လူ၊ နည်းပညာ၊ ပစ္စည်းကိရိယာ၊ ဘဏ္ဍာငွေရရှိအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်သင့်ပါကြောင်း အစည်းအဝေးကြီး၏ ဆွေးနွေးမှုရလဒ်များအဖြစ် ပေါ်ထွက်လာခဲ့သည်။

လူများတွင် ဆေးယဉ်ပါးမှုဖြစ်ပါက တစ်ဦးနှင့်တစ်ဦး ကူးစက်နိုင်ခြေရှိသော်လည်း နည်းပါးနိုင်သေးသည်။ တိရစ္ဆာန်များတွင် ဆေးယဉ်ပါးမှုပြဿနာများပေါ်ပေါက်ပါက နေ့စဉ် စားသောက်နေသော အသား၊ နို့၊ ဥ များတွင် ပါဝင်နေမည်။ တိရစ္ဆာန်မစင်ကို မြေဩဇာလုပ်၍ စိုက်သော စိုက်ခင်း၊ သစ်သီး သစ်ရွက်၊ ဟင်းသီးဟင်းရွက်အထိ ပါရှိနေနိုင်မည်။ အဆိုပါ အသီးအရွက်စားသူအထိ ဆေးယဉ်ပါးမှု ပြဿနာရောက်ရှိခံစားရနိုင်သည် ဖြစ်ပါသောကြောင့် အထူးဂရုပြုမိစေရန် အလေးအနက် ဖော်ပြရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လူသားများ ကျန်းမာစေရန်အတွက် တိရစ္ဆာန်များကျန်းမာဖို့အရေးတကြီးလိုအပ်ပါသည်။ ။

# မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၂၈ ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြို့နယ်စာရေးဆရာအသင်းများမှ ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ ကိုယ်စားလှယ်များသည် စက်တင်ဘာ ၂၇ ရက်တွင်လည်းကောင်း၊ နယ်မှကိုယ်စားလှယ်များသည် စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲမှစ၍ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် ၁၇၃/၁၇၅ ခုနစ်လွှာနှင့် ရှစ်လွှာ ပန်းဆိုးတန်းလမ်းကျောက်တံတားမြို့နယ်ရှိ ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းကော်မတီသို့ သတင်းပို့ကြရန်ဖြစ်သည်။

ကိုယ်စားလှယ်များ ကြိုဆိုပွဲနှင့် အကြိုညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ ရှစ်လွှာ၌ ကျင်းပမည်ဖြစ်သဖြင့် ညီလာခံကိုယ်စားလှယ်များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် အလှူငွေလှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ကြံခင်းမြို့၌ မြေငှားဂရန်ထုတ်ပေးရန် ကွင်းဆင်းစစ်ဆေး

**ကြံခင်း စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ မြို့မြေငှားဂရန်ရရှိစေရန် ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင် ဦးဆောင်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံများနှင့်တွေ့ဆုံကာ မြေငှားရမ်းဂရန်နှင့် ပတ်သက်သည့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စိစစ်ပြီး လုပ်ထုံးလုပ်နည်းများအတိုင်း ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ-နော်ဝေသုတေသနပညာရှင်များ ပူးပေါင်း၍ မြန်မာ့ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုနှင့် ပင်လယ်ပြင်ဂေဟစနစ်များ သုတေသနဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၆**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ သုတေသနပညာရှင်များ၊ နော်ဝေနိုင်ငံမှ သုတေသနပညာရှင်များပူးပေါင်း၍ မြန်မာ့ပိုင်နက်ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုနှင့် ပင်လယ်ပြင်ဂေဟစနစ်များအား သုတေသနဆောင်ရွက်မည့် Dr. Fridtjof Nansen သုတေသနရေယာဉ် ကြိုဆိုပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ရန်ကုန်မြို့ အလုံမြို့နယ် စက်မှုဆိပ်ကမ်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ FAO ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. ToneTinnes နှင့် သံရုံးအသီးသီးမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သုတေသနရေယာဉ်နှင့်ပတ်သက်၍ မိတ်ဆက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ FAO ဌာနေကိုယ်စားလှယ် Ms. Xiaojie Fanနှင့် နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes တို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။ Dr. Fridtjof Nansen သုတေသနရေယာဉ်၏ Coordinator ဖြစ်သူ Ms. Kathrine Michalsen နှင့် Captain Aron-Hapoldoy တို့က သုတေသနရေယာဉ်နှင့်ပတ်သက်၍ မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က FAO ဌာနေကိုယ်စားလှယ်၊ နော်ဝေနိုင်ငံသံအမတ်ကြီး၊ သုတေသနရေယာဉ်၏ တာဝန်ရှိသူတို့အား ဂုဏ်ပြုအမှတ်တရပစ္စည်းများ ပေးအပ်ကြသည်။

**ရေရှည်တည်တံ့သောငါးလုပ်ငန်း စီမံခန့်ခွဲမှု**

မြန်မာ့ပိုင်နက်ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုနှင့် ပင်လယ်ပြင်ဂေဟစနစ်များအား သုတေသနဆောင်ရွက်မည့် Dr. Fridtjof Nansen သုတေသနရေယာဉ်သည် မြန်မာ့ပင်လယ်ပြင်ရှိ ငါးထုထည်ပမာဏကို သိရှိနိုင်ရန်၊ အဏ္ဏဝါဇီဝမျိုးစုံ၊ မျိုးကွဲများ တည်ရှိနေမှုအား သိရှိနိုင်ရန်၊ ကွဲပြားသော ရေပြင်အလိုက် ရေတွင်ပျော်ဝင်နေသည့် သဘာဝဓာတ်သတ္တုဆိုင်ရာ ရေအာဟာရအနေအထားများကို သိရှိနိုင်ရန်၊ ရေအောက်ကြမ်းပြင်ရှိ အနည်အနှစ်များတွင် ပါဝင်သော ဇီဝမျိုးစုံမျိုးကွဲများနှင့် ပျော်ဝင်ဓာတုဓာတ်သတ္တုများကို သိရှိပြီး ရရှိသောရလဒ်များကိုအခြေခံ၍ မြန်မာ့ပင်လယ်ပြင်ရှိ သယံဇာတများနှင့် အလေ့အထများကို မပျက်စီးစေဘဲ ရေရှည်တည်တံ့နိုင်သော ငါးလုပ်ငန်းစီမံခန့်ခွဲမှု ဖြစ်လာနိုင်စေရန်တို့ကို ရည်ရွယ်၍ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO အစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ သုတေသနပညာရှင်များ၊ တက္ကသိုလ်အသီးသီးမှ သုတေသနပညာရှင်များ၊ နော်ဝေနိုင်ငံမှ သုတေသနပညာရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ငါးလုပ်ငန်း သတင်းအချက်အလက်ပံ့ပိုးနိုင်**

မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသ၏ တည်ရှိသောနေရာပုံဖော်ခြင်းနှင့် အဏ္ဏဝါပြင်ဂေဟစနစ်အား လေ့လာစစ်တမ်းကောက်ယူနိုင်ခြင်းဖြင့် အဏ္ဏဝါဗေဒများ၏ အခြေအနေကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်ရှိ ငါးသယံဇာတများကို နှစ်ပေါင်းများစွာ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် ငါးလုပ်ငန်းစီမံခန့်ခွဲနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ရေအားလျှပ်စစ်ရေလှောင်တမံများ ကြံ့ခိုင်မှုရှိစေရန် စစ်ဆေးဆောင်ရွက်လျက်ရှိဟု သိရ

**နေပြည်တော် စက်တင်ဘာ ၁၆**




ကွန်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။

ရေအားလျှပ်စစ် ရေလှောင်တမံများ ကြံ့ခိုင်မှုရှိစေရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိပြီး ရဲရွာ၊ အထက်ပေါင်းလောင်း၊ ကွန်းချောင်း၊ မိုးပြဲ၊ ရွှေကျင်နှင့် ဇောင်းတူရေအားလျှပ်စစ်ရေလှောင်တမံများကို တမံအမျိုးအစားများအလိုက် စစ်ဆေးတိုင်းတာခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တမံကို အလှည့်ကျစစ်ဆေး**

တမံတစ်ခုချင်းအတွက် နှစ်စဉ်မိုးရာသီ ရေဘေးကာကွယ်ရေးစီမံချက်များရေးဆွဲကာ စီမံချက်ပါအတိုင်း တမံများတွင် ဝန်ထမ်းများအား အလှည့်ကျအနီးကပ် စောင့်ကြပ်စစ်ဆေးခြင်း၊ ရေဘေးကာကွယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်း၊ မိုးရေချိန်နှင့်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ ပုံမှန်တိုင်းတာခြင်း၊ တမံရေမှတ်တိုင်းတာခြင်းများကို နေ့စဉ် ခြောက်နာရီခြားတိုင်းတာစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြသူရထံမှ သိရသည်။

"ရေအားလျှပ်စစ်ရေလှောင်တမံတွေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ တမံတွေအများဆုံး တည်ဆောက်တဲ့ ဝန်ကြီးဌာနကတော့ ယခင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပေါ့။ အခုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဓိကတည်ဆောက်နေတာ၊ ထိန်းသိမ်းနေတာရှိပါတယ်။ အဓိက ကတော့ လယ်ယာစိုက်ပျိုးရေပေးဝေဖို့ ရေလှောင်တဲ့ ရေလှောင်ကန်တွေ တည်ဆောက်ခြင်းဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကတော့ စိုက်ပျိုးရေးထက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ ရေလှောင်တမံတွေ တည်ဆောက်ခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနက တည်ဆောက်ပြီး တာဝန်ယူထိန်းသိမ်းနေတဲ့ ရေအားလျှပ်စစ်ရေလှောင်တမံတွေ မတည်ဆောက်ခင် ဒီဇိုင်းရေးဆွဲမယ်ဆိုကတည်းက မိုး/ဇလဆိုင်ရာ အချက်အလက်တွေကို စူးစမ်းတိုင်းတာရပါတယ်။ ပြီးရင် နည်းပညာဆိုင်ရာ အချက်အလက်တွေကို တွက်ချက်ပြီး နိုင်ငံတကာအတိုင်ပင်ခံအဖွဲ့တွေနဲ့ ကျွန်တော်တို့ဌာန ပူးပေါင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။

**တမံအမျိုးအစား သုံးမျိုး**

"နိုင်ငံတကာအတိုင်ပင်ခံအဖွဲ့တွေရဲ့ အကူအညီတွေနဲ့လည်း တမံတွေအားလုံးစိစစ်ပြီးတော့၊ တွက်ချက်ပြီးတော့ ရေးဆွဲထားတာဖြစ်ပါတယ်။ အဲဒီမှ တမံတွေကြံ့ခိုင်မှုအနေနဲ့ ဌာနက တည်ဆောက်တဲ့တမံအမျိုးအစား အဓိက သုံးမျိုးရှိပါတယ်။ အဲဒီသုံးမျိုးမှာ RCC ကွန်ကရစ်တမံ၊ ကျောက်ဖြည့်တမံ၊ မြေသားတမံတို့ဖြစ်ပါတယ်။ အဲဒီမှာ ကွန်ကရစ်တမံတွေဆိုရင် ကျွန်တော်တို့က မျက်မြင်စစ်ဆေးတိုင်းတာတွေ ရှိပါတယ်။

နောက်ပြီးတော့ မိုး/ဇလဆိုင်ရာ စီးဝင်ရေတို့၊ မိုးရေချိန်တို့ တိုင်းတာနေတာရှိပါတယ်။ နောက်ဆုံးပေါ် နည်းပညာတွေနဲ့ တိုင်းတာတဲ့ ကွန်ကရစ်တမံတွေဆိုတာ အထဲမှာ ဥမင်လိုဏ်ကလေးတွေပါပါတယ်။ အဲဒီဥမင်လိုဏ်လေးတွေမှာ တမံရွေ့လျားမှု၊ တမံရဲ့တိမ်းစောင်းမှု၊ တမံရဲ့တည်ငြိမ်မှု၊ တမံအောက်ကနေပြီး ရေပင့်အား၊ တမံကို ရေတွန်းနေတဲ့အားတွေကို တိုင်းတာရေးကိရိယာတွေနဲ့ ချိန်ပြီးတော့မှ တိုင်းတာပြီးတော့ ရလဒ်တွေပေါ်မှာ ပညာရှင်တွေနဲ့ အဆင့်ဆင့်စိစစ်ပြီး အဖြေထုတ်ပါတယ်။ တမံတွေရဲ့ စိတ်ချရမှု၊ ခိုင်ခံ့မှုအတိုင်းအတာအတွင်းမှာ ရှိတယ်ဆိုရင် တမံတွေဟာ ကြံ့ခိုင်မှုကောင်းမွန်တယ်လို့ ပြောပါတယ်။ ကွန်ကရစ်တမံဆိုရင် တိုင်းတာရေးကိရိယာရှစ်မျိုးနဲ့ မျက်မြင်စစ်ဆေးတာတွေ၊ ရေတိုင်းတာတွေအပါအဝင် တိုင်းတာမှုမျိုးစုံကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် တိုင်းတာစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

ကျောက်ဖြည့်တမံနဲ့ မြေသားတမံတွေမှာလည်း ရေလှောင်တမံတွေကို ရေပင့်နေတဲ့ ရေပင့်အား၊ ရေတွန်းအား၊ တမံထဲကို စီးဝင်တဲ့ ရေအခြေအနေ၊ မိုး/ဇလဆိုင်ရာ တိုင်းတာမှုတွေ၊ မြေအောက်ရေအခြေအနေတွေ တမံရဲ့ ရွေ့လျားမှုရှိ မရှိကို ကိရိယာတွေနဲ့ တိုင်းတာတယ်။ မိုးရာသီမှာ ရဲရွာကွန်ကရစ်ရေလှောင်တမံရယ်၊ အထက်ပေါင်းလောင်းကွန်ကရစ်ရေလှောင်တမံရယ် အဲဒီရေလှောင်ကန်နှစ်ခုက ကန်ရေပြည့်အမှတ်ကိုရောက်ပြီး ရေပိုလွှဲကနေ ရေကျော်နေပါတယ်။ ရေကျော်နေတဲ့ တမံနှစ်ခုမှာလည်း ကြံ့ခိုင်မှုအခြေအနေကောင်းမွန်ပါတယ်။ နောက်ပြီး မိုးပြဲရေလှောင်ကန်ကတော့ ရေပြည့်ဖို့ သုံးပေလောက်လိုပါတယ်။ ကျန်ရေလှောင်ကန်တွေကတော့ စီးဝင်လာတဲ့ရေကို လျှပ်စစ်ဓာတ်အား ထိန်းသိမ်းထုတ်လုပ်နေတဲ့အတွက် ရေကျော်ခြင်း မရှိသေးပါဘူး။ ဓာတ်အားမောင်းနှင်ဖို့ ချိန်ဆပြီးတော့ ရေလှောင်ကန်ထဲ စီးဝင်တဲ့ရေရယ်၊ ဓာတ်အားထုတ်လုပ်ဖို့ သုံးတဲ့ရေရယ်ကို ချိန်ဆပြီးတော့သုံးတဲ့အတွက် ကန်ရေပြည့်တော့ရောက်ပြီ ရေပြည့်မှတ်ကျော်တဲ့အနေအထားတော့ မတွေ့ရပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**တမံအတွင်းမှ သိုလှောင်ရေထိန်းညှိထုတ်လွှတ်**

အဆိုပါတမံများအား နေ့စဉ်မျက်မြင်စစ်ဆေးခြင်း၊ စောင့်ကြည့်စစ်ဆေးကိရိယာများဖြင့် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး တမံအတွင်း သိုလှောင်ထားသည့် ရေများအား နေ့စဉ်စီးဝင်ရေနှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့်ရေပမာဏပေါ်မူတည်ကာ ရေသိုလှောင်ထိန်းညှိခြင်းနှင့် ရေထုတ်လွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ရေအားလျှပ်စစ်တမံများတွင် ရေကြီးရေလျှံခြင်းများ လျော့ပါးစေရန် ရေဝင်ရောက်မှုအခြေအနေအပေါ် အနီးကပ်စောင့်ကြည့်ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ တမံအတွင်းမှ သိုလှောင်ရေကို ထိန်းညှိထုတ်လွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရေလှောင်တမံတွေကို တည်ဆောက်ပြီးရုံနဲ့ မပြီးဘဲ ရေရှည်တည်တံ့ဖို့၊ အန္တရာယ်ကင်းဖို့ ကြံ့ခိုင်မှုအခြေအနေကို အချိန်နဲ့တစ်ပြေးညီ၊ စံချိန်စံညွှန်းတွေနဲ့အညီ စောင့်ကြည့်စစ်ဆေးနေပါတယ်။ တမံတွေ ကြံ့ခိုင်ကောင်းမွန်နေမှ ရေအားလျှပ်စစ်နဲ့ပတ်သက်ပြီး ပြည်သူတွေလိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို အချိန်နဲ့တစ်ပြေးညီ အလုံအလောက် ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ဦးမြသူရက ဆက်လက်ပြောကြားသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



တမံကိုယ်ထည် တိမ်းစောင်းမှုအခြေအနေအား စစ်ဆေးတိုင်းတာနေမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော စာပေဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၆

**၂၀၁၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူ စာပေဆု ၊ ပခုက္ကူ စာပေတစ်သက်တာစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူတစ်သက်တာစာပေဆုရ ဒေါက်တာ သန်းဦး(ပြည်စိုးမင်း) အား ဆုချီးမြှင့်စဉ်။**

**စာပေထွန်းကားသည့်နိုင်ငံများ တိုးတက်**

ပြည်ထောင်စုဝန်ကြီးက ဆုပေးပွဲအခမ်းအနား၏ ခေါင်းစဉ်နှင့် အကြောင်းအရာများသည် ဆက်စပ်မှုရှိနေပြီး ထူးခြားပြည့်စုံနေခြင်း၊ ယနေ့အထိ စဉ်ဆက်မပြတ် ဆုချီးမြှင့်နိုင်ခြင်းမှာ ကွယ်လွန်သူ ပခုက္ကူ ဦးအုံးဖေ၏ စိတ်ကူးစိတ်သန်းများနှင့် ၎င်းဆုများ ချီးမြှင့်ပေးနိုင်ရန် ဆက်ခံစီစဉ်သူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဟု မြင်ပါကြောင်း၊ စာပေထွန်းကားသည့် တိုင်းပြည်/နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြပါကြောင်း၊ ယခုကဲ့သို့ စာပေဆုချီးမြှင့်ခြင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ခြင်းလည်း ဖြစ်ပါကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်ရေးတွင် စာပေဖန်တီးသူများ၊ ထုတ်ဝေသူနှင့် ဖြန့်ချိသူများ၊ ဝေဖန်သုံးသပ်သူများ စသည်တို့အပြင် ဆုချီးမြှင့်သူများလည်း ပါဝင်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က ပခုက္ကူ ဦးအုံးဖေ စာပေဆု ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပခုက္ကူတစ်သက်တာစာပေဆုရ ဒေါက်တာသန်းဦး(ပြည်စိုးမင်း)၊ ကဗျာပေါင်းချုပ်ဒုတိယဆုရ ဇာနည်ကိုယ်စား နွေဦးကျော်၊ ကဗျာပေါင်းချုပ် တတိယဆုရ ဇေယျာဘုန်းမြင့်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆု ချီးမြှင့်**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ကော်မတီတို့မှ တာဝန်ရှိသူများက ပခုက္ကူစာပေဆုများဖြစ်သည့် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစာပေဆုနှင့် စာကြည့်တိုက်စာအုပ်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ပခုက္ကူ ဦးအုံးဖေ ပညာသင်ဆုနှင့် ပညာရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကွယ်လွန်သူ စာပေဆုအလှူရှင် ဦးအုံးဖေကိုယ်စား ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ပခုက္ကူ ဦးအုံးဖေ စာပေဆုဖြစ်ပေါ်လာပုံသမိုင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူတစ်သက်တာစာပေဆုရ ဒေါက်တာသန်းဦး (ပြည်စိုးမင်း)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၊ ပညာသင်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**(၂၅) ကြိမ်မြောက်ပြီဖြစ်**

မြန်မာနိုင်ငံအတွင်းရှိ စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်လျက် ပခုက္ကူ ဦးအုံးဖေ စာပေဆုများကို ၁၉၉၄ ခုနှစ်မှ စတင်ပေးအပ်ချီးမြှင့်ခဲ့ရာ ယခု ၂၀၁၇ ခုနှစ်အတွက်ဆိုလျှင် (၂၅) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာရန် အချိန်တန်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ပြောကြား

ရန်ကုန် စက်တင်ဘာ ၁၆

**လေးနှစ်ကျော် အရောင်းအဝယ်အေးနေသည့် အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာရန် အချိန်တန်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောသည်။**




ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI တွင် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် Kanbae Towers and River Front Garden တို့ ပူးပေါင်းပြုလုပ်သည့် မြန်မာ့စီးပွားရေးနှင့် အိမ်ခြံမြေအလားအလာ ဆွေးနွေးပွဲ စကားဝိုင်းတွင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

“အိမ်ခြံမြေက ငွေကြေးစီးဆင်းမှုကြီးတော့ နိုင်ငံတကာမှာလည်း အိမ်ခြံမြေ သက်ရောက်မှုကြီးတယ်။ မြန်မာနိုင်ငံမှာလည်း ဒီအတိုင်းပဲ။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ ပါးသွားတာနဲ့ ဆောက်လုပ်ရေးပစ္စည်းရောင်းတဲ့ လူကစပြီး အောက်ခြေအထိ သက်ရောက်မှုတွေရှိသွားတယ်။ အရောင်းအဝယ်အေးနေတဲ့ အိမ်ခြံမြေဈေး ပြန်ကောင်းဖို့ အချိန်တန်ပါပြီ” ဟု ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောသည်။

ယနေ့ပြုလုပ်သည့် မြန်မာ့စီးပွားရေးနှင့် အိမ်ခြံမြေအလားအလာ ဆွေးနွေးပွဲစကားဝိုင်းတွင် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ် ဦးမျိုးမြင့်၊ SMART Group of Companies ဥက္ကဋ္ဌ ဦးကျော်လှိုင်၊ The Voice Weekly Journal မှ Managing Director ၊ Deputy Chief Editor ဦးဇေယျာသူနှင့် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်တို့ ပါဝင်ဆွေးနွေးကြသည်။

စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် SMART Group of Companies ဥက္ကဋ္ဌ ဦးကျော်လှိုင်က နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်၊ နိုင်ငံခြားငွေရှာဖွေနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောသည်။

“နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် အိမ်တွေငှားရမယ်၊ ဆိုင်ခန်းတွေငှားရမယ်။ ထို့အတူ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရင် ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ ကုမ္ပဏီတွေက ရုံးခန်းတွေ ငှားလာမယ်။ စီးပွားရေးလုပ်ငန်းမှာ အားလုံးက ဆက်စပ်နေတယ်။ နိုင်ငံခြားငွေရှာနိုင်ဖို့အတွက်လည်း ပို့ကုန်များများ လုပ်ရမယ်။ အဲ့ဒီသုံးခုလုပ်လိုက်ရင် စီးပွားရေး ပြန်တက်လာမယ်” ဟု SMART Group of Companies ဥက္ကဋ္ဌ ဦးကျော်လှိုင်က ပြောသည်။

အိမ်ခြံမြေနှင့် စီးပွားရေးလုပ်ငန်း ဆက်စပ်မှုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်က “စီးပွားရေးနဲ့ အိမ်ခြံမြေက ဘယ်လိုဆက်စပ်မှုရှိလဲဆိုတော့ အိမ်ခြံမြေက ရင်းနှီးမြှုပ်နှံမှုကြီးမားတဲ့ လုပ်ငန်းတစ်ခု ဖြစ်တယ်။ အိမ်ခြံမြေရဲ့ ပိုင်ဆိုင်မှုက တခြားစီးပွားရေးတွေကို ဆက်စပ်ပြီးသွားနေတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုက ဘဏ်လုပ်ငန်းနဲ့ ဆက်စပ်တယ်။လုပ်ငန်းရှင်မှန်သမျှက လုပ်ငန်းလုပ်မယ်ဆိုရင် ဘဏ်တွေက ငွေချေးကြတယ်။ ဘဏ်တွေက ငွေချေးတာမှန်သမျှသည် အိမ်ခြံမြေခိုင်မာမှုကို အခြေခံတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံတွင် မကြာခင်က အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြောင့် ပြည်ပမှ နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာရန် အလားအလာများရှိနေကြောင်း ယနေ့ ဆွေးနွေးပွဲမှ သိရသည်။

“အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေကအခုမှ အာဏာသက်ရောက်တာဖြစ်တဲ့အတွက် အချိန်ကတော့ စောင့်ရဦးမယ်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဝင်ဖို့ စပြီး စိတ်ဝင်စားနေပြီ” ဟု Managing Director ၊ Deputy Chief Editor ဦးဇေယျာသူက ပြောကြားသည်။

ယနေ့ အိမ်ခြံမြေဈေး ကျဆင်းနေရခြင်းသည် အခွန်အခတိုးမြှင့်မှုကြောင့်ဖြစ်ပြီး အခွန်အခတိုးမြှင့်မှုကြောင့် အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်အေးနေပြီး နိုင်ငံတော်သို့လည်း အခွန်ရရှိမှု လျော့ကျသွားကြောင်း အိမ်ခြံမြေနှင့်ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများအားလုံးသည်လည်း ဝင်ငွေလျော့ကျသွားသည့်အတွက် ထိခိုက်မှုများရှိနေကြောင်း စကားဝိုင်းဆွေးနွေးပွဲမှ သိရသည်။

**မင်းသစ်(MNA)**

❂ *ကျော့ဖုံးမှ*

သမားငါးဦး ပွဲပယ်ခံထားရသော်လည်း အိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ စစ်ကိုင်းအသင်းမှာမူ ယခုပွဲအရှုံးကြောင့် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရတော့မည်ဖြစ်သည်။

Southern အသင်း၏ ပွဲထွက်လူစာရင်းတွင် ပြည့်ဖြိုးအောင်၊ ဘယ်ရီ၊ အောင်မိုး၊ ထက်အောင် စသည့် ကစားသမားများကို အရန်ကစားသမားများဖြင့် တွဲဖက်အသုံးပြုခဲ့ပြီး စစ်ကိုင်းအသင်းမှာမူ နိုင်ငံခြားသား ကစားသမားသုံးဦးနှင့် အမာခံကစားသမားများကို အသုံးပြုခဲ့သည်။ Southern အသင်းသည် အိမ်ကွင်း၌ ပုံစံကောင်းပြသနိုင်ခဲ့ပြီး စစ်ကိုင်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော် တိုက်စစ်တွင် အဆုံးသတ်အားနည်းခဲ့၍ ဒုတိယပိုင်းမှသာ အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ စစ်ကိုင်းအသင်းသည် အဝေးကွင်း၌ ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ တိုက်စစ်တွင် ဘမ်ဘာနှင့် ဖရိုင်းဒေးတို့၏တိုးအားဖြင့် ဂိုးရရန် ကြိုးစားသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရခဲ့ပေ။ ၅၁ မိနစ်တွင် Southern အသင်း ဂိုးစရခဲ့ပြီး ဘယ်ခြမ်းမှ ဖြတ်ပို့သောဘောလုံးကို အောင်မိုးက ပိတ်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် Southern အသင်း ကစားပုံပိုကောင်းလာပြီး ၆၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဘယ်ရီ ဖန်တီးပေးသောဘောလုံးကို စိုးကျော်သူက ပိတ်သွင်းယူခဲ့၍ ဒုတိယဂိုးရခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးပြန်ရရန် ကြိုးစားသော်လည်း Southern အသင်း ခံစစ်ပိုင်း ထိန်းချုပ်နိုင်ခဲ့ပြီး တတိယအနိုင်ဂိုးကို ၇၈ မိနစ်တွင် သက်ပိုင်စိုးက သွင်းယူခဲ့သည်။

ပွဲစဉ် (၂၁) အပြီးတွင် ရန်ကုန်အသင်းက ၄၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၄၇ မှတ်၊ ဇွဲကပင်အသင်းက ၃၄ မှတ်၊ ဟံသာဝတီအသင်းက ၃၃ မှတ်၊ ရတနာပုံအသင်းက ၃၁ မှတ်၊ Southern အသင်းနှင့် မကွေးအသင်းက ရမှတ် ၃၀ စီ၊ ရောဝတီအသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ရမှတ် ၂၀၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တွင် ကျင်းပမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ *ကျော့ဖုံးမှ*

ရှိပါတယ်။ အဲဒီကစားသမားတွေကို ကျွန်တော်တို့ ဖော်ထုတ်ပေးရမှာ။ ဒါမှသာလျှင် ကျွန်တော်တို့ အားကစားက ကမ္ဘာကို အဆင့်မီမှာပါ”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့မှ တွဲဖက်တာဝန်ခံ ကိုတင်အောင်ထွေးက ပြောသည်။

ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယနေ့ နံနက်ပိုင်းက တတိယနေရာလုပွဲတွင် အင်းစိန်မြို့နယ်အသင်းနှင့် တောင်ဥက္ကလာပမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အင်းစိန်မြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲအပြီး တတိယဆုရရှိသော အင်းစိန်မြို့နယ်အသင်း၊ ဒုတိယဆုရရှိသော မြောက်ဥက္ကလာပမြို့နယ်အသင်းနှင့် ပထမဆုရရှိသော သာကေတမြို့နယ်အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများအပြင် ဆုဖလားများကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပေးအပ်ချီးမြှင့်ခဲ့သည်။

**ထင်ပေါ်ဝင်း**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ လာဘ်ပေးလာဘ်ယူသူနှစ်ဦးစလုံး အရေးယူနိုင်သော်လည်း အောင်ရဲထွေးအမှုတွင် လာဘ်ငွေပေးခဲ့သူအား အရေးယူမည်မဟုတ်ဟု ကော်မရှင်ဥက္ကဋ္ဌပြောကြား

**"ဆင်းရဲခြင်းလွတ်ကင်းအောင်" ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ Novotel Hotel ၌ကျင်းပခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် စကားဝိုင်းသို့ ပါဝင်တက်ရောက်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်အား ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**ဦးအောင်ကြည် (ဥက္ကဋ္ဌ)**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**မေး။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး အခြေခံပညာကျောင်းတွေမှာ အသိမြှင့်တင် သင်ကြားပေးသွားမယ်လို့ သိထားပါတယ်။ ဘယ်တော့လောက် စမလဲခင်ဗျာ။**

ဖြေ။ ။ ကျောင်းတွေမှာ ဒီလကုန်လောက် ကျွန်တော်တို့ စာအုပ် ထုတ်ပေးတော့မယ်။ ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးဆိုင်ရာ ပညာရေးအစီအစဉ်။ မူလတန်းပညာပါ။

**မေး။ ။ မကြာသေးခင်က အဂတိလိုက်စားမှုနဲ့ ပတ်သက်လို့ အရေးယူဆောင်ရွက်မှုတွေ လုပ်ခဲ့တယ်။ နောက်ထပ် မဏ္ဍိုင်ကြီးသုံးရပ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး) ထဲက တာဝန်ရှိသူတွေကို တိုင်ကြားလာခဲ့ရင် ဆက်လက်အရေးယူဆောင်ရွက်သွားဖို့ရှိလား။**

ဖြေ။ ။ တိုင်ကြားမှု ရှိလာတယ်၊ ကျော်စောမှု ဖြစ်လာတယ်ဆိုရင်တော့ ဥပဒေနဲ့အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ လက်ရှိအရေးယူခဲ့တဲ့ ကိုအောင်ရဲထွေး ကိစ္စမှာ လာဘ်ငွေပေးသူ ဦးခင်မောင်လေးကို တရားလိုပြသက်သေအဖြစ် ထည့်ထားတာ တွေ့ရတယ်။ သူ့ကိုရော ဥပဒေအရ အရေးယူနိုင်လို့ အရေးယူဆောင်ရွက်သွားဖို့ ရှိပါသလား။**

ဖြေ။ ။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အရေးယူဖို့ အစီအစဉ် မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သူက အဓိကသက်သေဖြစ်တယ်။ လာဘ်ပေးလာဘ်ယူဆိုတာ အားလုံးသိတဲ့အတိုင်းပဲ သူ့ဟာသူ တစ်ဦးချင်းပေးတဲ့ကိစ္စပါ။ အဲဒီလိုပေးတာကို မဖော်သမျှကာလပတ်လုံး ဒီအမှုက ဖြစ်မြောက်မှာ မဟုတ်ပါဘူး။ ပေးတဲ့လူကို အရေးယူခဲ့ရင် အမှုမှန်ပေါ်ပေါက်ရေးအတွက် အခက်အခဲ ဖြစ်သွားနိုင်ပါတယ်။ အမှုမှန်ပေါ်ပေါက်ဖို့ အခက်အခဲဖြစ်သွားရင် အများပြည်သူ အကျိုးစီးပွားကို ထိခိုက်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပါတယ်။ ဒါကြောင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် အများပြည်သူ အကျိုးစီးပွားအလို့ငှာ သူ့ကို အရေးကြီးတဲ့ သက်သေတစ်ရပ်အဖြစ် တာဝန်ပေးခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ အခုအခြေအနေမှာတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ အပါအဝင် တာဝန်ထမ်းဆောင်နေသူတွေရဲ့ လုံခြုံရေးကို ခြိမ်းခြောက်မှုတွေ ရှိနေတယ်လို့ ကြားနေရပါတယ်။ အဲ့ဒီအတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားသလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ စိတ်ပူစရာမရှိပါဘူး။ အလုပ်လုပ်တဲ့အခါ လိုတဲ့သူရှိတယ်။ မလိုတဲ့သူရှိတယ်။ သတိထားပြီး စောင့်ရှောက်တဲ့သူတွေကလည်း စောင့်ရှောက်ကြပါတယ်။

**မေး။ ။ ကော်မရှင်က လွတ်လပ်ပြီး ကိုယ်ပိုင်ရပ်တည်တဲ့ အဖွဲ့အစည်းဖြစ်ပြီလားဆိုတာ စိတ်ဝင်စားမှုရှိနေပါတယ်။ ဖြေကြားပေးပါဦး။**



ဦးအောင်ကြည် (ဥက္ကဋ္ဌ)
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ဖြေ။ ။ လွတ်လပ်မှု ရှိပါတယ်။ ရာနှုန်းပြည့်လွတ်လပ်သလားဆိုရင် ကျွန်တော်တို့ရဲ့ဥပဒေက နိုင်ငံတကာစံနှုန်းနဲ့ ကြည့်ရင်တော့ ရာနှုန်းပြည့် လွတ်လပ်ပြီလား ဆိုတာကို ပြောမရသေးပါဘူး။ ကျွန်တော်တို့ရဲ့အတိုင်းအတာနဲ့ လက်ရှိအခင်းအကျင်းဆိုရင် အတော်လေး လွတ်လွတ်လပ်လပ်ရှိတယ်။ လိုအပ်တဲ့ ဥပဒေပြင်ဆင်မှုတွေလည်း လုပ်ပေးထားတယ်။ လိုအပ်တဲ့အခွင့်အာဏာတွေလည်း ပေးထားတယ်။ ပြီးတော့မှ အားပေးကူညီမှုလည်း ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့က လွတ်လွတ်လပ်လပ်ကို လုပ်နိုင်တယ်ဆိုတဲ့ အနေအထား ရှိပါတယ်။

**မေး။ ။ ထိပ်ပိုင်းက အရာရှိတွေကို စစ်ဆေးရတာဆိုတော့ ဘယ်လိုအခက်အခဲတွေများရှိမလဲ။**

ဖြေ။ ။ အခက်အခဲကတော့ အများကြီးပေါ့။ ကျွန်တော် ရှင်းပြခဲ့သလို စနစ်တစ်ခုကို ပြင်နေတာ။ အကျင့်ဆိုးကို ပြင်နေတာ။ အဲဒီအကျင့်ဆိုးက ဘယ်လောက်ကြာခဲ့ပြီလဲ။ လွတ်လပ်ရေးရကတည်းက ဖြစ်လာခဲ့တာဆိုတော့ ဒါကြီးတစ်ခုလုံးကို ပြင်ဆင်ဖို့ အခက်အခဲတွေ အများကြီးရှိတယ်။ စိန်ခေါ်မှုတွေ အများကြီးရှိတာပေါ့ဗျာ။ ကော်မရှင်မှာ တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေရော၊ ကျန်တဲ့သူတွေရော ကိုယ့်ပြည်သူလူထုရဲ့အကျိုးစီးပွားအတွက် ဒီအချိန် ဒီအခါမှာ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ စွန့်လွှတ်၊ စွန့်စားပြီး လုပ်နေတာပါ။ ဒါကြောင့် ကျွန်တော်တို့ မမှုပါဘူး။

**မေး။ ။ နိုင်ငံ့တာဝန် ထမ်းဆောင်နေတဲ့သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေအပေါ် အသိပေးတိုက်တွန်းစကားလေး ပြောခဲ့ပေးပါဦး။**

ဖြေ။ ။ သိပ်အရေးကြီးပါတယ်။ ရုံးဌာနတွေမှာ အကျိုးစီးပွားပဋိပက္ခမဖြစ်ပါစေနဲ့၊ ဘာအကျိုးစီးပွားလဲ။ ပုဂ္ဂလိကအကျိုးစီးပွားနဲ့ နိုင်ငံတော်အကျိုးစီးပွားကို ခွဲခြားနားလည်ပါ။ ဘယ်အရာသည် ပုဂ္ဂလိကအကျိုးစီးပွားလဲ၊ ဘယ်အရာသည် နိုင်ငံတော်အကျိုးစီးပွားလဲ။ နံပါတ်တစ်က နိုင်ငံတော်အကျိုးစီးပွားအတွက်ပဲ လုပ်ပေးရမယ့်တာဝန်ရှိတယ်။ လုပ်ရမယ်ဆိုတဲ့ ကျင့်ဝတ်ကို စွဲမြဲစွာခံယူဖို့ လိုပါတယ်။ နံပါတ်နှစ်က တာဝန်ယူမှုရှိရမယ်။ တာဝန်ယူမှုမရှိရင် နိုင်ငံတော်က ပေးအပ်ထားတဲ့ ဘဏ္ဍာရန်ပုံငွေသုံးစွဲမှုဟာ တရားမျှတမှု မရှိပါဘူး။ ကိုယ့်အလုပ်ကိုယ့်ဌာနနဲ့အတူ တာဝန်ယူမှုရှိဖို့လိုတယ်ဆိုတာ ပြောလိုပါတယ်။

**ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ယူနန်မီဒီယာအုပ်စုမှ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်

ကူမင်း စက်တင်ဘာ ၁၆

**မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူနန်မီဒီယာအုပ်စုအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ယူနန်မီဒီယာအုပ်စုမှ ဒုတိယဥက္ကဋ္ဌ Mr. Liu Hua က ယမန်နေ့ နံနက်ပိုင်းက တရုတ်နိုင်ငံ ကူမင်းမြို့ရှိ Dynasty International Hotel ၌ ကျင်းပသည့် Myanmar Media Workshops 2018 ပိတ်ပွဲတွင် ပြောကြားသည်။**

Mr. Liu Hua က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် Yunnan Media Group- YMG တို့သည် ယခင်ကတည်းက မီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါကြောင်း၊ YMG အနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း မီဒီယာပူးပေါင်းဖလှယ်ပွဲများ ကျင်းပလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်နောက်ပိုင်း အပြောင်းအလဲများစွာရှိခဲ့ပြီး မီဒီယာကဏ္ဍအပြင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာသည်ကို တွေ့မြင်နေရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကဏ္ဍသည်လည်း အရေးပါပါကြောင်း၊ မြန်မာမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် YMG အနေဖြင့် အလေးထားပါကြောင်း၊ နောင်နှစ်များတွင် မြန်မာမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် YMG အနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် မီဒီယာပူးပေါင်းဖလှယ်မှု ကျင်းပပြုလုပ်ခဲ့ရာမှ နှစ်ကြိမ် သို့မဟုတ် လူဦးရေတိုးမြှင့်ပြီး ဖိတ်ခေါ်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယူနန်မီဒီယာအုပ်စုသည် မြန်မာနိုင်ငံ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ခေါ်၍ မီဒီယာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးအတွက် မီဒီယာပူးပေါင်းဖလှယ်ပွဲကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် လေးကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

Myanmar Media Workshops 2018 ကျင်းပနေစဉ်



မြန်မာမီဒီယာ ကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် Yunnan Media Group(YMG) ရှိ မီဒီယာပြခန်း၊ ပြည်နယ်အတွင်း သတင်းထုတ်လွှင့်နေမှု၊ သတင်းတည်းဖြတ်နေမှုများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **နိုင်လင်း**

## ကောလင်း၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရကျောင်းသားများအား ဆုချီးမြှင့်

**ကောလင်း စက်တင်ဘာ ၁၆**

ကောလင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်က ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၂၆၀ အား ဒုတိယအကြိမ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပသည်။



အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

ကောလင်းမြို့နယ်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၂၁၉ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်းအရ တိုင်းဒေသကြီးအဆင့်တွင် ဒုတိယ၊ ခရိုင်အဆင့်တွင် ပထမ၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၆၀ ရှိပြီး အောင်ချက်ရာခိုင်နှုန်းအရ တိုင်းဒေသကြီးအဆင့်တွင် စတုတ္ထ၊ ခရိုင်အဆင့်တွင် ပထမ ရရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦး ဗုဒ္ဓပူဇနီယပွဲတော်ကြီး၌ လောင်းလှေပြိုင်ပွဲ ကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၁၆**

မိတ္ထီလာမြို့ မြို့မရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင် ဖောင်တော်ဦး စေတီတော်မြတ်ကြီး၏ (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲကြီးကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ ၁၀ ရက်တိုင်တိုင် လောင်းလှေပြိုင်ပွဲများနှင့်အတူ ဇာတ်ပွဲများ၊ ချားရဟတ်များ၊ ဈေးဆိုင်တန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သမိုင်းဝင် ဖောင်တော်ဦးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ရာတွင် ပွဲတော်ကို လာရောက်လည်ပတ်ကြသည့် ဒေသခံပြည်သူများ၏ အာရုံကို အဓိကဆွဲဆောင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု လောင်းလှေပြိုင်ပွဲကိုလည်း ဘုရားပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ မိတ္ထီလာကန်အတွင်း နှစ်စဉ် ထည့်သွင်းကျင်းပပေးလျက်ရှိသည်။ ထိုသို့ မြန်မာ့ရိုးရာယဉ်ကျေးမှု လောင်းလှေပြိုင်ပွဲ ကျင်းပရာတွင် အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲဟူ၍ ခွဲခြားထားပြီး ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ ယခုနှစ် လှေပြိုင်ပွဲတွင် မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာရှိ ဒေသခံများမှ လာရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အကြီးတန်းတွင် ပြိုင်ပွဲဝင်လှေအသင်း ခုနစ်သင်းနှင့် အငယ်တန်းတွင် ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှု လောင်းလှေပြိုင်ပွဲတွင် ကံကြီးဂဠုန်၊ မြင်းခြံ(က)၊ လူးခင်းကြီး(က)၊ စတားမောင်မောင်၊ ဇာတိသွေး၊ သီဟရာဇာ(က)၊ ဝါးတန်းအောင်ခန့် အသင်းများသည် အကြီးတန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အငယ်တန်းပြိုင်ပွဲတွင် တက်ရိုင်းညီအစ်ကို(က)၊ ကန်တောင်လူငယ်၊ ပြန်လာပြီ ဇာတိသွေး၊ သီဟရာဇာ(ခ)၊ ပျံလွှားမောင်မောင်၊ လူးခင်းကြီး(ခ)၊ တက်ရိုင်းညီအစ်ကို(ခ)၊ ပြန်လာပြီ ဝါးတန်းအောင်ခန့်၊ မြင်းခြံ(ခ)နှင့် စတားရင်သွေးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဗဟန်းမြို့နယ်၌ မှုခင်းသတင်းအချက်အလက်နှင့်မှတ်တမ်းဌာနစု ရုံးသစ်ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှုခင်းသတင်းအချက်အလက်နှင့် မှတ်တမ်းဌာနစု (DCC) ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် စက်မှု (၁)လမ်းထောင့်ရှိ ပြည်ထဲရေးရုံးဟောင်း ဒုတိယထပ်၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူနှင့် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP) နိုင်ငံတကာရေးရာ ညှိနှိုင်းရေးမှူး လက်ထောက်ရဲချုပ် Mr.Scott Lee တို့က အမှာစကားပြောကြားသည်။

ထို့နောက် DCC ရုံးသစ်ဆိုင်းဘုတ်ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် မျိုးဆွေဝင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်နှင့် လက်ထောက်ရဲချုပ် Mr. Scott Lee တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓါပုံ)**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် Mr.Scott Lee တို့က အပြန်အလှန် လက်ဆောင်များပေးအပ်ခြင်းနှင့် အခမ်းအနားတက်ရောက်သူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကာ ရုံးအတွင်း ပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ မှုခင်းသတင်းအချက်အလက်နှင့် မှတ်တမ်းဌာနစု(DCC) ရုံးသစ်ဖွင့်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး (တိုင်းဒေသကြီး မှူး/စိတ်တားဥက္ကဋ္ဌ) ဗိုလ်မှူးကြီး အောင်စိုးမိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် မျိုးဆွေဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး (တိုင်းဒေသကြီးမှူး/စိတ်တားဒုတိယဥက္ကဋ္ဌ) ဦးမျိုးအောင်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီးတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကြီးအကဲအရာရှိကြီးများ၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့(AFP) နိုင်ငံတကာရေးရာ ညှိနှိုင်းရေးမှူး လက်ထောက်ရဲချုပ် Mr.Scott Lee နှင့်အဖွဲ့၊ အမေရိကန် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ (DEA)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ တရုတ်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင်( NNCC) မှ ကိုယ်စားလှယ်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# ရန်ကုန်မြို့၌ ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

Cinematheque Program ၏ကဏ္ဍခွဲတစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရန်ကုန်မှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများ၊ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပရုပ်ရှင်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မင်း က ထိုင်ဝမ် လှိုင်းသစ် ရုပ်ရှင်၏ ခေါင်းဆောင်ဖြစ်သူ Edward Yang ရိုက်ကူးထားသည့် Yi Yi ရုပ်ရှင်ဇာတ်လမ်းနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားပြီး ဇာတ်ကားကို ကြည့်ရှုကြသည်။

ထို့နောက် ရုပ်ရှင်မြှင့်တင်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာ အောင်မင်းက ရုပ်ရှင်ဇာတ်ကား တစ်ကားလုံးအပေါ် အသေးစိတ်ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်သည်။

ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မင်းက “အခုနောက်ပိုင်းထွက်လာမယ့် လူငယ် Film Maker တွေကို ရုပ်ရှင်ကြည့်ပြီး ရုပ်ရှင်ကို ဘယ်လို ခွဲခြမ်းစိတ်ဖြာသလဲဆိုတာတွေကို ဆွေးနွေးတယ်။ ကျွန်တော်တို့သိထားတဲ့ အသိပညာတွေကို မျှဝေပေးတာပါ။ ဒီပွဲကနေ သူတို့အနေနဲ့ အတွေးသစ် အမြင်သစ်တွေရရှိပြီး ကောင်းမွန်တဲ့ ရုပ်ရှင်ဇာတ်ကားမှုကွဲတွေ ရိုက်နိုင်အောင် ရည်ရွယ်တာပါ။ လူငယ် Film Maker တွေကို ဦးတည်ပြီးလုပ်တာပါ။ ဒီနေ့ပွဲက ပထမဆုံးအကြိမ်ပါ။ ဆက်လက်ပြီးတော့လည်း လစဉ်ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

ယနေ့ပြသသည့် "Yi Yi" ဇာတ်ကားသည် Hollywood ရုပ်ရှင်ဇာတ်ကားများကဲ့သို့ ဖျော်ဖြေရေး သက်သက်မျိုး မဟုတ်တဲ့ ရုပ်ရှင်ကိုကြည့်ရှုပြီး ခံစားမှုမှုတစ်ဆင့် လက်တွေ့ဘဝကို နားလည်ခံစားနိုင်အောင် သဘာဝကျကျ ပုံဖော်ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

ရန်ကုန် ရုပ်ရှင်ကျောင်း တက်ရောက်နေသူ ကိုထွန်းတောက်မိုးသူ က “ရုပ်ရှင်ကြည့်တတ်အောင် အရင်လေ့လာမှ ရုပ်ရှင်ပညာကို ဆည်းပူးလို့ရမှာပါ။ အခုကြည့်ခဲ့ရတဲ့ ဇာတ်ကားမှာ ဇာတ်ကောင်တွေ အများကြီးပါဝင်တဲ့အတွက် ဆွေးနွေးစရာ အကြောင်းအရာတွေ အများကြီးပါတယ်။ ဆွေးနွေးပွဲပြီးတာတောင် ဆွေးနွေးစရာတွေ အများကြီးကျန်ခဲ့ပါတယ်။ ရုပ်ရှင်ခေတ်သစ်တစ်ခုဖြစ်ဖို့ ကျွန်တော်တို့အနေနဲ့ ရုပ်ရှင်ကြည့်တတ်ရမယ်။ အဲဒီလိုကြည့်တတ်မှ ကျွန်တော်တို့အနေနဲ့ ရုပ်ရှင်ကားတွေ ခံစားဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်ဇာတ်ကားထဲကနေ ဒါရိုက်တာတွေ၊ Film Maker တွေက ဘာကိုပြောချင်သလဲဆိုတဲ့ အကြောင်းအရာကို ရှာဖို့လိုတယ်”ဟု ပြောသည်။

ဆွေးနွေးမှုနှင့် ပတ်သက်၍ ဇာတ်ညွှန်းရေးသူ အယ်လ်မင်းပြည်မွန်ကလည်း ရုပ်ရှင်လောကတွင် လက်တွေ့ရိုက်ကူးနေကြသည့် ရုပ်ရှင်သမားများ၊ ရုပ်ရှင်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တစုတစည်းတည်း စိတ်ဝင်တစားနှင့် လာရောက်ဆွေးနွေးကြသဖြင့် အနာဂတ်ရုပ်ရှင်လောကအတွက် ကောင်းမွန်သည့် အလားအလာဖြစ်ကြောင်း၊ ထိုကဲ့သို့ အစီအစဉ်များကို ပုံမှန်လုပ်ဆောင်သွားခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့် ရုပ်ရှင်နယ်ပယ်တစ်ခု ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း ပြောသည်။

ယနေ့ အခမ်းအနားတွင် "Yi Yi" ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ ရုပ်ရှင်မြှင့်တင်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာအောင်မင်းနှင့် တပည့်များ၊ လေ့လာဆန်းစစ်ရေးဆွဲထားသော ရုပ်ရှင်ခွဲခြမ်းစိတ်ဖြာမှု အချိန်ဇယားကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။

ယခုလို ဆွေးနွေးပွဲများကို လစဉ် ဒုတိယပတ်နှင့် တတိယပတ် တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့ ပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် ကမ္ဘာတစ်ဝန်းမှ Art House Film အမျိုးအစား ရုပ်ရှင်ဇာတ်ကားများထဲမှ ဇာတ်ကားများကို အလှည့်ကျရွေးချယ်ကာ ပြသပြီး ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဆိုပါ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ရုပ်ရှင်မှုပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက်တွင် လည်းကောင်း၊ ရာဇဝင် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်တွင် လည်းကောင်း ကျင်းပခဲ့သည့်အပြင် ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ရန်အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မောင်တောဒေသ၌ လူမှုရေးပင်စင်ပေးအပ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ



**မောင်တော စက်တင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အသက် (၈၅ နှစ်) အထက် ဘိုးဘွားများအား လူမှုရေး ပင်စင်(သို့)ဘိုးဘွားပင်စင်ကို ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ရာ အဆိုပါ လူမှုရေးပင်စင် ပေးအပ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မောင်တောမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာ စာရေးများနှင့် သက်ဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် ပူးပေါင်းလုပ်ဆောင်ပေးနိုင်ရန် လူမှုရေးပင်စင် ပေးအပ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ရှင်းလင်းဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ရှိပေးအပ်နေသော လူမှုရေးပင်စင်(သို့) ဘိုးဘွားပင်စင်ကို ယခင်က အသက် (၉၀ နှစ်)အထက် ဘိုးဘွားများအား ထောက်ပံ့ပေးခဲ့ရာမှ ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အသက်(၈၅ နှစ်)အထက် ဘိုးဘွားများအား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် သန်းခေါင်စာရင်းနှင့် စိစစ်ရေးကတ်ပြား မရှိသည့် ဘိုးဘွားများအတွက် ယင်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ထောက်ခံချက်ပေးမှသာ လူမှုရေး ပင်စင်(သို့)ဘိုးဘွားပင်စင်ကို အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း ဦးစီးဌာနမှ မောင်တောမြို့နယ် တာဝန်ခံ ကိုကျော်အောင်စိန်က ပြောသည်။

လူမှုရေးပင်စင်(သို့)ဘိုးဘွားပင်စင်သည် လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ကာ မြန်မာတစ်နိုင်ငံလုံး လူမှုကာကွယ်စောင့်ရှောက်ရေးကို စီမံချက်၊ လုပ်ငန်းစဉ် ရှစ်ရပ်ရေးဆွဲပြီး လူမှုရေးပင်စင်ကို ထည့်သွင်းထောက်ပံ့ပေးအပ်နေကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ အေးမင်းသူ(ကြေးမုံ)၊ ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

**ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းဝုမ်ဇပြောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းဝုမ်ဇပြောင်**

တိုင်းရင်းသားပြည်သူအပေါင်းတို့ အားလုံးမင်္ဂလာပါလို့ ရိုသေစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဆလိုင်းဝုမ်ဇပြောင်(ဆလိုင်းပီပီ)ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့မူဝါဒ၊ သဘောထား၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ချင်းလူမျိုးတို့က နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်မကျရောက်မီ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပြီးတော့ မိမိတို့နယ်မြေဒေသကို လွတ်လပ်ငြိမ်းချမ်းစွာ စီမံအုပ်ချုပ်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်ကို ကျရောက်တဲ့အခါမှာ ချင်းတောင်တန်းဒေသ ဥပဒေ (The Chin Hill Regulations-1896) ပြဋ္ဌာန်းပြီးတော့ ချင်းတောင်တန်းဒေသကို အုပ်ချုပ်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ကိုယ်စားလှယ်များနဲ့ ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တဲ့ ချင်းတိုင်းရင်းသားတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပူးတွဲတည်ထောင်ကြသူများဖြစ်တဲ့အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိတဲ့ လူမျိုးတစ်မျိုးဖြစ်တဲ့အကြောင်း ဖော်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားလူမျိုးခေါင်းဆောင်များက မျှော်မှန်းခဲ့ကြတဲ့ ပင်လုံစာချုပ်ပါ အနှစ်သာရများကို ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာသော်လည်းကောင်း၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာသော်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းခြင်း မရှိသေးတာ တွေ့ရှိရပါတယ်။

လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပြည်တွင်းစစ်ဟာ ယခုဆိုရင် နှစ်ပေါင်း (၇၀) ကြာမြင့်ခဲ့ပါပြီ။ အကြောင်းအရင်းကတော့ ပင်လုံစာချုပ်မှာမျှော်မှန်းထားခဲ့ကြတဲ့ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ် မဖော်ဆောင်နိုင်ခြင်း၊ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မရှိခြင်း၊ တိုင်းရင်းသားလူနည်းစုတို့အား လွှမ်းမိုးအနိုင်ယူမှုမှ ကာကွယ်ထားတဲ့ အာမခံချက်မရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ တိုင်းရင်းသားလူမျိုးစုအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဟာ မရှိမဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် လိုအပ်ချက်ဖြစ်ပါတယ်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို မူဝါဒအဖြစ်ချမှတ်လျက် ပါတီကိုထူထောင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ချင်းတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး ချင်းတစ်မျိုးသားလုံးအတွက် ရပ်တည်ဆောင်ရွက်နိုင်ဖို့ ဥပဒေအရ ရပိုင်ခွင့်များကို အပြည့်အဝရရှိနိုင်ဖို့၊ ပြည်ထောင်စုဝင် အခြားတိုင်းရင်းသားများနဲ့အတူ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးအတွက် လက်တွဲဆောင်ရွက်နိုင်ဖို့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့အမှတ်တံဆိပ်အကြောင်း အနည်းငယ် ရှင်းပြလိုပါတယ်။ ပါတီရဲ့အလံနောက်ခံအရောင်ပေါ်မှာ အနီရောင်၊ တောင်ဇလပ်ပန်း သုံးပွင့်နဲ့ အောက်ချင်းငှက်အဖိုအမနှစ်ကောင် ယှဉ်တွဲကာ ရှေ့သို့ မျက်နှာမူလျက် ထိပ်မှာ Chin League For Democracy Party လို့ ဖော်ပြထားပြီး အောက်ခြေမှာ ပါတီထူထောင်တဲ့ ခုနှစ် ၂၀၁၄ လို့ ဖော်ပြထားပါတယ်။ အဓိပ္ပာယ်ကတော့ တံဆိပ်ရဲ့အောက်ခံအရောင်ဟာ ပါတီရဲ့အလံအရောင်ကို ကိုယ်စားပြုပြီး တောင်ဇလပ်ပန်းသုံးပွင့်ဟာ ချင်းတောင်တန်းမှာ ရှင်သန်ပွင့်လန်းနေတဲ့ပန်းကို ကိုယ်စားပြုပါတယ်။ တောင်ဇလပ်ပန်းသုံးပွင့်ကတော့ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းကို ရည်ညွှန်းပါတယ်။ အောက်ချင်းငှက်မောင်နှံကတော့ ချင်းအမျိုးသားတို့ရဲ့သစ္စာတရားကို ကိုယ်စားပြုပြီး ကျား/မ၊ အမျိုးသား/အမျိုးသမီးတန်းတူရည်တူ ယှဉ်တွဲလျက် ချင်းအမျိုးသားရေးနှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် သစ္စာရှိရှိကြိုးပမ်းဆောင်ရွက်မယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်ထားပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ပါတီရဲ့မူဝါဒရည်မှန်းချက်များကို ဆက်လက်ရှင်းပြလိုပါတယ်။

ချင်းလူမျိုးများအတွက် စစ်မှန်သော ဒီမိုကရေစီစနစ်ရရှိရုံနဲ့ မလုံလောက်သေးပါဘူး။ ပင်လုံစာချုပ်နဲ့ ပင်လုံကတိကဝတ်များအရ တန်းတူညီမျှတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်မှသာလျှင် ချင်းလူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမှာ တန်းတူတဲ့လုပ်ပိုင်ခွင့် ရရှိကြမှာဖြစ်ပါတယ်။

ဒါ့အပြင် ချင်းမျိုးနွယ်စုများအကြားမှာလည်း မျိုးနွယ်စုကြီးက မျိုးနွယ်စုငယ်များကို လွှမ်းမိုးအသာစီးရယူမှုမရှိစေဖို့ တန်းတူညီမျှမှုကို အဓိကဖော်ဆောင်ရမှာဖြစ်ပါတယ်။

ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မလွဲမသွေထည့်သွင်းဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အစိုးရရဲ့ မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်ဖြစ်ပြီးတော့ ဘယ်အစိုးရပဲတက်တက် မလွဲမသွေလုပ်ရမယ့်အလုပ်ဖြစ်တဲ့အတွက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကသာ တိုင်းရင်းသားအားလုံးအတွက် ပိုပြီးအရေးကြီးကြောင်း တင်ပြအပ်ပါတယ်။

**နံပါတ် (၂) အနေနဲ့**

ပင်လုံစာချုပ်အရပြည်ထောင်စုမြန်မာနိုင်ငံမှာ လူမျိုးတစ်မျိုးအဖြစ်ပါဝင်လာတဲ့အခါ ချင်းတောင်တန်းဒေသကို ပြည်နယ်မပေးဘဲ ချင်းဝိသေသတိုင်းအဆင့်ကိုသာ ပေးအပ်ခဲ့တဲ့အတွက် ချင်းလူမျိုးတို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ပိုင်ခွင့်များ ဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုလက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ကို ပြန်လည်ရရှိရေးအတွက် ချင်းအမျိုးသားတစ်ရပ်လုံး ဥပဒေဘောင်အတွင်းကနေ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

**နံပါတ်(၃)ကတော့**

ချင်းပြည်နယ်ဟာ ဆင်းရဲမွဲတေမှုအကြီးဆုံး ဒေသဖြစ်နေတာဟာ ခေတ်အဆက်ဆက်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်ခဲ့လို့ဖြစ်ပါတယ်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ချင်းတိုင်းရင်းသားတို့အနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ လုပ်ပိုင်ခွင့်အပြည့်အဝရရှိရေးကို ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

**နံပါတ် (၄) အနေနဲ့ တင်ပြချင်တာကတော့**

မြန်မာနိုင်ငံဟာ စီဒေါ (CEDAW) နဲ့ စီအာရ်စီ (CRC) စာချုပ်များကို လက်မှတ်ရေးထိုးတဲ့နိုင်ငံဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကိုလည်း လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကလေးသူငယ်များအခွင့်အရေး အပြည့်အဝရရှိနိုင်ရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကင်းဝေးရေး၊ ကျား/မ တန်းတူညီမျှရေး၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လူနည်းစုအခွင့်အရေးအပြည့်အဝရရှိရေးအတွက်အာမခံချက်ရရှိရေးဟာ အထူးအရေးကြီးပါတယ်။

ဒါကြောင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အထက်ပါ အခွင့်အရေးများကို ချင်းလူမျိုးများအပါအဝင် တိုင်းရင်းသားအားလုံးက အပြည့်အဝခံစားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**နံပါတ်(၅) အချက်အနေနဲ့ တင်ပြချင်တာကတော့**

တိုင်းရင်းသား လူနည်းစုများနဲ့ ချင်းတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးကို ထိခိုက်နစ်နာမှုမရှိစေရန် လုံလောက်သောအကာအကွယ်ရရှိဖို့ အခြေခံဥပဒေ ပြဋ္ဌာန်းရေးဆွဲဖို့ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ချင်းလူမျိုးများဟာ ချင်းပြည်နယ်မှာ သာမက ပြည်နယ်ပြင်ပဖြစ်တဲ့ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ပျံ့နှံ့နေထိုင်လျက် ရှိကြပါတယ်။ အခြားနိုင်ငံများမှာလည်း ကမ္ဘာအနှံ့ ပြန့်ကျဲနေထိုင်လျက်ရှိကြပါတယ်။

ချင်းပါတီနိုင်ငံရေးခေါင်းဆောင်များအနေနဲ့ ချင်းလူမျိုးတစ်ဦးချင်းရဲ့ ဥပဒေအရ ရပိုင်ခွင့်များ အပြည့်အဝရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမှာ လိုအပ်ပါ တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ချင်းလူမျိုးတို့နေထိုင်တဲ့နေရာဒေသမှာရှိတဲ့ နိုင်ငံသားများနည်းတူ အခွင့်အရေးတန်းတူညီတူရရှိရေး ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ လူနည်းစုဖြစ်တဲ့အတွက် လွှမ်းမိုးခြယ်လှယ်ခြင်း မခံရစေရန် လုံလောက်တဲ့ အကာအကွယ်ရရှိရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ ချင်းပြည်နယ်ရဲ့လူဦးရေဟာ ငါးသိန်းနီးပါးမျှသာရှိပါတယ်။ ပြည်နယ်ပြင်ပမှာရှိတဲ့ ချင်းလူမျိုးတို့ရဲ့လူဦးရေနဲ့ပေါင်းလျှင်ပင် လူဦးရေတစ်သန်းခန့်သာရှိတဲ့ အခြေအနေမှာ ကွဲပြားမှုကိုဖြစ်စေတဲ့ လုပ်ရပ်မျိုးကို ရှောင်ကြဉ်လျက် ချင်းတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးနဲ့ တစ်လုံးတစ်ဝတည်းဖြစ်ရေးကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကိစ္စတစ်ခုစီတိုင်းမှာ ချင်းလူမျိုးနွယ်စုအားလုံးတို့ဟာ အမြင်ချင်း၊ ခံယူချက်ချင်း တူညီကြမည်မဟုတ်ဆိုသော်လည်းပဲ ကွဲပြားခြားနားတဲ့အတွေးအမြင် ယုံကြည်ချက်တို့ကို စုစည်းပြီးတော့ အပြန်အလှန်ညှိနှိုင်းလျက် နားလည်မှုနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီရည်မှန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးကို အစဉ်ရှေးရှုပြီးတော့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ တူညီတဲ့ ချင်းနိုင်ငံရေးပါတီများ၊ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြတဲ့ အခြားနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် အတူတကွ လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၁၅ခုနှစ်၊ UPDJC မှာ နိုင်ငံရေးပါတီကိုယ်စားပြုအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး၊ နိုင်ငံရေး ဆွေးနွေးမှုမူဘောင်ရေးဆွဲရေးတွင်လည်းကောင်း၊ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်ကနေ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဦးဆောင်ပါဝင်ခဲ့သည့်အတိုင်း ကြားဖြတ်ရွေးကောက်ပွဲရလဒ်အပေါ်အခြေပြုပြီး ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ရန် ဆန္ဒရှိကြောင်းလည်း ဖော်ပြလိုပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲမှာ ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) မှာ ဆလိုင်းအောင်လျန်းက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) တွင် ဦးအွန်ခေါ်ထန်(ခ) ဦးချစ်မောင်ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူ အပေါင်းကနေ မဲပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါရစေ။ ကျေးဇူးတင်ပါတယ်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ လွိုင်လင်အသင်းဗိုလ်စွဲ

**တောင်ကြီး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။ ဗိုလ်လုပွဲတွင် လွိုင်လင်ခရိုင်အသင်းနှင့် တောင်ကြီး ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လွိုင်လင်ခရိုင်အသင်းက တောင်ကြီးခရိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီး တတိယ လင်းခေးခရိုင်အသင်းနှင့် ပူးတွဲတတိယ လားရှိုး ခရိုင်အသင်းတို့အား ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်၊ မိုင်းယန်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုရ တောင်ကြီးခရိုင်အသင်းအား မိုင်းခတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ပြည်နယ်အားကစားနှင့် ကာယပညာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းတို့က ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသူများအား နမ့်စန်မြို့ ပြည်နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ ပြည်နယ်အစိုးရ ညွှန်ကြားရေးမှူး ဦးထင်ကျော်အေး၊ မိုင်းယန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း၊ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ ပြည်နယ်ဘောလုံးဆပ်ကော်မတီ ဦးခင်မောင်လွင်ကြီးတို့က ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသော လွိုင်လင်ခရိုင်အသင်းအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဆုဖလားနှင့် ငွေသားဆုပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ပြီး ခရိုင် ၁၀ ခရိုင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**အေးကေလင်း**




ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲပထမဆုရ လွိုင်လင်အသင်းအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ဆုချီးမြှင့်စဉ်။

# World Cup Taolu 2018 ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်

**ရန်ကုန် စက်တင်ဘာ ၁၆**

ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် World Cup Taolu 2018 ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပခွင့် ရခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် ၂၀၀၄ ခုနှစ်တွင် အာရှဝူရှူးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး နောက်ပိုင်း နှစ်ပေါင်း ၁၄ နှစ်အကြာတွင် နိုင်ငံတကာပြိုင်ပွဲတစ်ခုအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်သည် World Cup Taolu ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်တွင် စတင်ကျင်းပပြီး ဒုတိယအကြိမ်ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲမှာ ထောက်လု (သရုပ်ပြ) ပြိုင်ပွဲ တစ်မျိုးတည်းကိုသာ ထည့်သွင်းကျင်းပမည်ဖြစ်သောကြောင့် ဆန်းဆို (အတိုက်) ပြိုင်ပွဲများ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။ မြန်မာဝူရှူးအဖွဲ့သည် ယင်းပြိုင်ပွဲတွင် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် လက်ရွေးစင်ကစားသမားများနှင့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ကစားသမားများဖြင့် ပေါင်းစပ်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာဝူရှူးအဖွဲ့သည် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ထောက်လု ကစားသမား ခုနစ်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငြိမ်းချမ်းကိုကိုက အမျိုးသား ထိုက်ချိချွမ်နှင့် ထိုက်ချိကျန့် ပြိုင်ပွဲနှစ်ခုပေါင်းတွင် ကြေးတံဆိပ်တစ်ခု ရယူနိုင်ခဲ့သည်။

မြန်မာဝူရှူးအဖွဲ့သည် ယခုနှစ်ကုန်ပိုင်းတွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေရပြီး နိုဝင်ဘာတွင် World Cup Taolu 2018 ပြိုင်ပွဲ၊ ဒီဇင်ဘာတွင် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ World Cup Taolu 2018 ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အိမ်ရှင်အဖြစ် ကျင်းပမည့် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲအတွက် မြန်မာမြားပစ်အဖွဲ့ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာမြားပစ်အဖွဲ့သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇) ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၇) ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာမြားပစ်အဖွဲ့သည် ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး တောင်ကိုရီးယားနည်းပြတစ်ဦးနှင့် ပြည်တွင်းနည်းပြများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာမြားပစ်အဖွဲ့သည် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ကစားသမားခြောက်ဦးအပြင် အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် လူငယ်ကစားသမားများ၊ မျိုးဆက်သစ်ကစားသမားများပါ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့ပြီး နောက်ဆုံးကျင်းပသည့် (၆)ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကို (၆)ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲ စတင်ကျင်းပသည့် ၂၀၀၅ ခုနှစ်ကတည်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းကြောင့် ခုနစ်ကြိမ်တွင် ခြောက်ကြိမ်အထိ လက်ခံကျင်းပခွင့်ရခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို ၂၀၁၉ ဆီးဂိမ်းစ်ပြိုင်ပွဲနှင့် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လက်ခံကျင်းပခွင့်ရရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

မြန်မာမြားပစ်အဖွဲ့သည် နောက်ပိုင်းကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဝေးကွာလာသောကြောင့် လူငယ်ကစားသမားများ ပြန်လည်ပြုစုပျိုးထောင်ကာ အောင်မြင်မှုရရန် ဆောင်ရွက်လျက်ရှိသည်။


**ညီမြတ်သော်တာ**

# မာန်အောင်မြို့နယ်၌ မီးတောင်မှ ချော်ရည်ပူများ မှုတ်ထုတ်မှုကြောင့် လယ်မြေအချို့ပျက်စီး

**မာန်အောင် စက်တင်ဘာ ၁၆**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ရဲကျွန်းအုပ်စုအတွင်းရှိ မီးတောင်မှ ချော်ရည်ပူများ မှုတ်ထုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ပထမအကြိမ် အမြင့် ၁၅ ပေခန့်အထိ ချော်ရည်များ မှုတ်ထုတ်မှု တစ်ကြိမ်ဖြစ်ပွားပြီးနောက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဒုတိယအကြိမ် ပေ ၅၀ အမြင့်ထိ တစ်ကြိမ် ချော်ရည်မှုတ်ထုတ်မှု ဖြစ်ပွားခဲ့ရာ မီးတောင်အနီးရှိ ဦးမျိုးအောင်၏ လယ်ဧက ၁ ဒသမ ၅ ဧကခန့် ချော်ရည်ပူဖုံးလွှမ်းပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။



မီးတောင်ချော်ရည်များကြောင့် ပျက်စီးခဲ့သည့် လယ်မြေအချို့ကို တွေ့ရစဉ်။

အဆိုပါ ရဲကျွန်းမြောက်ပိုင်းကျေးရွာမှ မီးတောင်သည် ယခင်က သုံးနှစ်တစ်ကြိမ်၊ လေးနှစ်တစ်ကြိမ် ချော်ရည်များ မှုတ်ထုတ်ခဲ့ကြောင်းနှင့် ယခုအကြိမ်မှာ လေးနှစ်ကြာမှ ချော်ရည်ပူများ မှုတ်ထုတ်ခဲ့ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# ကာယဗလမောင်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ၆၀၊ ၆၅၊ ၇၀၊ ၇၅ ကီလိုတန်းနှင့် အထက် MAN PHYSIQUE ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ ကျင်းပသောပြိုင်ပွဲများအသီးသီးတွင် ၂၀၁၆-၁၇ ခုနှစ် ပထမဆုရပြီးသူများ၊ မြန်မာ့လက်ရွေးစင်ဖြစ်သူများ ပါဝင်ယှဉ်ပြိုင် ခွင့်ပြုမည်မဟုတ်ကြောင်း၊ ပြိုင်ပွဲဝင်လိုသူများသည် ဖုန်း-၀၉၄၅၀၀၂၅၈၆၈၊ ၀၉၄၄၅၆၆၁၁၀၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အေးကေလင်း**

# သံဖြူဇရပ်တွင် ရော်ဘာသစ်ခွဲသားစက်ရုံဝင်းအတွင်း သစ်အခြောက်ခံအခန်း မီးလောင်မှုဖြစ်

**သံဖြူဇရပ် စက်တင်ဘာ ၁၆**

သံဖြူဇရပ်-ရေးကားလမ်းဘေး မိုင်တိုင်အမှတ် ၄၅ အနီးတွင် တည်ဆောက်ထားသည့် Dammar Pine Family ရော်ဘာသစ်ခွဲသားထုတ်လုပ်ရေးစက်ရုံတွင် ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားခဲ့သည်။

သတင်းအရ သံဖြူဇရပ်မီးသတ်စခန်းမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထွေး ဦးစီးသည့် မီးသတ်ယာဉ်လေးစီး၊ အနီးဝန်းကျင်ကျေးရွာများမှ မီးသတ်ယာဉ်များ၊ မုဒုံမြို့နှင့် ကွမ်လှာကျေးရွာမှ မီးသတ်ယာဉ်များ၊ နယ်မြေခံတပ်မှ ရေသယ်ယာဉ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် စုစုပေါင်း မီးသတ်ယာဉ် ၁၀ စီးနှင့်အတူ ပြည်သူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခွဲခန့်တွင် မီးကိုထိန်းချုပ်နိုင်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရခြင်းမှာ ရော်ဘာသစ်ခွဲသားအစိုများကို အခြောက်ခံခြင်းပြုလုပ်သည့် အပူပေးခန်းအတွင်းရှိ အပူပေးစက်ချွတ်ယွင်းကာ အပူချိန်လွန်ကဲပြီး အတွင်းရှိ ရော်ဘာသစ် ကုန်ကြမ်းများမှတစ်ဆင့် မီးစတင်လောင်ခြင်းဖြစ်ကြောင်း သိရပြီး အဆိုပါမီးလောင်မှုကြောင့် အပူပေးခန်းသုံးခန်းနှင့် သစ်ကုန်ကြမ်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ စက်ရုံမန်နေဂျာ ဦးမြင့်ဝေကို သံဖြူဇရပ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# မန္တလေး-လားရှိုး-မူဆယ် ဂုတ်တွင်းလမ်းပိုင်း၌ ကုန်သေတ္တာတွဲယာဉ်တစ်စီး လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချိုဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၀၃/၄) ကုလားမကွေ့၌ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က ကုန်သေတ္တာတွဲယာဉ်တစ်စီး လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။

အဆိုပါယာဉ်ကြောင့် အတက်၊ အဆင်းယာဉ်များ လမ်းပိတ်ဆို့မှုဖြစ်ပွားရာ ကျောက်မဲခရိုင် အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေး၊ လားရှိုး၊ မူဆယ်ဂုတ်တွင်း လမ်းပိုင်းပုံမှန်အတိုင်း သွားလာနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




# ထောင်ဒဏ်လွတ်ရက်မရှိ ပြစ်ဒဏ်ကျခံနေရသူက ဦးဆောင်၍ ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၄၁ ဦး ထွက်ပြေး ပိတ်ဆို့ရှာဖွေမှုကြောင့် ဦးဆောင်ထွက်ပြေးသူ အပါအဝင် ၁၃ ဦး ပြန်လည်ဖမ်းဆီးရမိ

ဘားအံ စက်တင်ဘာ ၁၆

**ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၄၀ ကျော် ယနေ့ နံနက်ပိုင်းက ထွက်ပြေးသွားခဲ့ကြောင်းနှင့် ပိတ်ဆို့ရှာဖွေမှုကြောင့် ဦးဆောင်ထွက်ပြေးသူအပါအဝင် ၁၃ ဦးအား ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

**စုစုပေါင်း ၄၁ ဦးထွက်ပြေး**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က အကျဉ်းထောင် ဓမ္မာရုံ အနီး စိုက်ခင်းအတွင်း အကျဉ်းသားများဖြင့် ရှင်းလင်းစုပုံထားသော အမှိုက်များကို အကျဉ်းထောင်ဝန်ထမ်း ဒုတပ်ကြပ် ကျော်ဝင်းစိန် မောင်းနှင်သည့် 7N/9847 ၊ Mazda Titan အပြာရောင်ယာဉ်ဖြင့် တင်ဆောင်၍ သွားရောက်စွန့်ပစ်ရန်အတွက် ယာဉ်အား ထွက်ခွာမည့်အချိန်တွင် ကျော်မိန်လ (ခ)အရှောင်(ခ)ကျော်ဖကုလား (ခ)မိန်လု(၃၃)နှစ် (အကျဉ်းသား ထောင်ဝင်အမှတ် ဖအ/၁၅/ ၀၀၃၃၀/ က )က ယာဉ်မောင်းကို ဆွဲချထိုးကြိတ်ကာ ယာဉ်ကိုမောင်းနှင်



**ကျော်မိန်လ (ခ)အရှောင်(ခ)ကျော်ဖကုလား (ခ)မိန်လု**

ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းယာဉ်ဖြင့် ထောင်တံခါး လေးဆင့်ကို တိုက်ဖွင့်ပြီး ဘားအံ-လှိုင်းဘွဲ့လမ်းအတိုင်း လှိုင်းဘွဲ့မြို့နယ်အတွင်းသို့ မောင်းနှင်ထွက်ပြေးသွားရာ အဆိုပါယာဉ်ပေါ်နှင့် ယာဉ်နောက်တို့မှ အကျဉ်းသားများ လိုက်ပါသွားသဖြင့် စုစုပေါင်း ၄၁ ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

**ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေ**

အခင်းဖြစ်နေရာသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်ကျော်ထွန်းနှင့် ဗိုလ်မှူးကြီး ရန်နောင်စိုးတို့ ဦးဆောင်သော တပ်မတော်သားများ၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးနှင့် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာန(ဘားအံ) ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် အကျဉ်းထောင်တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးသန်းတို့ ဦးဆောင်သည့် အကျဉ်းထောင်ဝန်ထမ်းများ ပူးပေါင်းကာ အကျဉ်းထောင် လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးတို့ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့များက ထွက်ပြေးရာ လမ်းကြောင်းတစ်လျှောက် လိုက်လံရှာဖွေပိတ်ဆို့ခြင်း၊ ကရင်ပြည်နယ်အတွင်းမှ လမ်းတံတားများတွင် လုံခြုံရေး ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြန်လည်တွေ့ရှိ**

မွန်းလွဲပိုင်းတွင် မောင်းနှင်ထွက်ပြေးသွားသည့်ယာဉ်ကို လှိုင်းဘွဲ့မြို့နယ် ရွာသာအေးရွာနှင့် သပုထိုရွာကြား ဆည်မြောင်းတာပေါင်လမ်းတွင် ဗွက်နစ်လျက် ပြန်လည်တွေ့ရှိသဖြင့် ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသား ၄၁ ဦးကို ပိတ်ဆို့ဖမ်းဆီးရမိရေး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။



**အကျဉ်းသားများထွက်ပြေးရာတွင် အသုံးပြုခဲ့သည့်ယာဉ်ကို တွေ့ရစဉ်။**



**ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသွားသည့် အကျဉ်းသားများအနက်မှ ဖမ်းဆီးရမိသူအချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။**

**အကျဉ်းသား ၄၁ ဦးအနက် ၁၃ ဦးကို ဖမ်းဆီးရမိ**

အဆိုပါ ထွက်ပြေးလွတ်မြောက်သွားသူများအား ဖမ်းဆီးရမိရေး ပိတ်ဆို့ဆောင်ရွက်စဉ် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရဲအုပ်လှဟန် ဦးစီးအဖွဲ့က ဝတုတ်(ခ)စည်သူကျော်၊ စောကျော်ပိ၊ ရဲနောင်ဖြိုး(ခ)သဲမောင်တို့ သုံးဦးကို ဘားအံမြို့နယ် မိဇ်ကျေးရွာဇရပ်တွင်လည်းကောင်း၊ ညနေ ၄ နာရီတွင် ရဲတပ်ကြပ် အောင်မျိုးသူနှင့်အဖွဲ့က စောထူး (ခ)ဗီလားကို ဘားအံမြို့ မဲဘောင်ဈေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်လည်းကောင်း၊ ရဲမှူးကြီး တင်ဦး ဦးစီးအဖွဲ့က ညနေ ၄ နာရီ ၄၀ မိနစ်တွင် ထွန်းထွန်းသန်း (ခ)ကိုနေ ကို လည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၅၀ အချိန်တွင် ဝဏ္ဏ(ခ) ဖြိုးတေဇ ကို ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာတွင်လည်းကောင်း၊ ညနေ ၅ နာရီတွင် ရဲအုပ်သန်းဇော်မြင့် ဦးစီးအဖွဲ့က ဝင်းအောင် (ခ)မိုးဒီကို ဘားအံမြို့နယ် ကော့လိုက်ကျေးရွာတွင် လည်းကောင်း၊ ညနေ ၅ နာရီ ၅ မိနစ်တွင် ရဲမှူးကြီး တင်ဦး ဦးစီးအဖွဲ့က ပြည်ဟိန်းကို ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာတွင် လည်းကောင်း၊ ညနေ ၆နာရီ မိနစ် ၂၀ တွင် ရဲအုပ်ကြည်တိုး ဦးစီးအဖွဲ့က အောင်ဝင်းနှင့် ထွန်းထွန်းဦးတို့နှစ်ဦးကို ဘားအံမြို့နယ် တဝန်ဖန်ရလယ်ကွင်းထဲ၌ လည်းကောင်း၊ ညနေ ၆ နာရီ မိနစ် ၅၀ တွင် နယ်မြေခံ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပြည့်ဖြိုးအောင်၊ ကျော်မြင့်၊ ကျော်မိန်လ (ခ) အရှောင်(ခ)ကျော်ဖကုလား(ခ) မိန်လုတို့ သုံးဦးကို ရေဘုတ်ဆည်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ရာ ထွက်ပြေး လွတ်မြောက်နေသည့် အကျဉ်းသား ၄၁ ဦးအနက် ၁၃ ဦးကို ဖမ်းဆီးရမိသဖြင့် ဘားအံ အကျဉ်းထောင်သို့ စနစ်တကျ လွှဲပြောင်းပေးအပ်ထားကြောင်း ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မင်းသူ(ဘားအံ)**

## မူးယစ်ဆေးဝါးများနှင့် လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးတွင် ကလူဂါမော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇ ပြား၊ ငွေကျပ် ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီတွင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ရေကူးကန်လမ်း တန်းလျားရှိ ထက်လွှမ်းဦး၏ အခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြားနှင့် ငွေကျပ် သုံးသိန်းတို့ကို လည်းကောင်း၊ ဆက်လက်၍ တန်းလျားရှိ အခန်း ၇ ကို ရှာဖွေရာ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၁၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၅)ကလေးနှင့် ကလေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့နယ် ကံကြီးကျေးရွာနေ နေဇင်ထွန်း၏ လယ်တဲကို ရှာဖွေရာ နေဇင်ထွန်း၊ ထိုက်သူအောင်၊ ရှိုင်းလင်းအောင်နှင့် အောင်ဆန်းမင်းတို့အားတွေ့ရှိရပြီး မီးဖိုဆောင်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၀၂ ဂရမ် ၊ တူမီးသေနတ် လေးလက်၊ ခဲသီး ငါးလုံးနှင့် ယမ်းမှုန့် ၄၅၅ ဂရမ်တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲက ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ကျန်းကျေးရွာနေ စန်းလောင်၏ နေအိမ်ကိုရှာဖွေရာ ဒိုလို၏အကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ တဲခေါင်းရင်းမှ တူမီးသေနတ်တစ်လက်နှင့် စန်းလောင်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြားနှင့် ငွေကျပ် ၁၀၈၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ကျောက်စိမ်းဖြတ်စများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာလ ၁၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅၅ စီး၊ သွင်းကုန် ၆၄၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၂၀၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၁၀၀ သန်း)ခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၀၈ သန်း)ခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၇၀၈ သန်း)ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၄၀၂ ကီလိုဂရမ်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၁၀၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၇. ၉. ၂၀၁၈(တနင်္လာနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း ၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆ း၂၅ | - | “မြတ်ဗုဒ္ဓသာသနာ ကြည်စင်ထွန်းလင်းစွာ” |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၀ | - | မဟာဂန္ဓာရုံစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရ၊ ဒက္ခိဏာရာမ အလယ်ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့တွဲဖက်အကျိုးတော်ဆောင် ကောလင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း |
| ၉း၃၅ | - | BBC Click |
| ၉း၄၅ | - | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Trier" (Germany) |
| ၁၁း၁၅ | - | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၁း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | - | “တစ်ပြည်ဝင်အိုး” |
| ၁၃း၁၀ | - | သုခုမရင်ခွင်အငြိမ့်သဘင် “ရွှေဖလားအငြိမ့်” |
| ၁၄း၂၅ | - | Tasty Trip |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၅ | - | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ |
| | - | တတိယနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်) |
| ၁၈း၂၀ | - | Football Magazine |
| ၁၈း၃၅ | - | ဥပဒေရေးရာအဖြာဖြာ “ပြည်သူများအကြား သိမှတ်စရာစကားဝိုင်း”(၃) (ဦးဟန်ညွှန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဒိတ်ဒိတ်၊ ခင်ဖြူဖြူသန့်) ဒါရိုက်တာ-ဝေဠု(ဝသန်) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | **၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ဟောပြောချက်** “လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ” |

# အပူပိုင်းမုန်တိုင်းမန်ခတ် ဖိလစ်ပိုင်ကို ဝင်ရောက်ပြီးနောက် ဟောင်ကောင်သို့ ဦးတည်

**ဟောင်ကောင် စက်တင်ဘာ ၁၆**

မကြာသေးမီက ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်းမန်ခတ်သည် ဟောင်ကောင်သို့ တနင်္ဂနွေနေ့က ဦးတည်ခဲ့ရာ ဟောင်ကောင်ပြည်သူများသည် မုန်တိုင်းဒဏ်ကိုကြံ့ကြံ့ခံ ရင်ဆိုင်နေကြသည်။ မန်ခတ်သည် ဟောင်ကောင်ကမ်းရိုးတန်းသို့ ရိုက်ခတ်နေရာ မိုးမျှော်တိုက်ကြီးများမှာ ယိမ်းထိုးနေကြသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းမန်ခတ်သည် ယခုနှစ်အတွင်း ကမ္ဘာပေါ်တွင်အကြီးဆုံးမုန်တိုင်းဟု အသိအမှတ်ပြု ခံထားရသည်။

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းတွင် မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များမြေပေါ်လဲကျခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။ ဟောင်ကောင်၌လည်း အဆိုပါမုန်တိုင်းအတွက် သတိပေးမှုအမြင့်ဆုံးထုတ်ပြန်ထားသည်။ တစ်နာရီလျှင် ၂၃၂ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေသည်ဟု ဟောင်ကောင်မိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာထားသည်။ ဟောင်ကောင်တွင်မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များထက်ပိုင်းပြတ်လဲကျသဖြင့် လမ်းများပိတ်လျက်ရှိသည်။ မိုးမျှော်တိုက်များမှ ပြတင်းပေါက်များကျိုးပျက်ကုန်ကြသည်။ ဖိလစ်ပိုင်နိုင်ငံတွင် စနေနေ့က မုန်တိုင်း ဝင်ရောက်ခဲ့စဉ် လူပေါင်း ၂၀ ခန့် သေဆုံးခဲ့ရသည်ဟု ဖိလစ်ပိုင်အာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

ထို့အပြင် လမ်းများပျက်စီးခြင်း၊ နေအိမ်များပြိုကျပျက်စီးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ပြီး သီးနှံများလည်း ပျက်စီးခဲ့ရသည်။ လူဇုန်ကျွန်းတစ်ဝန်းရှိ လယ်သမားများသည် တစ်နိုင်ငံလုံးအတွက် စပါးနှင့်ပြောင်းကို အဓိကစိုက်ပျိုးပေးလျက်ရှိရာ ယခုအခါအဆိုပါသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ “ကျွန်တော်တို့က ဆင်းရဲပြီးသားပါ။ အခုထပ်ပြီး မုန်တိုင်းကနှိပ်စက်တော့ မျှော်လင့်ချက်တွေ ဆုံးရှုံးကုန်ပြီ”ဟု ဆန်နှင့်ပြောင်းစိုက်ခင်းများဆုံးရှုံးပျက်စီးခဲ့သည့် လယ်သမားတစ်ဦးဖြစ်သူ မာရီအန်းဘာရေးလ်က အေအက်ဖ်ပီသို့ ပြောသည်။ ကျေးလက်ဒေသမှလူပေါင်း တစ်သိန်းငါးထောင်ကျော်မှာ နေအိမ်များမှ ထွက်ပြေးခဲ့ရသည်။

ယခုအခါ ဟောင်ကောင်၌လည်း လူများကို လုံခြုံစိတ်ချရာနေရာများတွင် နေထိုင်ကြရန် သတိပေးမှုထုတ်ပြန်ထားပြီး လေယာဉ်ခရီးစဉ်ပေါင်း ၉၀၀ ကျော်လည်း ရပ်နားထားသည်။ တိုင်ဖုန်းမုန်တိုင်းကြောင့် ကားများပြေးဆွဲမှုရပ်နားထားပြီး ဈေးဆိုင်များ၊ စားသောက်ဆိုင်များလည်း ပိတ်ထားရသည်။ မုန်တိုင်းသည် ဟောင်ကောင် သို့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင်ဝင်ရောက်မည်ဟု ခန့်မှန်းထားပြီး ထိုမှတစ်ဆင့် တရုတ်ပြည်တောင်ပိုင်း ကွမ်တုံသို့ဝင်ရောက်မည်ဟု ဟောင်ကောင်မိုးလေဝသဌာနမှ ခန့်မှန်းထားသည်။



အပူပိုင်းမုန်တိုင်း မန်ခတ်မဝင်မီ တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်ရှိ စူပါမားကက်တွင် အစားအစာနှင့် ရေများဝယ်ယူနေကြသည့် ပြည်သူများကို တွေ့ရစဉ်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

# ဆူဒန်အစိုးရအဖွဲ့သစ် ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆို

**ခါတွန်း စက်တင်ဘာ ၁၆**

ဆူဒန်အစိုးရအဖွဲ့သစ်ဝန်ကြီးများသည် စနေနေ့က ဆူဒန်သမ္မတ အိုမာအယ်လ်ဘတ်ရှီရာ၏ရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ပြည်သူများ၏ ဘဝအခြေအနေ တိုးတက်ရေးအတွက် အစိုးရသစ်တွင် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စ များစွာရှိကြောင်း တိုင်းပြည်၏ တည်ငြိမ်ရေးနှင့် စီးပွားရေး အခြေအနေများကို ရည်ညွှန်း၍ ဆူဒန် သတင်းအချက်အလက် ဝန်ကြီးသစ် ဘတ်ရှာရာ ဂျူမာအာရာက ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။



လက်ရှိကြုံတွေ့နေရသော စီးပွားရေးဆိုင်ရာ ပဋိပက္ခများသည် အစိုးရသစ်၏ အဓိကစိန်ခေါ်မှုပင်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။ ဆူဒန်အာဏာရ အမျိုးသားကွန်ဂရက်ပါတီသည် ကြာသပတေးနေ့က အစိုးရအသစ် ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။

ဆူဒန်နိုင်ငံသည် ငွေကြေးဖောင်းပွမှုမြင့်မားခြင်း၊ ငွေကြေးတန်ဖိုးကျဆင်းခြင်းတို့ကြောင့် စီးပွားရေးဆိုင်ရာ အကျပ်အတည်းများ ပေါ်ပေါက်လျက်ရှိသည်။ အာဏာရ အမျိုးသားကွန်ဂရက်ပါတီ ဒုတိယဥက္ကဋ္ဌ ဖီဆယ် ဟတ်ဆန် အီဘရာဟင်ကို ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီး စိုက်ပျိုးရေးဝန်ကြီးအဖြစ် ဟတ်ဆာဘာ အယ်နိုင်ဘီ မူဆာ ကို ခန့်အပ်ခဲ့ကာ ရေနံ ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်း ဝန်ကြီးအဖြစ် အက်ဇ်ဟာရီ အဗ္ဗဒူဂါဒီယာကို ခန့်အပ်ခဲ့သည်။

**ဆင်ဟွာ**

# ဖြုတ်ချခံရသည့် အီဂျစ်သမ္မတဟောင်းမူဘာရက်၏ သားနှစ်ဦးကိုဖမ်းဆီးရန် တရားရုံးမှအမိန့်ချ

**ကိုင်ရို စက်တင်ဘာ ၁၆**

ဖြုတ်ချခံရသည့် အီဂျစ်သမ္မတဟောင်း ဟိုစနီမူဘာရက်၏ သားနှစ်ဦးဖြစ်သူ အလာမူဘာရက်နှင့် ဂယ်မယ်မူဘာရက်တို့အပြင် စတော့ဈေးကွက်တွင် ကြိုးကိုင်မှုဖြင့် ဖမ်းဆီးခံထားရသူနှစ်ဦးတို့ကို စနေနေ့က ဖမ်းဆီးရန် အီဂျစ်တရားရုံးက အမိန့်ချခဲ့သည်ဟု အစိုးရပိုင် အာဟမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

သတင်းတင်ပြချက်အရ ကိုင်ရိုတရားရုံးမှ တရားခွင်ကို အောက်တိုဘာ ၂၀ ရက်ဟု သတ်မှတ်ထားကြောင်း သိရသည်။ ဖမ်းဆီးခံထားရသူများမှာ အမျိုးသားဘဏ်မှ ကိုယ်ကျိုးစီးပွားအတွက် အမြတ်ထုတ်ရောင်းချမှုများ၊ တရားမဝင်ဘဏ္ဍာငွေ ၂၇ ဒသမ ၆ မီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၆ သန်း) ကို ဆိုက်ပရက်အခြေစိုက်ကုမ္ပဏီမှ လက်ခံရယူမှုတို့အတွက် တရားစွဲဆိုခံရမည်ဖြစ်သည်။

အီဂျစ်ကို နှစ်ပေါင်း ၃၀ ကြာ အုပ်ချုပ်ခဲ့သော မူဘာရက်၏ သားနှစ်ဦးဖြစ်သူမှာ ၂၀၁၃ ခုနှစ်က တရားခွင်ဆိုင်းငံ့ပြီး လွတ်မြောက်ခဲ့သည်။

အလာနှင့် ဂယ်မယ်မူဘာရက်တို့သည် ၂၀၁၁ ခုနှစ် လူထုအုံကြွမှုအပြီး ၎င်းတို့၏ဖခင် ဖြုတ်ချခံရပြီးနောက်တွင် အကျင့်ပျက်ခြစားမှုများစွာဖြင့် တရားစွဲဆိုခြင်းခံထားရသည်။

**ဆင်ဟွာ**

# တရုတ်-ဂျပန် အနာဂတ်ဆက်ဆံရေး တက္ကသိုလ်ကျောင်းသားများ ဆွေးနွေး

**ကွမ်တုံ စက်တင်ဘာ ၁၆**

တရုတ်နှင့်ဂျပန် တက္ကသိုလ်များမှ ကျောင်းသားများသည် ငြိမ်းချမ်းရေးနှင့် ခင်မင်ရင်းနှီးမှုစာချုပ် နှစ် ၄၀ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံ အနာဂတ်ဆက်ဆံရေးအတွက် ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲကို တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုံပြည်နယ် ကွမ်ကျိုးတွင် စနေနေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ဟိုရိုဂို စီရင်စုမှ ဂျပန်ကျောင်းသားရှစ်ဦး၊ ကွမ်တုံပြည်နယ်တွင် ဂျပန်ဘာသာသင်ယူနေသော တရုတ်ကျောင်းသား၃၀ခန့်သည် ယင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ဂျပန်ကျောင်းသားများက ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံ ရှန်ကျန်းနှင့် အခြားသောနေရာများမှ လယ်ယာစိုက်ပျိုးမှုပုံစံအသစ်သို့ သွားရောက်ခဲ့ရသည့်အတွက် စိတ်အားတက်ကြွမှုဖြစ်ရကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှကျောင်းသားများကလည်း အသက်ကြီးပိုင်းများ၏စိတ်ထဲတွင် ဂျပန်နိုင်ငံနှင့်ပတ်သက်၍ ပုံရိပ်ဆိုးများရှိနေသော်လည်း မျိုးဆက်သစ်လူငယ်များ၏စိတ်ထဲတွင်မူ ထိုသို့အမြင်များမရှိဘဲ ပြောင်းလဲသည့်အမြင်များရှိကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများကို အမေရိကန်မှ အခွန်စည်းကြပ်မည်

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများကို အခွန်စည်းကြပ်မှုများ ပြုလုပ်မည်ဟု ဆုံးဖြတ်ခဲ့ရာ အဆိုပါဆုံးဖြတ်ချက်ကို မကြာမီတွင် ကြေညာမှုပြုလုပ်လိမ့်မည်ဟု အမေရိကန်မီဒီယာများက ဖော်ပြကြသည်။

ဝါရှင်တန်ပို့စ်နှင့် ဝေါစထရိဂျာနယ်တို့တွင် အမည်ဖော်ပြထားခြင်းမရှိသည့် သတင်းအရင်းအမြစ်များမှ ပြောပြချက်များကို ကိုးကား၍ ၁၀ရာခိုင်နှုန်းခန့် အခွန်စည်းကြပ်မှုပြုလုပ်မည်ဟု ဖော်ပြထားသည်။ အမေရိကန်သမ္မတ ထရန့်သည် စတီးလ်သွင်းကုန်များကို ၂၅ ရာခိုင်နှုန်း ၊ အလူမီနီယံများကို ၁၀ရာခိုင်နှုန်း အလားတူ ဒေါ်လာ ဘီလီယံ ၅၀ တန်ဖိုးရှိ တရုတ်မှကုန်ပစ္စည်းများကို ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု ပြုလုပ်ထားပြီး ဖြစ်သည်။

ဝါရှင်တန်နှင့် ပေကျင်းကြား ကုန်သွယ်ရေးတင်းမာမှုကို လျှော့ချတော့မည်လားဟု မျှော်လင့်ချက်ကို အားနည်းစေခဲ့သည်။ ကြာသပတေးနေ့ကလည်း အမေရိကန်က ကမ်းလှမ်းလာသော ကုန်သွယ်ရေးဆွေးနွေးပွဲကို တရုတ်နိုင်ငံမှ ကြိုဆိုခဲ့ပြီး ကမ္ဘာ့



ထိပ်သီးစီးပွားရေးနိုင်ငံကြီး နှစ်ခုကြား ကုန်သွယ်ရေးတင်းမာမှုကို လျှော့ချပေးနိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှား ဓားစာခံများကို ဖိလစ်ပိုင်တပ်ဖွဲ့ ကယ်တင်

**မနီလာ စက်တင်ဘာ ၁၆**

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် လပေါင်း ၂၀ ကြာ ပြန်ပေးဆွဲခံထားရသော အင်ဒိုနီးရှားဓားစာခံ သုံးဦးကို ကယ်တင်လိုက်နိုင်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဆူလူပြည်နယ် အင်ဒါနန်ကျေးရွာတွင် စနေနေ့ ညနေ ၄ နာရီခန့်က အင်ဒိုနီးရှားဓားစာခံ သုံးဦးကို ကယ်တင်လိုက်နိုင်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ဂါရီဘီစာနာက ပြောသည်။

ဓားစာခံများမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှစတင်ကာ ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း၊ တာဝီတာဝီပြည်နယ် တာဂါနက်ကျွန်း ရေပြင် အမြန်ရေယာဉ် ပေါ်တွင်ရှိနေစဉ် အဖမ်းခံရခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ကယ်ဆယ်လာသော ဓားစာခံများကို ဆေးရုံသို့ခေါ်ဆောင်သွားပြီး ဆေးစစ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသုံးဦးကို မည်သည့်အဖွဲ့အစည်းက ဖမ်းဆီးသွားသည်ကိုမူ ဘီဆာနာက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ဖိလစ်ပိုင်တပ်ဖွဲ့ကမူ အင်ဒိုနီးရှားနိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများကို ပြန်ပေးဆွဲမှုများပြုလုပ်လေ့ရှိသော အဘူဆေယက်ဖ်အဖွဲ့ကို အပြစ်တင်ထားသည်။ **ဆင်ဟွာ**

### အမေရိကန်၌ အပူပိုင်းမုန်တိုင်း ဖလောရန့်ကြောင့် မိုးသည်းထန်ပြီး လျှပ်စစ်မီးပြတ်

**ကာရိုလိုင်းနား စက်တင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စု ကာရိုလိုင်းနားပြည်နယ် မြောက်ပိုင်းတွင် ဝင်ရောက်တိုက်ခတ်နေသော အပူပိုင်းမုန်တိုင်း ဖလောရန့်ကြောင့် ရေကြီးမှုများနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပွားခဲ့ပြီး ရှစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း သိရသည်။

မုန်တိုင်းဒဏ်ကြောင့် တနင်္လာနေ့အထိ မိုးပိုမိုရွာသွန်းနိုင်ကြောင်း အမေရိကန် ရာသီဥတုဆိုင်ရာ အရာရှိများက ပြောသည်။ သေဆုံးသူ ရှစ်ဦးတွင် ကလေးနှင့် မိခင်တစ်ဦးလည်း ပါဝင်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြကြသည်။ မြောက်ကာရိုလိုင်းနားတွင် လေပြင်းများ တိုက်ခတ်လျက်ရှိပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ နေအိမ်များ ရေလွှမ်းခံနေရသည်။

ကာရိုလိုင်းနား မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် နေအိမ်ပေါင်း ခုနစ်သိန်းခွဲခန့်မှာ လျှပ်စစ်မီးများပြတ်တောက်လျက်ရှိသည်။ လွန်ခဲ့သောနှစ်က ဖြစ်ပွားခဲ့သော အင်အားပြင်းဟာရီကိန်းမုန်တိုင်းကြောင့် တက္ကဆက်ပြည်နယ်နှင့် ပွာတိုရီကိုတို့တွင် ဒေသခံအများအပြားသေဆုံးခဲ့မှုဖြစ်ပွားခဲ့ရာ ယခုတစ်ကြိမ်မုန်တိုင်းတွင် ထိုသို့မဖြစ်ပွားစေရေး အမေရိကန်အာဏာပိုင်များသည် သတိပေးထုတ်ပြန်မှုများ အမြင့်ဆုံးအဆင့်ပြုလုပ်ထားသည်။

**အင်န်အိတ်ချ်ကေ**



ရာမလာတွင် ဘောလုံးကစားနေကြသော ပါလက်စတိုင်းမိန်းကလေးငယ်များကို တွေ့ရစဉ်။

# ပါလက်စတိုင်းအပေါ် ရန်ပုံငွေဖြတ်တောက်မှုတွေ ဆက်တိုက်ပြုလုပ်နေတဲ့ အမေရိကန်

*ချိုးစန္ဒီနွေး*

**အမေရိကန်ဟာ သူ့ရဲ့မူဝါဒအရ ပါလက်စတိုင်းအပေါ်ပေးခဲ့တဲ့ ငွေကြေးအကူအညီတွေ တဖြည်းဖြည်း ဖြတ်တောက်ခဲ့ရာမှာ အခုအခါမှာလည်း ဒေါ်လာသန်းပေါင်းများစွာ တန်တဲ့ အစီအစဉ်တစ်ခုကို အရင်လိုငွေကြေးထောက်ပံ့မပေးတော့ဘဲ ဖြတ်တောက်ပစ်လိုက်ဖို့ အမေရိကန်အရာရှိတွေက ရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။**

### နောက်တစ်ကြိမ် အကူအညီဖြတ်တောက်မှုတစ်ခု

အခုအမေရိကန်ဘက်က ရန်ပုံငွေ ရပ်ဆိုင်းလိုက်တဲ့ အစီအစဉ်ဟာ ပါလက်စတိုင်းနဲ့အစ္စရေးလူငယ်တွေကြား ဆက်ဆံရေးတည်ဆောက်ဖို့အတွက် ရည်ရွယ်ပြီး ပြုလုပ်ခဲ့တဲ့ အစ္စရေး-ပါလက်စတိုင်းဖလှယ်ရေး အစီအစဉ်လည်းဖြစ်ပါတယ်။ အခုလိုပြုလုပ်လိုက်ခြင်းအားဖြင့် ပါလက်စတိုင်းလူမျိုးတွေ အထူးသဖြင့် ကလေးငယ်တွေ အဆိုပါအစီအစဉ်ကနေ ကူညီထောက်ပံ့မှုရရှိနေခြင်းဟာ အဆုံးသတ်သွားပြီ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတွက် ရန်ပုံငွေကို အမေရိကန်အစိုးရရဲ့ ၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်မှာလွှတ်တော်ကနေ ခွဲဝေချထားပေးခဲ့တာပဲဖြစ်ပါတယ်။ အဲဒီသက်တမ်းဟာအခုလအတွင်းမှာပဲ ကုန်ဆုံးသွားပြီဖြစ်ပါတယ်။ အတိတ်ကာလတုန်းကဆိုရင် ဒီရန်ပုံငွေကရတဲ့ ငွေတွေနဲ့ ပါလက်စတိုင်းလူငယ်တွေနဲ့ အစ္စရေးလူငယ်တွေကြား အမြင်ချင်းဖလှယ်ဖို့အတွက် အသုံးပြုမယ်ဆိုပြီး ရည်ရွယ် တည်ထောင်ခဲ့တာလည်း ဖြစ်ပါတယ်။

### အိမ်ဖြူတော်ရဲ့ဆုံးဖြတ်ချက်

အစောပိုင်းကာလမှာ အမေရိကန်က ပါလက်စတိုင်းအပေါ် ငွေကြေးထောက်ပံ့မှုတွေ ရပ်ဆိုင်းမှုပြုလုပ်လာတဲ့အခါ အရပ်သားတွေကို အထောက်အကူဖြစ်တဲ့ ဒေါ်လာ ၁၀ သန်းတန်တဲ့ ကူညီထောက်ပံ့ရေး အစီအစဉ်ကိုတော့ဖြင့် ဆက်လက်ထားရှိမယ်လို့ မျှော်လင့်ထားခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်မှာတော့ အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီက အစ္စရေးနဲ့ ပါလက်စတိုင်းတို့ နှစ်ဦးနှစ်ဖက် အကျိုးအမြတ် ဖြစ်ထွန်းစေမယ့် အဆိုပါအစီအစဉ်ကို လွှတ်တော်ရဲ့ သဘောတူညီမှုနဲ့ ငွေကြေးကူညီထောက်ပံ့ခဲ့ပေမယ့် အခုနောက်ပိုင်းမှာတော့ ဆက်လက်ထောက်ပံ့ခြင်းပြုမှာ မဟုတ်တော့ဘူးလို့ လွှတ်တော်အမတ် ပက်ထရစ်ရဲ့နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လက်ထောက်ဖြစ်သူ တင်မ်ရီဆာက ပြောခဲ့ပါတယ်။ အေဂျင်စီကအရာရှိတွေကတော့ ပါလက်စတိုင်းတွေအပေါ် အကျိုးပြုနေတဲ့ ဒီအစီအစဉ်ကို ငွေကြေးဖြတ်တောက်တာမျိုးတွေ မလုပ်စေချင်ပါဘူး။ ဒါပေမယ့်လည်း အိမ်ဖြူတော်ကဒီအစီအစဉ်ကို ဆက်မလုပ်ချင်တော့ဘူး ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

### ခက်ခဲတဲ့ရွေးချယ်မှု

ရလဒ်အနေနဲ့ကတော့ အဆိုပါအစီအစဉ်ကနေ အစ္စရေးနိုင်ငံအတွင်းက အစ္စရေးဂျူးနဲ့ အစ္စရေးပါလက်စတိုင်းတွေပဲ ရန်ပုံငွေရရှိတော့မှာပါ။ အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနဲ့ ကူညီထောက်ပံ့ရေးအစီအစဉ်ကို လုံးလုံးရပ်နားလိုက်မှာလား၊ ဒါမှမဟုတ် ရန်ပုံငွေအဆုံးရှုံးခံမလား ၊ ဒါမှမဟုတ် အချို့အရာတွေနဲ့ပဲ ဆက်လက် လုပ်ဆောင်နေမလားဆိုတဲ့ ခက်ခဲတဲ့ရွေးချယ်မှုနဲ့ ကြုံလာတဲ့အခါ အစ္စရေးဂျူးနဲ့ အစ္စရေး အာရပ်တွေသာပါတဲ့ အစီအစဉ်ကို ဆက်လက်ထောက်ပံ့ပေးဖို့ပဲ ရွေးချယ်ခဲ့တယ်လို့ မစ္စတာရီဆာက ပြောပါတယ်။ပါလက်စတိုင်းအပေါ် လတ်တလော အကူအညီတွေနဲ့ပတ်သက်ပြီး အမေရိကန်အစိုးရအဖွဲ့က ဖြတ်တောက်ဖို့ ကြိုးစားခဲ့တဲ့အတွက် လက်တလော အခြေအနေမှာတော့ အနောက်ဘက်ကမ်းနဲ့ဂါဇာဒေသမှာရှိတဲ့ ပါလက်စတိုင်းတွေကို အကူအညီပေးဖို့ဆိုတာ မဖြစ်နိုင်သေးဘူးလို့ အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေး အေဂျင်စီကနေ သောကြာနေ့က သတင်းထုတ်ပြန်ထားပါတယ်။ ဒါပေမယ့်လည်း အေဂျင်စီဟာ အစ္စရေးနိုင်ငံအတွင်းမှာရှိတဲ့ လူမှုအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းတွေမှာတော့ ဆက်လက်ကူညီသွားမယ်လို့ ဆိုပါတယ်။

### ပါလက်စတိုင်းအာဏာပိုင်များအပေါ် အပြစ်တင်

ပါလက်စတိုင်းအရပ်သားတွေအပေါ် ရန်ပုံငွေထောက်ပံ့တာတွေ ရပ်ဆိုင်းမှုဟာ အရှေ့အလယ်ပိုင်းဆိုင်ရာ အိမ်ဖြူတော်အကြံပေးဖြစ်သူ ဂျာရက် ကက်ရှ်နားရဲ့ လုပ်ဆောင်မှုပဲဖြစ်ပါတယ်။ သူဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ သမက်လည်း ဖြစ်ပါတယ်။ သူဟာ အစ္စရေးနဲ့ ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးအစီအစဉ်အတွက် အလုပ်လုပ်ကိုင်နေသူဖြစ်တဲ့အပြင် ပါလက်စတိုင်းတွေနဲ့ စေ့စပ်ညှိနှိုင်းရေးအတွက် နည်းလမ်းတွေ ရှာဖွေနေသူလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာက သမ္မတထရန့်ဟာ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် ကြေညာခဲ့ပြီးတဲ့နောက်မှာ ပါလက်စတိုင်းအာဏာပိုင်တွေနဲ့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ဟာ ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းရေးကို လက်မခံကြတော့ဘဲ ငြင်းဆန်ခဲ့ကြပါတယ်။ အဲဒီလုပ်ရပ်အတွက်လည်း မစ္စတာ ဂျာရက် ကက်ရှ်နားက ပါလက်စတိုင်း အာဏာပိုင်တွေကို အပြစ်တင်ခဲ့ပါတယ်။

### ရန်ပုံငွေတွေ ဆက်တိုက်ဖြတ်တောက်

ဩဂုတ်လနှောင်းပိုင်းမှာ သမ္မတထရန့်အစိုးရဟာ အနောက်ဘက်ကမ်းနဲ့ဂါဇာဒေသမှာရှိတဲ့ ပါလက်စတိုင်းတွေအတွက် အကူအညီပေးထားတဲ့ ဒေါ်လာသန်း ၂၀၀ ရန်ပုံငွေကိုစတင်ဖြတ်တောက်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အမေရိကန်ဟာ ပါလက်စတိုင်းတွေအတွက် ကုလသမဂ္ဂအကူအညီပေးရေး အေဂျင်စီကနေတစ်ဆင့် ပေးအပ်နေတဲ့ ဒေါ်လာ ၂၅ သန်းတန် အကူအညီကို ရပ်ဆိုင်းလိုက်ပါတယ်။ အဲဒီရန်ပုံငွေဟာ ဂျေရုဆလင်မှာရှိတဲ့ ပါလက်စတိုင်းတွေ တက်ရောက်ကုသရာဆေးရုံတွေကို အဓိကထောက်ပံ့ပေးတဲ့ ရန်ပုံငွေလည်းဖြစ်ပါတယ်။ အဲဒီလိုဖြတ်တောက်မှုတွေမတိုင်ခင်က အမေရိကန်ဟာ ပါလက်စတိုင်းအတွက် အကြီးဆုံး အလှူရှင်နိုင်ငံလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်မတိုင်ခင် အချိန်ကတော့ ပါလက်စတိုင်းဘက်က ထောက်ခံသူတွေဟာ စီမံခန့်ခွဲမှုပဋိပက္ခနဲ့ ပြဿနာများ လျော့ပါးစေရေးအတွက် ပါလက်စတိုင်းတွေကို ငွေကြေးထောက်ပံ့မှုပေးနေတဲ့ ဒေါ်လာ ၁၀ သန်းတန် အကူအညီကိုတော့ မဖြတ်လောက်ဘူးလို့ မျှော်လင့်ခဲ့ကြပါတယ်။

### ယုံကြည်မှုကင်းမဲ့လာနိုင်

အမေရိကန်ပြည်ထောင်စုက ရရှိခဲ့တဲ့ ငွေတွေဟာဆိုရင် ပါလက်စတိုင်းနဲ့ အစ္စရေးကြား ငြိမ်းချမ်းရေးနှင့်ပြန်လည်သင့်မြတ်ရေးအတွက် နှစ်စဉ်ထောက်ပံ့ပေးနေတဲ့ ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေရဲ့ လေးပုံတစ်ပုံခန့်ရှိတယ်လို့ အရှေ့အလယ်ပိုင်းဆိုင်ရာငြိမ်းချမ်းရေးမှ ညွှန်ကြားရေးမှူး ဂျိုးလ်ဘရောင်းနယ်က ပြောပါတယ်။ ပါလက်စတိုင်းအပေါ် ထောက်ပံ့ပေးနေတဲ့ ရန်ပုံငွေတွေ ဖြတ်တောက်လိုက်ခြင်းအားဖြင့် ပြဿနာတွေဖြေရှင်းဖို့ အဓိကအကြောင်းရင်းတွေဖြစ်တဲ့ အပြန်အလှန် နားလည်မှု၊ စိတ်ရှည်သည်းခံမှု၊ အစရှိတာတွေကို တည်ဆောက်နေတဲ့ အစီအစဉ်တွေအပေါ် ယုံကြည်မှုကင်းမဲ့လာစေတယ်လို့ ဆိုပါတယ်။

### အပြန်အလှန်ဖလှယ်ရေး အစီအစဉ်၏ လှုပ်ရှားမှုများ

အစ္စရေး - ပါလက်စတိုင်း အပြန်အလှန် ဖလှယ်ရေးအစီအစဉ်မှာဆိုရင် လှုပ်ရှားမှုလုပ်ငန်းဆောင်တာတွေ အများကြီးပါဝင်ပါတယ်။ ဥပမာအားဖြင့် အစ္စရေးကလယ်သမားတွေနဲ့ ပါလက်စတိုင်းက လယ်သမားတွေ အတူတကွစိုက်ပျိုးတာမျိုး၊ အစ္စရေးနဲ့ ပါလက်စတိုင်းအမျိုးသမီးတွေ အတူဘောလုံးကစားတာမျိုး အစရှိတာမျိုးတွေ ပါဝင်ပါတယ်။ ကလေးတွေအတွက် ငြိမ်းချမ်းရေးဆိုတဲ့ အစီအစဉ်မှာဆိုရင် ဂျေရုဆလင် အရှေ့ခြမ်းနဲ့ အနောက်ခြမ်းအပြင် အိမ်နီးချင်း အနောက်ဘက်ကမ်းက လူငယ် ၁၀၀၀ ကျော် ပါဝင်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်တာတွေ၊ နေအိမ်တွေကို အလည်အပတ်သွားရောက်တာတွေ၊ အခြားသော လှုပ်ရှားမှုတွေ အများကြီးပါဝင်ပါတယ်။

ဒီလိုမျိုးအခြေအနေမှာ အမေရိကန်ဘက်က အကူအညီတွေ ဖြတ်တောက်လိုက်တဲ့အတွက် ပြန်လည်သင့်မြတ်ရေးအစီအစဉ်တွေမှာ ထိခိုက်လာမှာကို စီစဉ်သူတွေ စိုးရိမ်လာပါတယ်။ ရီပတ်ဘလစ်ကန်ကပဲ ဖြစ်ဖြစ်၊ ဒီမိုကရက်တစ်ဘက်ကပဲ ဖြစ်ဖြစ် တက်လာတဲ့ အမေရိကန်သမ္မတအစဉ်အဆက်ဟာ အစ္စရေး -ပါလက်စတိုင်းကြား ငြိမ်းချမ်းရေးအတွက် ကြားကနေ ဆောင်ရွက်ပေးခဲ့တာ ဆယ်စုနှစ်များစွာကျော်လွန်ခဲ့ပါပြီ။ အခု သမ္မတထရန့်လက်ထက်မှာလည်း ဘာတွေဆက်ဖြစ်မယ်ဆိုတာ ခန့်မှန်းဖို့ကတော့ မလွယ်ကူလှပါဘူး။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

# မန္တလေးမြို့၌ ကမ္ဘာ့သန့်ရှင်းရေးနေ့ အခမ်းအနားကျင်းပ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မန္တလေး စက်တင်ဘာ ၁၆**

အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းမရှိသောကြောင့် သမုဒ္ဒရာကြမ်းပြင်တွင် အန္တရာယ်များဖြစ်ပေါ်လျက်ရှိကာ ဂေဟစနစ်များ ပျက်စီးလျက်ရှိနေပြီး ရာသီဥတုပုံမှန်ဖြစ်စေရန်အတွက် လူတိုင်းလူတိုင်း အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်လိုအပ်ကြောင်း စက်တင်ဘာလ ၁၅ ရက်က ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် မနော်ရမ္မံကွင်း၌ ကျင်းပသည့် အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ဘာကြီးတွင် အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းမရှိသောကြောင့် သမုဒ္ဒရာကြမ်းပြင်များတွင် အန္တရာယ်များဖြစ်ပေါ်လျက်ရှိကြောင်း၊ ဂေဟစနစ်များ ပျက်စီးနေကြောင်း၊ ကမ္ဘာကြီးတွင် လူများသာ နေထိုင်ခြင်းမဟုတ်ဘဲ အခြားသက်ရှိသတ္တဝါများလည်း ရှိပါကြောင်း၊ ဂေဟစနစ်မျှတနေမှသာလျှင် ကမ္ဘာကြီးသည် ရာသီဥတုပုံမှန်ဖြစ်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အမှိုက်စွန့်ပစ်မှုမှာ တစ်နေ့လျှင် တန်ချိန် ရှစ်သန်းခန့်ရှိကြောင်း၊ စွန့်ထုတ်နေသည့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တန်ချိန်ပေါင်း နှစ်သောင်းခန့် နေ့စဉ်စွန့်ထုတ်နေကြောင်း၊ ယင်းအမှိုက်တွေကိုလည်း စနစ်တကျစွန့်ပစ်ရန် အရေးကြီးကြောင်း၊ မန္တလေးမြို့တွင် တန်ချိန်တစ်ထောင် နေ့စဉ်စွန့်ပစ်နေကြောင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရမည်ဖြစ်ကြောင်း၊ နေ့စဉ်သုံးစွဲသော ပစ္စည်းများမှ အမှိုက်များပါပါက စနစ်တကျစွန့်ပစ်တတ်ရန် ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Clean Mandalay Campaing အဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်က ကျေးဇူးတင်စကားပြောကြားပြီး ကိုယ်ပိုင်ကျောင်းများအသင်း (မန္တလေး) က Clean Mandalay Campaing အဖွဲ့သို့ အလှူငွေပေးအပ်ခဲ့သည်။

ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းအမှိုက်ကောက်ခဲ့ပြီး ကျွဲဆည်ကန်ကားကွင်းနှင့် အောင်မြေသာစံမြို့နယ် အလက (၁၉)တွင်လည်း အထိမ်းအမှတ်အဖြစ် အဖွဲ့များခွဲကာ အမှိုက်များကောက်ခဲ့ကြသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်၍ အမြင့်ပေ ၅၀၁၀ ရှိ လွိုင်နန်းဖတောင်သို့ ခြေလျင်တောင်တက်ခရီးစဉ် တက်ရောက်

**ဒီးမော့ဆို စက်တင်ဘာ ၁၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဝါသောခိုရွာသစ်ကျေးရွာအုပ်စု လော်ခိုသာကျေးရွာရှိ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၁၀ ရှိ လွိုင်နန်းဖတောင်သည် ခြေလျင်တောင်တက်ခရီးသွားလုပ်ငန်းအတွက် အထင်ကရနေရာတစ်ခုတွင် ပါဝင်လာခဲ့ရာ ပွင့်လင်းရာသီတွင် ကယားပြည်နယ်သို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ၊ ဒေသခံပြည်သူများအတွက် ခြေလျင်တောင်တက် ခရီးသွားလုပ်ငန်းထွန်းကားလာစေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်သောအစီအမံများ ဆောင်ရွက်နိုင်ရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်၍ ယမန်နေ့က တက်ရောက်ခဲ့ကြောင်း သိရသည်။



အဆိုပါ တောင်တက်ခရီးစဉ်သို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် ဇနီး၊ ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာန၊ တက္ကသိုလ်၊ ကောလိပ်များမှ တောင်တက်ခရီး လိုက်ပါလိုကြောင်း စာရင်းပေးသွင်းထားသည့် လူဦးရေ ၂၀၀ ကျော်ခန့် ပါဝင်ခဲ့ကြသည်။

လွိုင်နန်းဖတောင်ထိပ်တွင် မြိုင်ကြီးငူဆရာတော်ကြီးမှ ၂၀၀၃ ခုနှစ်တွင် ဦးစီးတည်ထားကိုးကွယ်သည့် ဉာဏ်တော်အမြင့် ၄၅ ပေရှိ စေတီတော်နှင့် ကက်သလစ်ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမောဦးစီး၍ ကက်သလစ်အသင်းတော်နှင့် နှစ်ချင်းခရစ်ယာန်အသင်းတော်တို့မှ ၁၉၉၅-၁၉၉၆ ခုနှစ်တွင် စိုက်ထူခဲ့သည့် အမြင့် ၄၅ ပေရှိ လက်ဝါးကပ်တိုင်တို့အား သက်ဆိုင်ရာဘာသာဝင်အလိုက် ကြည်ညိုနိုင်ယုံမျှမက ကယားပြည်နယ်၏ သဘာဝအလှအပများကို အပြည့်အဝခံစားရရှိနိုင်မည့် နေရာတစ်ခုဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် သွားရောက်လည်ပတ်သင့်သည့် နေရာတစ်ခုဖြစ်ကြောင်းနှင့် ဖူးကောင်းမွန်အေးနှင့် လွိုင်နန်းဖတောင် သမိုင်းများသည်လည်း စိတ်ဝင်စားဖွယ်ရာ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**



# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် ထုံးအိုင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ဘားအံ စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်သည် ဘားအံ မြို့နယ် ထုံးအိုင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများအား ယမန်နေ့က လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထုံးအိုင်ကျေးရွာကွင်းကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း ခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထုံးအိုင်ကျေးရွာ အမှတ် (၁)ရပ်ကွက် သာသနာ့ဂုဏ်ရည်ကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တကောသလ၊ အမှတ် (၅) ရပ်ကွက် သူရိယာရာမ ကျောင်းသစ် ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသေဋ္ဌဉာဏနှင့် တောရ ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရတို့အား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူးမြို့အမှတ် (၁) လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ပဲခူး စက်တင်ဘာ ၁၆**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူးမောင်မောင်မြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များစုပေါင်း၍ ယမန်နေ့မှစတင်ကာ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ ဌာနချုပ်တပ်ခွဲမှူးရဲမှူး၊ ပဲခူးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူဒါန်းသူများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်ဇင်(ပဲခူး)**

# မြစ်ကြီးနားမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**မြစ်ကြီးနား စက်တင်ဘာ ၁၆**

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဗီဒီယိုမှတ်တမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်မှ ညွှန်ကြားရေးမှူးချုပ် Erik Solheim ၏ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ သဝဏ်လွှာကို ဖွင့်လှစ်ပြသခဲ့သည်။

ယင်းနောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ပြည်နယ်ဝန်ကြီးချုပ်က အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးဆုရရှိသူများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက အထက်တန်းနှင့် အလယ်တန်းအဆင့်ကွန်ပျူ တာပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများ၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ညွှန်ကြားရေးမှူးက အခမ်းအနား ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ NGO၊ INGO များနှင့် အခမ်းအနားတက်ရောက်လာသူများက ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**



## တွံ့တေးမြို့နယ် ပသီချောင်းကူးတံတား တည်ဆောက်ပြီးစီး

**တွံ့တေး စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် တွံ့တေးဝကျေးရွာအုပ်စုနှင့် ပသီကျေးရွာအုပ်စုကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်ပသီချောင်းတံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မတည်ရန်ပုံငွေကျပ် ၇၅ သိန်းဖြင့် ဒေသခံတို့သွားလာရလွယ်ကူစေရန် တည်ဆောက်ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို တိုင်းဒေသကြီးအစိုးရမှ ငွေကျပ် ၇၅ သိန်းနှင့် ဒေသခံ ပြည်သူများ ထည့်ဝင်ငွေ ၂၁၇၀၀၇၉၆ ကျပ် စုစုပေါင်းငွေကျပ် သိန်း ၂၈၀ ကျော်ဖြင့် အရှည်ပေ ၁၄၀၊ အကျယ် ခြောက်ပေ၊ အမြင့်ပေ ၂၀ ၊ ရေလမ်းကင်းလွတ်အကျယ် ၂၂ပေ သံမဏိသံပေါင်ဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

ဒေသခံတစ်ဦးကလည်း “ယခင်က ဝါးပိုးဝါးတံတားနှစ်စဉ်ထိုးရတယ်။ ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံပြည်သူတွေ သွားလို့ရအောင် ထိုးထားပေးရတယ်။ အခုလို သံမဏိသံပေါင် တံတားထိုးလိုက်တော့ ကျောင်းကို ဆိုင်ကယ်၊ စက်ဘီးနဲ့ အလွယ်တကူ သွားလို့ရပြီး ဒေသလည်းအချင်းချင်းဆက်သွယ်ဖွံ့ဖြိုးလာတာပေါ့” ဟု ပြောသည်။ **မျိုးလှိုင် (တွံ့တေး)**

# စစ်ကိုင်းမြို့ ဂူတစ်လုံးချောင်တွင် သီလရှင်ဆရာကြီး မယ်ကင်းပုံစံတူရုပ်တု တည်ထားကိုးကွယ်မည်

**စစ်ကိုင်း စက်တင်ဘာ ၁၆**

ရတနာပုံခေတ်က ဗန်းမော်ဆရာတော်ကြီးနှင့် စာဆိုအပြိုင်၊ ရှမ်းကလေးကျွန်းဆရာတော်၏ နမတော် ကသည်းအနွယ် သီလရှင်ဆရာကြီး မယ်ကင်း (ခေါ်) ဒေါ်ခေမာ၏ ပုံစံတူရုပ်တုကို ထုလုပ်၍ စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာရှိ ဂူတစ်လုံးချောင်တွင်တည်ထားကိုးကွယ်သွားမည်ဖြစ်ကြောင်းစစ်ကိုင်းမြို့နယ် သီလရှင်အလုပ်အမှုဆောင်အဖွဲ့ထံမှ သိရသည်။

စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာရှိ သီလရှင်ဆရာကြီး မယ်ကင်းသီတင်းသုံးနေထိုင်သွားသော ဂူတစ်လုံးချောင်တွင် ဆရာကြီး မယ်ကင်း၏ ပုံစံတူရုပ်တု တည်ထားကိုးကွယ်ရန် မုံရွာမြို့ရှိ ပန်းပုလုပ်ငန်းတစ်ခုတွင် ပြီးခဲ့သည့်နှစ်က အပ်နှံထားရှိခဲ့ကြောင်း၊ သီလရှင်ဆရာကြီး မယ်ကင်း၏ ပုံစံတူရုပ်တုထုလုပ်ပြီးစီးခဲ့၍ ဂူတစ်လုံးချောင်ရှိ သီလရှင် ဆရာကြီးမယ်ကင်း၏ အုတ်ဂူပြာသာဒ်၌ တည်ထားကိုးကွယ်ရန် စက်တင်ဘာ ၁၃ ရက်တွင် မုံရွာမြို့မှ စစ်ကိုင်းမြို့သို့ ပင့်ဆောင်ပူဇော်ခဲ့ကြောင်း မြို့နယ်သီလရှင်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သီလရှင်ဆရာကြီး ဒေါ်ကေတုဝတီက ပြောသည်။

"သီလရှင်အစ မယ်ကင်းကလို့အဆိုရှိတယ်။တစ်နိုင်ငံလုံးမှာရှိတဲ့ သီလရှင် တို့ရဲ့ မိခင်ကြီးဖြစ်တဲ့အတွက် ဆရာကြီးတို့စစ်ကိုင်းတောင် တစ်တောင်လုံးမှာရှိတဲ့ ဆရာလေးတွေက စုပေါင်းပြီး ဒီအုတ်ပြာသာဒ်ဂူကိုလည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်လည်ပြင်ဆင်တယ်။ ဒီရုပ်တုကိုလည်း ပူဇော်ပါတယ်။ ရုပ်တုကတော့ အင်္ဂတေနဲ့ပါ။ ဖွင့်ပွဲလည်း လုပ်ဦးမှာပါ။ သာသနာအတွက် နောက်နောင်ပုဂ္ဂိုလ်တွေ သာသနာပြုပုဂ္ဂိုလ် ဆရာကြီး မယ်ကင်းရဲ့အစဉ်အလာက ဒီလိုပါလားဆိုပြီးအတုယူ၍ နိဗ္ဗာန်ရောက်ကြောင်းတွေ ကြိုးစားနိုင်အောင် အားထုတ်နိုင်အောင် ရည်ရွယ်ချက်နဲ့ ထုလုပ်တာပါ" ဟု ဆရာကြီးဒေါ်ကေတုဝတီက ပြောပြသည်။

သီလရှင် ဆရာကြီး မယ်ကင်းသည် မဏိပူရကသည်းလူမျိုးဖြစ်ပြီး မင်းတုန်းမင်းတရားကြီး လက်ထက်သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် မဏိပူရ ကသည်းလူမျိုးများ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကာ ဆရာကြီးမယ်ကင်းသည် ငယ်စဉ်ကပင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ဥပဇ္ဈာယ်ဆရာထံ၌ ကစည်းသဒ္ဒါကြီးသဂြိုဟ်နှင့် ဋီကာကျော်များကို သင်ကြာပြီး ရဟန်းလူထွက် ဆရာကြီးထံတွင် အဌသာလိနီ အဌကထာနှင့်သမ္မောဟဝိ သောဒနီ၊ အဌကထာများကိုသင်ကြားကာ စစ်ကိုင်းတောင်ရိုး ဂူတစ်လုံးချောင်တွင် တောရဆောက်တည်နေထိုင်၍ ထွဋ်ခေါင်ဆရာတော်ထံ ညဝါနှင့် အဌကထာများကို သင်ကြားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတောင်ရိုး ဂူတစ်လုံးချောင်တွင် နေထိုင်သော သီလရှင်ဆရာကြီး မယ်ကင်း ( ခေါ် ) ဒေါ်ခေမာကို မင်းတုန်းမင်းတရားကြီးသည် မိဖုရားနှင့် သမီးတော်များကို ပညာသင်ကြားပေးရန် နန်းတွင်းသို့ ပင့်ဆောင်ထားခဲ့ကြောင်း၊ ဆရာကြီးမယ်ကင်းသည် အိုမင်းမစွမ်းရှိလာသောအခါတွင် နန်းတွင်း၌မနေဘဲ စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်နေထိုင်ကာ ဝိပဿနာလုပ်ငန်းဖြင့်သာ အချိန်ကုန်လွန်စေခဲ့ပြီး မင်းတုန်းမင်း တရားကြီးနတ်ရွာစံပြီးနောက် လေးနှစ်အကြာ သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၄ ခုနှစ် ပြာသိုလဆန်း ၅ ရက် သက်တော် ၆၈ နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ဆရာကြီး မယ်ကင်း အထိမ်းအမှတ်အဖြစ် အရိုးပြာအိုးကို ထည့်သွင်းရန် ခမ်းနားသော အုတ်ပြာသာဒ်ဆောင်ကို သီပေါမင်းတရားကြီး၊ မိဖုရားစုဖုရားလတ်တို့နှင့် တိုက်တော်သူကြီးမင်း ဦးဘိုးတို့က စစ်ကိုင်းတောင်ရိုးရှိ ဂူတစ်လုံးချောင်ရှေ့တွင် တည်ထားခဲ့ပြီး ယနေ့ထိတိုင်တွေ့မြင်ရကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေး

**သာပေါင်း စက်တင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော သာပေါင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုပါ ထည့်သွင်းအကောင်အထည်ဖော်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ဒုတိယပတ်က ပြည်အေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန့်ဇော်လွင်က အမှာစကားပြော ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က မိတ်ဆက်စကား ပြောကြားသည်။

အခမ်းအနားသို့ ကျေးရွာအုပ်စု ၆၇ စုမှ အုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်း အထောက်အကူပြုကော်မတီများ စုစုပေါင်း ၁၉၈ ဦး တက်ရောက်ကြပြီး မိမိတို့ဒေသတွင်း ကြုံတွေ့ရသော အခက်အခဲများနှင့် ယင်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် စီမံကိန်းလုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီဝင်များ (TPIC) နှင့် INGO များက ကျေးရွာအုပ်စုများ၏ တင်ပြတောင်းဆိုထားသော စီမံကိန်းလုပ်ငန်းများကို ဌာနဆိုင်ရာအကောင်အထည်ဖော်ဆောင်မှု အစီအစဉ်များတွင် ထည့်သွင်းနိုင်ရန် ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။

**ဗထူး**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၆**

ကျေးလက်ဒေသများမှ တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း (၁/၂၀၁၈)ကို ယမန်နေ့က ပျဉ်းမနားမြို့ အမှတ်(၈၄) စက်မှု လယ်ယာစခန်း၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စက်မှုလယ်ယာ ဦးစီးဌာန(ရုံးချုပ်) စီမံကိန်း(၁) ညွှန်ကြားရေးမှူး ဒေါ်ယုခင်က သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၇ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# ရန်ကုန်ဘူတာကြီးတွင် ခရီးသွားများအတွက် ပစ္စည်းတင်လှည်းများဖြင့် အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**



ရန်ကုန်ဘူတာကြီးတွင် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့၏ ကုန်စည်များကို သယ်ဆောင်ရာတွင် လွယ်ကူစွာသယ်ဆောင်နိုင်စေရန်အတွက် ပေါ့ပါးသောကုန်စည်တင်လက်တွန်းလှည်းငယ်များကို ရန်ကုန်ဘူတာကြီးက အခမဲ့ဝန်ဆောင်မှုဖြင့် ထားရှိပေးထားကြောင်း သိရသည်။

"ပထမဆုံးတွန်းလှည်း ၂၅ စီးကို တပ်ဆင်ပြီး ဘူတာကြီးအထက်တန်းနဲ့ ရိုးရိုးတန်းအပေါက် ခရီးသည်ဆိုက်ရောက်ရာနေရာမှာ ထားပေးခဲ့ပါတယ်။ အခု ၃၅ စီးရှိပါပြီ။ အစီး ၅၀ အထိ တပ်ဆင်ဖို့ ရည်ရွယ်ထားပါတယ်။ မီးရထားအင်ဂျင်နီယာဌာနက ကိုယ်တိုင်လုပ်ဆောင်တဲ့ တွန်းလှည်းလေးတွေပါ။ လိုအပ်တာရှိရင်လည်း လဲလှယ်ပြုပြင်ပါတယ်"ဟု ရန်ကုန်ဘူတာကြီးမှ မြန်မာ့မီးရထားလက်ထောက်တိုင်းမန်နေဂျာ ဦးအောင်နိုင်မြင့်က ပြောသည်။

ရန်ကုန်ဘူတာကြီးသို့ ခရီးသည်များရောက်ရှိရာ နေရာတွင် လက်တွန်းလှည်းများကို ထားရှိပေးပြီး ခရီးသည်များ၏ တစ်ပိုင်တစ်နိုင်ပစ္စည်းများကို ခရီးသည်များကိုယ်တိုင် တွန်းလှည်းဖြင့်တင်၍ ခရီးသည်နားနေဆောင်အတွင်းနှင့် ထိုနေရာမှ ရထားထွက်ခွာမည့်စင်္ကြံနေရာအထိ တွန်းလှည်းကိုယူဆောင်နိုင်ကာ မီးရထားဝန်ထမ်းများက တွန်းလှည်းများကို ပြန်လည်သိမ်းဆည်းပြီးမူလနေရာတွင်ပြန်လည်စီတန်းထားရှိပေးကြောင်း သိရသည်။

"အခုလို တွန်းလှည်းလေးနဲ့ဆိုတော့ အဘွားတို့ ပစ္စည်းတွေတင်ပြီး ရထားနားအထိ တွန်းသွားလို့ရတော့ အဆင်ပြေတာပေါ့။ ရဟန်းသံဃာတော်တွေ၊ အသက်ကြီးတဲ့သူတွေနဲ့ အမျိုးသမီးတွေအတွက် ပိုပြီးအဆင်ပြေသွားတာပေါ့။ ဝမ်းသာပါတယ်။ ဒီ့ထက်ပိုပြီး ပြည်သူကိုဝန်ဆောင်မှုပေးတာ ပြောင်းလဲတိုးတက်စေချင်ပါတယ်"ဟု တောင်ငူသို့ ရထားစီးမည့် ခရီးသည် အဘွားတစ်ဦးက ပြောသည်။

ရန်ကုန်ဘူတာကြီး၌ ခရီးသည်များအဆင်ပြေစေရန် ကုန်စည်တင်လက်တွန်းလှည်းများအပြင် ခရီးသွားများ နားနေရာနေရာတွင်လည်း ဖုန်းများအားသွင်းနိုင်ရန် စီမံဆောင်ရွက်ပေးထားကာ ရထားလက်မှတ်များကိုလည်း သုံးရက်ကြိုတင်၍ ဗိုလ်ချုပ်လမ်းတွင် ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးထားကြောင်း၊ လက်ကျန်လက်မှတ်များကိုလည်း ခရီးစဉ်ထွက်ခွာမည့်နေ့တွင် ဘူတာကြီးဝင်ပေါက်နေရာ၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်ဘူတာကြီးသို့ နေ့စဉ် နံနက် ၅ နာရီတွင် မန္တလေးရထားများနှင့် မော်လမြိုင်ရထားများ ဝင်ရောက်ပြီး နံနက် ၁၀ နာရီတွင် ပုဂံရထား၊ မွန်းလွဲ ၁ နာရီမှစ၍ ရွှေညောင်ရထားနှင့် စာပို့ရထားများ၊ ညနေ ၄ နာရီတွင် မော်လမြိုင်ရထားနှင့် ည ၉ နာရီတွင် မန္တလေးရထားများ စသည်ဖြင့် တစ်နေ့တာလုံး ရထားများ ဝင်ရောက်လျက်ရှိပြီး ရန်ကုန်ဘူတာကြီးမှ နံနက် ၄ နာရီ စာပို့ရထားမှစ၍ ည ၉ နာရီအထိ ရထားများ မပြတ်ထွက်ခွာလျက်ရှိကာ တစ်နေ့လျှင် ရန်ကုန်ဘူတာကြီးမှ ရထား ၁၄ စင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ -သန်းစိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၃၀ ကျပ် | ၁၀၇၀/၁၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၅/၉၉၀ ကျပ် | ၁၀၅၅/၁၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၀၅/၁၀၃၅ကျပ် | ၁၁၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၀၀ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၃ · ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၉ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၅ · ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၇ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ · ၉၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ · ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၂၅၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၀၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၀၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၀၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ စီးပွားရေးလုပ်ငန်းရှင်များ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်ဟာ စီးပွားရေးပညာကိုလေ့လာပေမယ့် အထူးပြုတာက စီးပွားရေးလုပ်ငန်းများဖြစ်တယ်။ အမှန်တော့ Economics နဲ့ Business ဟာ မတူပါဘူး။ စီးပွားရေးပညာကို တစ်ပြည်လုံး အတိုင်းအတာအနေနဲ့ စဉ်းစားလို့ရသလို စီးပွားရေးလုပ်ငန်းများကို ဦးစားပေးပြီး လေ့လာနိုင်ပါတယ်။ ကျွန်တော်က စီးပွားရေးလုပ်ငန်းများကို အထူးပြုတာမို့ လုပ်ငန်းရှင်များနဲ့လည်းကောင်း၊ လုပ်ငန်းများနဲ့လည်းကောင်း နီးစပ်ခဲ့ပါတယ်။ ထဲထဲဝင်ဝင်လေ့လာခဲ့တယ်။ သုတေသနတွေ လုပ်ခွင့်ရခဲ့တယ်။ UMFCCI အဖွဲ့အစည်းနဲ့လည်း နီးစပ်ခဲ့တယ်။ စီးပွားရေးတက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတွေပေးခွင့်ရတော့ လုပ်ငန်းရှင်များနဲ့ ပတ်သက်ခဲ့ပြန်တယ်။ အထူးသဖြင့် လုပ်ငန်းခွင်သင်တန်းတွေ ပေးခွင့်ရတာမို့ ပိုပြီးရင်းနှီးရပြန်တယ်။ ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့တယ်။ တစ်ဖက်နဲ့ တစ်ဖက်နားလည်ခဲ့တယ်။ နားလည်ပေးနိုင်ခဲ့တယ်။ ကျွန်တော့်ဆီလည်း ယုံယုံကြည်ကြည်နဲ့ တိုင်ပင်ကြတယ်။ ရင်ဖွင့်ကြတယ်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းတွေအကြောင်း သိတယ်။ သဘောပေါက်တယ်။ ဒါကြောင့်လည်း အခုချိန်မှာ သူတို့ရဲ့ခံစားမှုတွေကို ခံစားနိုင်တယ်။ အကူအညီလည်းပေးချင်တယ်။ တစ်ဖက်ကတော့ စီးပွားရေးနဲ့ပတ်သက်တဲ့ ကိန်းဂဏန်းတွေက အဆင်ပြေနေပြန်တော့ စဉ်းစားရခက်နေတယ်။ အားလုံးကောင်းပါတယ်ဆိုတာ လက်ခံလို့မရသလို အားလုံးဟာလည်း မဆိုးဘူးဆိုတာကိုတော့ အသိအမှတ်ပြုရမယ်။**

### ပုဂ္ဂလိကကဏ္ဍပေါ်တွင် မူတည်

ကျွန်တော်က စီးပွားရေးလုပ်ငန်းရှင်တွေကို ချီးကျူးတယ်။ သူတို့ဟာ စွန့်ထွင်ဦးစီးတဲ့သူတွေ၊ အရာရာကို သတ္တိရှိရှိနဲ့လုပ်ရဲကိုင်ရဲကြတယ်။ အမှန်တော့ သူတို့ရှိမှ အလုပ်တွေရှိမှာ။ အမှန်တော့ တိုင်းပြည်တစ်ပြည်ရဲ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုဟာ ပုဂ္ဂလိကကဏ္ဍအပေါ်မှာ မူတည်တယ်။ သူတို့စိတ်ပါလက်ပါနဲ့ အလုပ်လုပ်ရင်တိုင်းပြည်ချမ်းသာမှာ။ သူတို့ဟာကြွယ်ဝချမ်းသာမှုကို ဖန်တီးတဲ့သူတွေ ဖြစ်တယ်။ လုပ်ငန်းရှင်တွေဟာ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် အဆင်ပြေအောင်၊ ရှင်သန်အောင် ကြိုးစားကြတာပါပဲ။ အာဏာရှိသူနဲ့ ပတ်သက်ကြတယ်။ ပူးပေါင်းကြတယ်။ ရှေးမြန်မာဘုရင်တွေလက်ထက်မှာလည်း "ပြည့်ဝမ်းဗိုက်" တွေရှိခဲ့တယ်။ ဘုရင်တွေကို သစ္စာခံခဲ့တယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးမှာ အောက်မြန်မာပြည်၊ ရခိုင်ပြည်နဲ့ တနင်္သာရီတိုင်းတွေမှာ စခဲ့တယ်။ ဆန်စပါးလုပ်ငန်းတွေ အကြီးအကျယ် လုပ်ခဲ့တယ်။ သစ်တွေထုတ်ပြီး နိုင်ငံခြားတင်ပို့ခဲ့တယ်။ လွတ်လပ်ရေးမရမီ ကာလအတွင်း နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ခြယ်လှယ်မှုကို ခံခဲ့ရတယ်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေကို မမွေးထုတ်နိုင်ခဲ့ဘူး။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒအရ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ခုကို ပူးတွဲပြီး ဆောင်ရွက်ခဲ့တယ်။ စီမံကိန်း စီးပွားရေးစနစ်ကို တစ်ဖက်ကကျင့်သုံးပြီး တစ်ဖက်ကလည်း စီးပွားရေးလုပ်ငန်းရှင်တွေကို အခွင့်အရေးတွေပေးခဲ့တယ်။ စက်မှုလက်မှုလုပ်ငန်းတွေ၊ လူအသုံးအဆောင်ပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ အစားအသောက်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ ပေါ်ထွက်လာခဲ့တယ်။ ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းတွေ လုပ်နိုင်ခဲ့တယ်။ ဒီတုန်းက ရန်ကုန်မြို့ဟာ အရှေ့တောင်အာရှ လေကြောင်းခရီးလမ်းမှာ အချက်အချာကျခဲ့တဲ့ နေရာဖြစ်တယ်။ နိုင်ငံခြားလေယာဉ်တွေဟာ ရန်ကုန်က တစ်ဆင့် တခြား အာရှမြို့တွေကို သွားခဲ့ကြတာဖြစ်တယ်။ အခုလို "အရော" စီးပွားရေးစနစ်ကိုကျင့်သုံးနေချိန်မှာ ၁၉၆၂ ခုနှစ်ကစပြီး ၁၉၈၈ ခုနှစ်အထိ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို အကောင် အထည်ဖော်ခဲ့တယ်။ ရှိသမျှစီးပွားရေးလုပ်ငန်းတွေကို ပြည်သူ ပိုင်သိမ်းခဲ့ပြီး အစိုးရက ဦးဆောင်ခဲ့တယ်။ အရင်းရှင်တွေကို မုန်းတီးပြီး အပြတ်ရှင်းအောင်လုပ်ခဲ့တယ်။ နိုင်ငံခြားသားပိုင်လုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းခဲ့ပြီး ပိုင်ရှင်တွေကို ပြည်နှင်ဒဏ်ပေးခဲ့တယ်။ ဆိုရှယ်လစ်စီးပွားရေးရဲ့ဒဏ်ကို ပြည်သူတွေက အလူးအလဲ ခံခဲ့ရတယ်။ ဒါပေမယ့် အံ့သြစရာကောင်းတာက ဒီစီးပွားရေးစနစ်ရဲ့ ထွက်ပေါက်က မှောင်ခိုစီးပွားရေးစနစ်ဖြစ်တယ်။ လုပ်ငန်းရှင်တွေဟာ ဥပဒေနဲ့ ငြိစွန်းနိုင်တဲ့လုပ်ငန်းတွေ လုပ်ခဲ့ပြီး မှောင်ခိုစီးပွားရေးစနစ်ကို အသက်သွင်းခဲ့တယ်။ အခက်အခဲမျိုးစုံကြားက လှုပ်ရှားနိုင်ရုံမက အောင်မြင်ခဲ့တာ တွေ့ရတယ်။

> **"အခုချိန်မှာ စီးပွားရေးလုပ်ငန်းရှင်တွေဟာ သိက္ခာရှိတဲ့၊ တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးစားနေကြတယ်။ ဒီမိုကရေစီစနစ်ကို အပြည့်အဝ ထောက်ခံအားပေးပြီး တတ်နိုင်တဲ့ဘက်က ကူညီနေကြတာ ဖြစ်တယ်။"**

### ခေတ်နဲ့အညီလှုပ်ရှား

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ တံခါးဖွင့်ဝါဒကို ကျင့်သုံးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍကို ကြီးထွားအောင်လုပ်ခဲ့တယ်။ အခွင့်အရေးတွေ ပေးခဲ့တယ်။ ပေးတဲ့အခွင့်အရေးတွေကို ရအောင်ယူနိုင်ကြတဲ့သူတွေဟာ အောင်မြင်လာကြတယ်။ သဘာဝသယံဇာတပစ္စည်းတွေ ထုတ်ဖော်တဲ့လုပ်ငန်းတွေကို ဦးစားပေးခဲ့ကြတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ခေတ်နဲ့အညီ လှုပ်ရှားလာခဲ့ကြတယ်။ အာဏာရှိသူတွေနဲ့ ပူးပေါင်းခဲ့ကြတယ်။ ဒါကြောင့်လည်း အနောက်နိုင်ငံတွေရဲ့စီးပွားရေးပိတ်ဆို့မှုတွေ ခံခဲ့ရတယ်။ အခုလို အာဏာရှိသူတွေနဲ့ရင်းနှီးပြီး အောင်မြင်ခဲ့သူတွေကို "ခရိုနီ" လို့ ခေါ်ဝေါ်သမုတ်ကြတယ်။ စီးပွားရေးစနစ်ကိုလည်း ခရိုနီအရင်းရှင်စီးပွားရေးစနစ်လို့ ပြောကြတယ်။ အမှန်တော့ သူတို့တစ်တွေဟာ အချိန်အခါကိုကြည့်ပြီး လှုပ်ရှားကြတာဖြစ်တယ်။ မကင်းရာမကင်းကြောင်း ပုံစံအမျိုးမျိုးနဲ့ ပတ်သက်ခဲ့ကြတယ်။

### စီးပွားရေးပိတ်ဆို့မှုတွေဖြေလျှော့

၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ အနောက်နိုင်ငံက ချမှတ်ခဲ့တဲ့ စီးပွားရေးပိတ်ဆို့မှုတွေ ဖြေလျှော့ခဲ့တာကြောင့် စာရင်းဝင်စီးပွားရေးလုပ်ငန်းရှင်တွေလည်း လွတ်မြောက်လာခဲ့တယ်။ အခုချိန်မှာ စီးပွားရေးလုပ်ငန်းရှင်တွေဟာ သိက္ခာရှိတဲ့၊ တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးစားနေကြတယ်။ ဒီမိုကရေစီစနစ်ကို အပြည့်အဝထောက်ခံအားပေးပြီး တတ်နိုင်တဲ့ဘက်က ကူညီနေကြတာ ဖြစ်တယ်။ အကောင်းဆုံး ဥပမာက ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးစီးပြီးဖွဲ့စည်းလိုက်တဲ့ (UEHRD) ရခိုင်ပြည်နယ်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တိုင်းရင်းလုပ်ငန်းရှင်များက တစ်တပ်တစ်အား ပါဝင်ကြတယ်။ အကျိုးအမြတ်ကိုမကြည့်ဘဲ ဝိုင်းဝန်းပြီး ကူညီကြတယ်။ ဒါက ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရတာ။ UEHRD နဲ့ ပတ်သက်လာရင် အချိန်မရွေးကူညီဖို့ အဆင်သင့်ရှိကြတယ်။ သူတို့ရဲ့စေတနာဟာ ဖြူစင်တယ်။ သန့်ရှင်းတယ် "နိုင်ငံအရေး" ဖြစ်တာကို သဘောပေါက်တယ်။ ကျွန်တော်တောင်းသမျှကို အကူအညီပေးဖို့ ဝန်မလေးကြဘူး။

တစ်ဖက်ကတော့ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေကို စိတ်ပူကြတယ်။ မျှော်လင့်ချက်တွေ ကြီးမားခဲ့တာကြောင့်လည်း ဖြစ်နိုင်တယ်။ နိုင်ငံရေးအပြောင်းအလဲကနေတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ စီးပွားရေးလုပ်ရတာ ပိုပြီးလွယ်ကူမယ်လို့လည်း ယုံကြည်ခဲ့ကြတယ်။ လက်တွေ့မှာတော့ ထင်သလို ဖြစ်မလာတော့ စိတ်ဓာတ်ကျကြတယ်။ အားငယ်ကြတယ်။

### လူတိုင်းရဲ့ တာဝန်

ဒါကြောင့်လည်း ဩဂုတ်လ ၂၇ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်က စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့မယ်လို့ ကြားရတော့ ဝမ်းသာမိတယ်။ အခုလိုတွေ့ပြီး အားပေးစကားပြောရင် အခြေအနေတွေက ပြောင်းလဲနိုင်တယ်။ မျှော်လင့်သလိုပဲ ဒေါ်အောင်ဆန်းစုကြည်ဟာ စီးပွားရေးလုပ်ငန်းရှင်တွေကို အားပေးခဲ့တယ်။ အဂတိလိုက်စားမှုကို သတိပြုဖို့ ထောက်ပြခဲ့တယ်။ သူ့ရဲ့မိန့်ခွန်းအပြီးမှာ UMFCCI ဥက္ကဋ္ဌကြီး ဦးဇော်မင်းဝင်းက စီးပွားရေးလုပ်ငန်းရှင်များကိုယ်စား အကြံပြုချက်တွေ ပေးခဲ့တယ်။ ဦးမောင်ဝိတ်ကလည်း အခွန်နဲ့ပတ်သက်ပြီး တင်ပြခဲ့တယ်။ အခွန်ကို မကြိုက်တဲ့အစိုးရ မရှိသလို အခွန်ကို ကြိုက်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဆိုတာ မရှိပါဘူး။ ဒါပေမယ့် အခွန်ပေးဖို့က လူတိုင်းရဲ့တာဝန်တစ်ရပ်ဖြစ်တယ်။ အခွန်ကောက်ခံတဲ့နေရာမှာလည်း အစိုးရက ပွင့်လင်းမြင်သာမှုရှိရမယ်။ မျှတဖို့ လိုအပ်တယ်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကိုယ်စား ဥက္ကဋ္ဌကလည်း ပြည့်ပြည့်စုံစုံ တင်ပြသွားခဲ့တယ်။ ဒုတိယအပိုင်းမှာတော့ အုပ်စု နှစ်စုခွဲပြီး ဆက်လက်ဆွေးနွေးခဲ့ကြတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ လုပ်ငန်းရှင် ၁၀ ဦးက တွေ့ဆုံပြီး ကျွန်တော်ပါဝင်တဲ့ အဖွဲ့မှာတော့ ဝန်ကြီးတွေရယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေ တွေ့ကြတယ်။ အမြင်ချင်းဖလှယ်ကြတယ်။ မေးခွန်းတွေထုတ် အဖြေတွေပေးကြတယ်။ အစကတော့ ဘာမှမပြောတော့ဘူးလို့ စဉ်းစားခဲ့ပေမယ့် အနေအထားကို သုံးသပ်ပြီး Economics နဲ့ Business မတူတဲ့ အကြောင်း သတိပေးခဲ့တယ်။ အစိုးရဘက်က ပုဂ္ဂိုလ်များက Economics အကြောင်း ပြောနေကြပြီး စီးပွားရေးလုပ်ငန်းရှင်များက Business အကြောင်း ပြောနေကြလို့ နားလည်ရဖို့ ခက်တယ်။ မြန်မာလိုဘာသာပြန်ရင် စီးပွားရေးလို့ပြောနေပေမယ့် တစ်ဖက်ကနိုင်ငံအတိုင်းအတာကို ပြောနေပြီး တစ်ဖက်က လုပ်ငန်းအကြောင်း ပြောနေကြတာ။ ဒါကြောင့်လည်း တင်ပြချက်တွေနဲ့ ပတ်သက်ပြီး အဖြေမပေးဘဲ နားထောင်ပေးဖို့ ပန်ကြားခဲ့ပါတယ်။ နားထောင်တဲ့ကိစ္စက မလွယ်လှပေမယ့် တစ်ဖက်နဲ့တစ်ဖက် အကြောင်းမှန်တွေ သိအောင် တာဝန်ရှိသူတွေက နားထောင်စေချင်တယ်။ နောက်ဆုံးအနေနဲ့ အခုလိုတွေ့ဆုံမှုတွေ မကြာခဏဆောင်ရွက်ပြီး ဆွေးနွေးမှုတွေကို အကောင်အထည်ဖော်ပေးဖို့ တိုက်တွန်းခဲ့ပါတယ်။

ညဘက်မှာ ဒေါ်အောင်ဆန်းစုကြည် တည်ခင်းတဲ့ညစာစားပွဲကို စားခဲ့ကြတယ်။ ထမင်းမစားမီ စကားတွေပြောကြတယ်။ နှုတ်ဆက်ကြတယ်။ ရင်းနှီးမှု၊ ယုံကြည်မှု တည်ဆောက်ခဲ့ကြတယ်။ ကျွန်တော်ကတော့ အရာရာကို အမြဲအကောင်းမြင်တတ်တာမို့ အခုလို တွေ့ခွင့်ရတာဟာ အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ဆက်လက်လုပ်စရာတွေ ဝိုင်းလုပ်ကြစေချင်တာပါပဲ။ ။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်မာထုတ်လုပ်မည့်အစီအစဉ်နှင့် တောဆင်ရိုင်းများ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများအား တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြ

**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း သစ်မာထုတ်လုပ်မည့် အစီအစဉ်နှင့် တောဆင်ရိုင်းများ ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများအကြောင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအား စက်တင်ဘာလ ၁၄ ရက်က ပုသိမ်သစ်ထုတ်လုပ်ရေးဒေသမန်နေဂျာမှ လာရောက်ရှင်းလင်းတင်ပြခဲ့သည်။

ပုသိမ်သစ်ထုတ်လုပ်ရေးဒေသမန်နေဂျာဦးကျော်စွာဝင်းက မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သဘာဝတောများမှ ကျွန်း ၁၀၄၀၀ တန်နှင့် နှစ် ၃၀ နှင့်အထက်ကျွန်းစိုက်ခင်းများမှ ၄၆၀၀ တန် စုစုပေါင်း ၁၅၀၀၀ တန်နှင့် သစ်မာကို သဘာဝတောများမှ ၃၃၀၀၀၀ တန်ကို သစ်တောဦးစီးဌာန၏(Annual Allowable Cut) (AAC) ဘောင်အတွင်းမှ ထုတ်လုပ်သွားမည်ဖြစ် ပြီး တိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတသစ်ထုတ်လုပ်ရေးဒေသအနေဖြင့် မျှင်ဝါးတောင်ကြိုးဝိုင်းမှ သစ်မာ ၅၀၀၀ တန်နှင့် ပုသိမ်သစ်ထုတ်လုပ်ရေးဒေသအနေဖြင့် ဘောမိကြိုးပြင်မှ သစ်မာ ၈၀၀၀ တန် စုစုပေါင်းသစ်မာ ၁၃၀၀၀ တန်ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

သစ်ထုတ်လုပ်မည့်အစီအစဉ်ကို သစ်တောဦးစီးဌာနနှင့်မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆို၍ ကွင်းဝင်ခွင့်တောင်းခံရရှိပြီးမှသာ သစ်လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်ထုတ်ခြင်းပြီးစီးပါက တရားမဝင်သစ်ထုတ်ယူမှုမရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ရေစီးရေလာများ ပုံမှန်အတိုင်းပြန်လည်စီးဆင်းနိုင်ရေးအတွက် လမ်းပိတ်သိမ်းခြင်းကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်းနှင့် သစ်ထုတ်ယူခြင်းအဆင့်လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပါက မြန်မာ့သစ်လုပ်ငန်းအနေဖြင့်မိမိထုတ်ယူခဲ့သော အပင်အရေအတွက်၏ သုံးဆကို သဘာဝတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (Enrichment Planting) အနေဖြင့် သစ်ထုတ်လိုက်သည့်နေရာများ၊ အလင်းပွင့်သွားသည့်နေရာများတွင် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ သစ်တောစိုက်ခင်းများ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးတွင် ကျွန်းစိုက်ခင်းဧက ၁၀၀ နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပျဉ်းကတိုးစိုက်ခင်းဧက ၅၀ စတင်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း တင်ပြခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးသည် တောဆင်ရိုင်းများပေါများသည့် ဧရိယာဖြစ်သည့်အတွက် လူနှင့်တောဆင်ပဋိပက္ခများ လျှော့ချရေးတောဆင်ရိုင်းများအား ဆင်မုဆိုးအန္တရာယ်မှ ကာကွယ်ရေးတို့အတွက် ပုသိမ်သစ်ထုတ်လုပ်ရေးဒေသအတွင်း အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ကို ဝန်ထမ်း ၁၅ ဦး၊ ကွန်ဂျီဆင်ငါးကောင်တို့ဖြင့် ၈.၁၀.၂၀၁၅ ရက်နေ့ တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အရေးပေါ်ကွန်ဂျီဆင်များ အဖွဲ့ခွဲများအား တောဆင်ရိုင်းများ ကျက်စားရာ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်တို့တွင် အရေးပေါ်ကွန်ဂျီဆင်အဖွဲ့တစ်ဖွဲ့စီထားရှိပြီး စုစုပေါင်း ဝန်ထမ်း ၂၆ ဦး၊ ဆင်အင်အားကိုးကောင်တို့ဖြင့် တောဆင်ရိုင်းကာကွယ်ခြင်း၊ လူနှင့်ဆင်ပဋိပက္ခ လျော့ကျစေရေးနှင့် ဆင်မုဆိုးများ သတင်းရှာဖွေဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် စိုက်ခင်း၊ ယာခင်းများအား တောဆင်အန္တရာယ်မှ ကာကွယ်၍ မူလစားကျက်သဘာဝတောအတွင်းသို့ ပြန်လည်ခြောက်လှန့်မောင်းနှင်နိုင်ခဲ့ပြီး ဆင်မုဆိုးများကိုလည်း ရှာဖွေဖမ်းဆီးနိုင်ခဲ့သည်။



အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့သည် တောဆင်ရိုင်းများ ကာကွယ်ရန်နှင့်ဆင်သတ်မုဆိုးများ အန္တရာယ်မှကာကွယ်ရန်အတွက် သတင်းရရှိချိန်တိုင်းတွင် သစ်တောဦးစီးဌာန၊ သစ်တောရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်/ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များ၊ အခြားသောဌာနဆိုင်ရာများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခဲ့ ပြီး တောဆင်ရိုင်းများအား ပိုမိုကာကွယ်နိုင်ရေးနှင့်ဌာနဆိုင်ရာအသီးသီးတို့နှင့်ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့အတွက် အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ကို ဆင်အင်အား ကိုးကောင်ထပ်မံဖြည့်ဆည်းနိုင်ရေးအတွက် အစီအစဉ်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် တောဆင်ရိုင်းများ ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# တစ်နိုင်တစ်ပိုင်မှသည် နိုင်ငံတကာအထိထိုးဖောက်ရန် ပင်းတယလက်ဖက်ခြောက်တောင်သူများ ကြိုးပမ်းနေ

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

မြင့်မားသည့်တောင်တန်းကြီးများ၏အပေါ်တွင် အဆင့်လိုက် လှေကားထစ်စိုက်ပျိုးထားကြသည့် လက်ဖက်ပင်တန်းများသည် ရှုမျှော်မဆုံး များပြားလှသည်ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း မြင်တွေ့ရသည်။ ကျေးရွာများသည် လက်ဖက်ကိုအဓိကစိုက်ပျိုးကြပြီး နေ့စဉ် လက်ဖက်ခူးသူများကို နံနက်အရုဏ်တက်ချိန်မှ စတင်မြင်တွေ့ရသည်။ တစ်နေ့တာခူးဆွတ်ရသမျှကို ဒေသတွင်းမှ တစ်နိုင်တစ်ပိုင် အခြောက်ခံစက်လုပ်ငန်းများထံ အပ်နှံရင်း လက်ဖက်ခြောက် (Green Tea)ကို ထုတ်လုပ်ကာ တောင်ကြီးမြို့ မန္တလေးမြို့နှင့် ရန်ကုန်မြို့များအထိ တင်ပို့ရောင်းချနေကြသည်။ အများစုသည် လက်ဖက်စိုက်ပျိုးရေးကို လုပ်ကိုင်နေကြသော်လည်း လက်ရှိဈေးကွက်အခြေအနေအရ တောင်သူများ၏ အကျိုးခံစားခွင့်သည် နည်းပါးနေဆဲဖြစ်သည်။

### သဘာဝ အော်ဂဲနစ်စိုက်ပျိုးနည်း

"ကျွန်တော်တို့ဆီမှာ သဘာဝအော်ဂဲနစ်စိုက်ပျိုးကြတာပဲ ရှိပါတယ်၊ ဓာတ်မြေသြဇာတွေ၊ အထွက်တိုးဆေးတွေနဲ့ ပိုးသတ်ဆေးဆိုတာတွေ သုံးစွဲဖို့ အခက်အခဲတွေအများကြီးရှိတယ်၊ ဝေးလံတဲ့အပြင် ရေပုံမှန်ရဖို့လည်း ခက်ခဲကြတယ်၊ အပင်ဆေးတွေကိုလည်း ဈေးကြီးပေးပြီးမသုံးကြတဲ့အတွက် မိရိုးဖလာစိုက်ပျိုးကြတာပါပဲ၊ ဒါပေမယ့် အခုနောက်ပိုင်းမှာ လက်ဖက်စိုက်တဲ့ ကျေးရွာအများစုဟာ မိရိုးဖလာ လက်ဖက်ခြောက်လုပ်ငန်းထက် စက်အကူအညီနဲ့ အရည်အသွေးပိုကောင်းတဲ့ သဘာဝလက်ဖက်ခြောက်ကိုထုတ်လုပ်ဖို့ ကြိုးစားလာကြတယ်"ဟု ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ဆီးကျအင်းကျေးရွာမှ ဒေသခံ လက်ဖက်ခြောက်ထုတ်လုပ်သူ တောင်သူတစ်ဦးက ပြောသည်။

လက်ဖက်တောင်သူများသည် နေ့စဉ်ဆွတ်ခူးရရှိလာသည့် လက်ဖက်ရွက်နုများကိုစုစည်းကာ လက်ဖက်ခြောက်ကုန်ကြမ်း ထုတ်လုပ်ပေးသည့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများထံ လာရောက်လုပ်ငန်းအပ်ကြပြီး လက်ဖက်ရွက်နုအစို ငါးပိဿာလျှင် လက်ဖက်ခြောက် တစ်ပိဿာမှ နှစ်ပိဿာအကြား ရရှိတတ်ကြောင်း သိရသည်။

"ကိုယ်တိုင်အခင်းကလည်း နေ့စဉ် ဆွတ်ခူးပါတယ်၊ လာအပ်တဲ့သူတွေလည်းရှိတယ်၊ ပိဿာများတာနဲ့ ကျွန်တော်တို့ စက်တွေကို လည်ပတ်ပါတယ်၊ ပထမဆုံး လက်ဖက်ရွက်တွေကိုသန့်စင်ပြီး လေသလပ်ခံရပါတယ်၊ ပြီးတာနဲ့ ထင်းအသုံးပြုတဲ့ အခြောက်ခံစက်ထဲမှာ ထားပေးရတယ်၊ ပြီးရင် ပြန်ဖြန့်ထားရပြီး နောက်ဆုံးမှာ လှပတဲ့ လက်ဖက်ခြောက်အကွေးပုံသဏ္ဌာန်တွေ ထွက်လာဖို့ အကွေးစက်ကို အသုံးပြုရပါတယ်၊ မိရိုးဖလာ လက်ဖက်ခြောက်ဟာ အရောင်မည်းပြီး အရွက်အတိုင်းမြင်ရပေမယ့် နောက်ပိုင်းမှာ လက်ဖက်ရွက်အကွေးလေးတွေနဲ့ အရောင်ကလည်း ဝါဖန့်ဖန့်ဖြစ်တာက ဈေးကောင်းရတာကြောင့် ပြည်တွင်းပြည်ပကြိုက်နှစ်သက်တဲ့ လက်ဖက်ခြောက်ကို ရရှိနိုင်ဖို့ စက်အကူအညီ ရယူတာဖြစ်ပါတယ်"ဟု ဆီးကျအင်းကျေးရွာမှ လက်ဖက်ခြောက်ထုတ်လုပ်သူ ဦးဘစီက ပြောကြားသည်။

### GIZ မှ အကူအညီများ

ဂျာမနီအဖွဲ့အစည်းတစ်ခုဖြစ်သည့် GIZ ကလည်း ရှမ်းပြည်နယ်ရှိ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်များအတွက် နည်းပညာများဖြန့်ဝေခြင်း၊ ဈေးကွက်တင်ပို့ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးနေကြောင်း သိရှိရသည်။ ထို့ကြောင့် လက်ဖက်စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် ကျေးရွာအများစုတွင် လက်ဖက်ခြောက်ထုတ်လုပ်သည့် တစ်နိုင်တစ်ပိုင် အခြောက်ခံစက်များ တပ်ဆင်ကာ စက်မှုထုတ်ကုန်များအဖြစ် အရည်အသွေး မြင့်မားစွာထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေကြသည်ကိုလည်း မြင်တွေ့ရသည်။

ထုတ်လုပ်ထွက်ရှိလာသည့် လက်ဖက်ခြောက်များကို မြို့နယ်ဈေးကွက်အတွင်း တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ဈေးဖြင့် ရောင်းချကြပြီး ထုပ်ပိုးမှုအဆင့်မြှင့်တင်နိုင်ပါက ယခုထက်ပင် ဈေးကောင်းရနိုင်သည်ကိုလည်း တောင်သူများက သိရှိလာကြသော်လည်း ထုပ်ပိုးမှုနှင့် ဈေးကွက်ထိုးဖောက်နိုင်မှုတွင် အားနည်းနေဆဲဖြစ်ကြောင်း တောင်သူ၊ ထုတ်လုပ်သူများက ပြောသည်။

တစ်နိုင်တစ်ပိုင် လက်ဖက်ခြောက်လုပ်ငန်းလုပ်ကိုင်သည့် ဦးဘစီက "ကျွန်တော်တို့ဆီကနေ အလွတ်မှာယူသူတွေ ပိုများတယ်၊ လက်ဖက်ခြောက်က သဘာဝနည်းစနစ်နဲ့ ထုတ်တာဖြစ်ပြီး တရုတ်ကနေပြန်ဝင်လာတဲ့လက်ဖက်ခြောက်က ပုံစံကွေးကွေးလေးတွေနဲ့ အရောင်ကလည်းလှတော့ ပြန်လည်ထုပ်ပိုးပြီး ရောင်းတာလည်းရှိတယ်၊ သူတို့လက်ထဲမှာ လက်ဖက်ခြောက်တစ်ပိဿာဟာ ငွေကျပ် ၂၀၀၀၀နဲ့အထက်မှာ ရှိပါတယ်၊ ထုပ်ပိုးမှုအတွက်ရော၊ လက်ရှိထုတ်လုပ်တဲ့စနစ်မှာရော ကျွန်တော်တို့ဆီမှာ လျှပ်စစ်မီးမရရှိတဲ့အတွက် ဝယ်ယူတပ်ဆင်ထုတ်လုပ်နိုင်ဖို့လည်း အခက်အခဲတွေအများကြီးရှိတယ်" ဟု ၎င်းက ဆက်ပြောသည်။

### ကြိုးစားပြောင်းလဲနေ

ဂျပန်ကုမ္ပဏီများက လာရောက်စစ်ဆေးမှုများပြုလုပ်ပြီး မြန်မာ့သဘာဝ ပင်းတယလက်ဖက်ခြောက်ကို မှာယူရန် လေ့လာမှုများရှိသည်။ မြန်မာ့လက်ဖက်ခြောက်သည် အခြားအိမ်နီးချင်းနိုင်ငံများမှထုတ်လုပ်သည့် လက်ဖက်ခြောက်များထက် ဓာတုဗေဒသုံးစွဲမှု မရှိသလောက် နည်းပါးနေသည်ကိုလည်း အသိအမှတ်ပြုကြကြောင်း ဆီးကျအင်းကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။ သို့သော် အခြောက်ခံသည့်စက်များတွင် ထင်းမီးကိုအသုံးပြုနေရသဖြင့် ကာဗွန်ပါဝင်မှု ၀ ဒသမ ၅ ရာခိုင်နှုန်းရှိနေကြောင်း သိရှိရသည်။



"နောက်ပိုင်းမှာတော့ လက်ဖက်ခြောက်ထုတ်လုပ်သူတွေဟာ ထင်းအစားထိုး သဘာဝဓာတ်ငွေ့လောင်စာလိုမျိုးကို ပြောင်းလဲအသုံးပြုမယ်ဆိုရင်တော့ နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်မှုက အားကောင်းလာနိုင်ပါတယ်၊ အခုအချိန်မှာတော့ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်ထုပ်ပိုးတင်ပို့မှု အားနည်းနေတဲ့အပြင် ထုတ်လုပ်ရာမှာလည်း အခက်အခဲတွေ ကျန်နေသေးတော့ ကြိုးစားပြောင်းလဲနေကြပါတယ်"ဟု လက်ဖက်ခြောက်ပွဲရုံပိုင်ရှင် ဦးနေဦးကလည်း ရှင်းပြသည်။

### အရည်အသွေးမြင့် ထုတ်လုပ်နိုင်မှသာ

အာဆီယံ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ သီရိလင်္ကာ၊ ဗီယက်နမ်စသည့် နိုင်ငံများတွင်လည်း လက်ဖက်ခြောက်ထုတ်လုပ်မှု မြင့်မားလာခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလက်ဖက်ခြောက်ကို အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်မှသာလျှင် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း လက်ဖက်ခြောက်ထုတ်လုပ်ခြင်းနှင့် လက်ဖက်စိုက်ပျိုးရေးနည်းစနစ်များ ပညာပေးဖြန့်ဝေနေသည့် GIZ မှ သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် လက်ဖက်စက်ရုံကြီး ခြောက်ရုံရှိပြီး တစ်နိုင်တစ်ပိုင်အခြောက်ခံစက်များဖြင့် ထုတ်လုပ်သည့် လုပ်ငန်းငယ်များလည်း များစွာထွက်ပေါ်လာကြောင်း သိရှိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ လက်ဖက်ရွက်အစိမ်းမှာ တန်ချိန်လေးသိန်းနီးပါး ထွက်ရှိနေသော်လည်း အမှန်တကယ် အဆင့်မြင့်နည်းပညာများဖြင့် လက်ဖက်ခြောက်ထုတ်လုပ်နိုင်မှုမှာ နည်းပါးနေသေးကြောင်း မြန်မာနိုင်ငံ လက်ဖက်လုပ်ငန်းရှင်အသင်းမှ သိရသည်။



ပင်းတယမြို့နယ်မှ လက်ဖက်စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို နိုင်ငံခြားသားများ မကြာခဏ လာရောက်လေ့လာကြည့်ရှုတတ်ပြီး အကြံဉာဏ်များပေးခြင်း၊ လက်တွေ့ဝင်ရောက်လုပ်ကိုင်ကြည့်ခြင်းများလည်း ပြုလုပ်ကြကြောင်း ဆီးကျအင်းကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ လက်ဖက်စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများသည် ဒေသခံလက်ဖက်တောင်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်ခြင်းကြောင့် ထုတ်လုပ်မှုနည်းစနစ်နှင့် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် လျှပ်စစ်ဓာတ်အားကို ရရှိနိုင်ပါက ယခုထက်ပိုမိုလုပ်ကိုင်နိုင်မည်ဟုလည်း ၎င်းကပြောသည်။

### အလားအလာကောင်းမည်ဟု ယုံကြည်

"ကိုယ်ကတော့ အကောင်းဆုံးလုပ်ပေးထားတာပဲ၊ ကိုယ်ပိုင်တံဆိပ်နဲ့လည်း ထုတ်တယ်၊ အလွတ်လည်း ရောင်းပေးတော့ သူတို့က ပြန်ပြီး ထုပ်ပိုးမှုအသစ်နဲ့ ရောင်းကြတာလည်း ရှိတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် နောက်နှစ်နှစ်လောက်ဆိုရင်တော့ FDA လက်မှတ်လည်းရအောင် ကြိုးစားပြီး ပြောင်းလဲမယ်၊ ဒါမှလည်း လုပ်ငန်းက ပိုပြီးအဆင်ပြေမှာ၊ နိုင်ငံတကာကလည်း ကျွန်တော်တို့လက်ဖက်ခြောက်ကို စိတ်ဝင်စားတယ်၊ သဘာဝဖြစ်တဲ့အပြင် ဓာတုဗေဒဆိုးကျိုးတွေ မပါတာကြောင့် ဒါကို နည်းစနစ်မှန်မှန်နဲ့ ထုပ်ပိုးမှုကောင်းကောင်းနဲ့ဆိုရင် အလားအလာကောင်းမယ်လို့လည်း ယုံကြည်တယ်"ဟု ဆီးကျအင်းကျေးရွာ၌ မော်ဒယ်အမှတ်တံဆိပ်ဖြင့် လက်ဖက်ခြောက်စက်မှုထုတ်ကုန်လုပ်ငန်း လုပ်ကိုင်နေသူ ဦးဘစီက ဆိုလေသည်။ ။

**"ဂျပန်ကုမ္ပဏီများက လာရောက်စစ်ဆေးမှုများပြုလုပ်ပြီး မြန်မာ့သဘာဝ ပင်းတယလက်ဖက်ခြောက်ကိုမှာယူရန် လေ့လာမှုများရှိသည်။ မြန်မာ့လက်ဖက်ခြောက်သည် အခြားအိမ်နီးချင်းနိုင်ငံများမှထုတ်လုပ်သည့် လက်ဖက်ခြောက်များထက် ဓာတုဗေဒသုံးစွဲမှု မရှိသလောက်နည်းပါးနေသည်ကိုလည်း အသိအမှတ်ပြုကြကြောင်း ဆီးကျအင်းကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်၊ သို့သော် အခြောက်ခံသည့်စက်များတွင် ထင်းမီးကို အသုံးပြုနေရသဖြင့် ကာဗွန်ပါဝင်မှု ၀ ဒသမ ၅ ရာခိုင်နှုန်းရှိနေကြောင်း သိရှိရသည်"**

---

## သုဝဏ္ဏဝတီမြို့၌ ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်

**သုဝဏ္ဏဝတီ စက်တင်ဘာ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပလတ်စတစ်နှင့် အမှိုက်များ လျော့ကျရေး အသိပညာပေးခြင်းနှင့် စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုကို စေတနာ (အခမဲ့) သွေးလှူရှင်များအသင်းက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းပါဝင်ပြီး စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးခြင်းနှင့် အမှိုက်ကောက်လှုပ်ရှားမှုများကို ၁၅ ရက်တစ်ကြိမ် ပြုလုပ်မည်ဖြစ်ကြောင်း၊ ယနေ့တွင် သိမ်ဆိပ်ရပ်ကွက် ငါးကြီးအင်းဘုန်းကြီးကျောင်းဝ၌ စုရပ်ပြုလုပ်ပြီး ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးတစ်လျှောက် ကျိုက္ကော်ရပ်ကွက် အထက(ကျိုက္ကော်)ကျောင်းရှေ့အထိ အမှိုက်ကောက်လှုပ်ရှားမှုပြုလုပ်၍ ပြည်သူများအား အသိပညာပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း စေတနာလူမှုကူညီရေးအသင်းမှ ကိုကျော်ထိုက်က ပြောသည်။

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းလာစေရန်၊ မြို့အတွင်း သန့်ရှင်းသာယာလှပစေရန်၊ အခြေခံလူနေမှုစရိုက်များ ကောင်းမွန်လာရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် ရည်ရွယ်လျက် အမှိုက်ကောက်လှုပ်ရှားမှု ပြုလုပ်ခြင်းဖြစ်ပြီး စုပေါင်းအမှိုက်ကောက်ရာတွင် လူမှုရေးအသင်းအဖွဲ့များနှင့်အတူ သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ စည်ပင်၊ မီးသတ်၊ ရဲတပ်ဖွဲ့တို့မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ခံပြည်သူများ စုပေါင်းပါဝင်၍ စုစုပေါင်း ၅၄၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးနည်းပညာများကို အသုံးပြုလာစေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် များစွာထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့နေရသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက မြန်မာနိုင်ငံအတွင်း ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးနည်းစနစ်များ၊ နည်းပညာများကို အသုံးချနိုင်ရန်နှင့် မျိုးသစ်များထုတ်လုပ်ရရှိရေး သုတေသနလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော Food and Agriculture Organization(FAO)၊ Global Environment Facility(GEF)တို့နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးနည်းပညာများကို အသုံးပြုလာစေရန်အတွက် အသိပညာများဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကိုလည်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်သောင်း၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေသိန်း၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)မှ Mr. Xavier Bouan နှင့် သက်ဆိုင်ရာတာဝန်ရှိသူများတက်ရောက်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးနည်းပညာများအသုံးပြုမှုနှင့် ပတ်သက်သည်များကိုဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရာသီဥတုနှင့် သဟဇာတဖြစ်သောစိုက်ပျိုးရေးနည်းပညာများနှင့် ပတ်သက်သည့် သုတေသနစာတမ်း ၁၆ စောင်ကို တင်သွင်းဖတ်ကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်မှာ စာတမ်းရှင်များ ဖတ်ကြားတင်ပြသွားသော သုတေသနစာတမ်းများအပေါ်အခြေခံ၍ ရရှိလာမည့်ဆွေးနွေးတင်ပြချက်များကို ပညာပေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား သိရှိနားလည်စေပြီး မိမိတို့ဒေသနှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံ ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် FAO တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးဂေဟစနစ်မတူညီသည့် ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေရှည်တည်တံ့သော သီးနှံစိုက်ပျိုးရေးနှင့်သစ်တောစီမံအုပ်ချုပ်မှုစီမံကိန်းသည် ရေရှည်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှု၊ ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးနှင့် ရေရှည်တည်တံ့သည့် မြေယာစီမံခန့်ခွဲမှုတို့အတွက် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ကူညီဖြေရှင်းရန် သက်ဆိုင်ရာနည်းပညာများ စွမ်းရည်မြှင့်တင်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ဆွေးနွေးပွဲမှ သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ရှားတောမြို့နယ်၌ နှမ်းစိုက်ခင်းများအောင်မြင်ပြီး ဈေးကောင်းရသဖြင့် တောင်သူများအဆင်ပြေ

**လွိုင်ကော် စက်တင်ဘာ ၁၆**

ကယားပြည်နယ် ရှားတောမြို့နယ်အတွင်း ယခုနှစ်မိုးရာသီကာလ စိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုရှိနေပြီး နှမ်းရိတ်သိမ်းချိန်တွင် နှမ်းဈေးမှာလည်း ကောင်းမွန်နေသောကြောင့် နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းစိုက်ပျိုးရေးလုပ်ငန်းမှ အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခုအခါ ရှားတောမြို့နယ်အတွင်းရှိ နှမ်းစိုက်ခင်းများတွင် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသည့်နှမ်းနက်များကို လွိုင်ကော်မြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးသည့် မော်တော်ယာဉ်များလည်း အလုပ်ဖြစ်လျက်ရှိသည်။

"နှမ်းနက်(ဒေသအခေါ် စမုံနက်) တစ်ပိဿာကို အရည်အသွေးအပေါ်မူတည်ပြီး ကျပ် ၄၁၀၀ ကနေ ကျပ် ၄၉၀၀ အထိ ဈေးပေးဝယ်ပါတယ်၊ ဘော်လခဲနဲ့ ဖားဆောင်းမြို့နယ်ကနှမ်းနက်တွေ ဝင်ရောက်နေသလို ရှားတောမြို့နယ်က နှမ်းနက်တွေလည်း ဝင်ရောက်နေပါပြီ"ဟု လွိုင်ကော်မြို့မှ သီးနှံပွဲရုံပိုင်ရှင် ဦးဘော်ရယ်က ပြောသည်။



ယခုနှစ်တွင် ရှားတောမြို့နယ်မှ နှမ်းစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြစိမ်းရောင်၊ စိုက်ဘဏ်နှင့် သမဝါယမ အတိုးနည်းချေးငွေများ ရရှိခဲ့ကြသည့်အပြင် သမဝါယမဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သည့် လယ်ယာမြေထွန်ယက်ပြုပြင်ရေးအကူအညီများ ရရှိခဲ့ခြင်း၊ သမဝါယမဦးစီးဌာန၊ Sann Thit Oo International Co.,Ltd နှင့် Toyota Tsussho Asia Pacific PTE တို့ ပူးပေါင်းဆောင်ရွက်သည့် နှမ်းနက်မျိုးစေ့ အခမဲ့ အကူအညီ ရရှိခဲ့ခြင်းတို့ကလည်း တောင်သူများအတွက် ပို၍အကျိုးစီးပွားဖြစ်စေမည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ရှားတောမြို့နယ်အတွင်း နှမ်းနက်စိုက်ဧက ၂၅၀၀ ဝန်းကျင်ရှိပြီး တစ်ဧကလျှင် အထွက်နှုန်းရှစ်တင်းခွဲခန့်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနကလည်း မြို့နယ်အတွင်းမှ တောင်သူများ၏ နှမ်းစိုက်ပျိုးရေးတွင် GAP စနစ်ကို စတင်စမ်းသပ်လေ့ကျင့်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ကွမ်းလုံမြို့၌ အဆင့်မြင့်နည်းပညာသုံးစံပြကွက် ကွင်းပြပွဲပြုလုပ်

**ကွမ်းလုံ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စုပေါင်းဓာတ်မြေဩဇာကြဲပက်သရုပ်ပြခြင်းနှင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကွက်ဆောင်ရွက်ထားရှိမှု ကွင်းပြပွဲကို စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းပြပွဲတွင် စိုက်ပျိုးရေးဝန်ထမ်းများက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်ကိုက် အချိုးကျ ရောစပ်အသုံးပြုသည့်နည်းစနစ်ကို ဒေသခံတောင်သူများအား သရုပ်ပြရှင်းလင်းပြီး စံပြကွက်၌ စုပေါင်းကြဲပက်ခဲ့သည်။ ထို့နောက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး၍ အောင်မြင်စွာစိုက်ပျိုးထားရှိသော စံပြကွက် ဧက ၅၀ ၌ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ပြသရှင်းလင်းခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဒွေးလွင်က ဘက်စုံအဆင့်မြင့်နည်းပညာသုံး၍ စိုက်ပျိုးထားသော RB စံပြကွက်(ပေါင်းစနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်)၊ မျိုးစေ့ထုတ်လုပ်ငန်းစံပြကွက်၊ SRI စိုက်နည်းစနစ် စံပြကွက်(ပျိုးသက်နုကောက်ကွက်ကျဲစနစ်)နှင့် GAP စံပြကွက်များ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ စပါးပင်တွင်ကျတတ်သော ရောဂါပိုးများ စစ်ဆေးကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများ၊ မြေဩဇာ အချိုးကျရောစပ်အသုံးပြုခြင်း နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားကာ ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**မိုင်းခိုင်ဇော်(ပြန်/ဆက်)**

# ပဲပုပ်သီးနှံသုတေသနရလဒ်များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက တောင်သူများအားပြသ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ၌ ပဲပုပ်သီးနှံကို စိုက်ဧက သုံးသိန်းနီးပါး၌ စိုက်ပျိုးလျက်ရှိကာ ယခုအခါတွင် ပဲပုပ်သီးနှံသည် ဈေးကွက်လိုအပ်ချက်ရှိသောသီးနှံတစ်ခု ဖြစ်လာသည့်အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များက ပဲပုပ်သီးနှံသုတေသနလုပ်ငန်းများအဖြစ် မျိုးကူးစပ်မွေးမြူ၍ မျိုးအသစ်များရှာဖွေခြင်းနှင့် စိုက်ပျိုးနည်းစနစ်များရှာဖွေခြင်း သုတေသနများကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ သုတေသန ရလဒ်များကို တောင်သူများအပါအဝင် သက်ဆိုင်သူများအား စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)၌ စက်တင်ဘာ ၁၄ ရက်က ဖိတ်ခေါ်ပြသခဲ့သည်။

သုတေသနရလဒ်များပြသပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများ၊ နေပြည်တော်ကောင်စီအတွင်းရှိ မြို့နယ်ရှစ်ခုမှ တောင်သူလယ်သမားများ၊ ပဲပုပ်မျိုးစေ့ထုတ်ကုမ္ပဏီနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(KOPIA)မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့သည်။

သုတေသနရလဒ်ပြပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ယခုပြသခြင်းသည် ပဲပုပ်သီးနှံနှင့်ပတ်သက်၍ သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုမှ ထွက်ရှိလာသော အထွက်နှုန်းမြင့်မားပြီး ဈေးကွက်ဝင်သည့် ပဲပုပ်သီးနှံမျိုးအသစ် ၁၀ မျိုးကျော်ကို တောင်သူများနှင့် ပဲပုပ်သီးနှံရောင်းဝယ်နေသောကုန်သည်များ သိရှိစေရန် ဖိတ်ခေါ်ပြသပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် တောင်သူများလိုအပ်သော မျိုးကောင်းမျိုးသစ်များ ရှာဖွေပေးပြီး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများထံသို့ နည်းပညာများဖြန့်ဝေပေး၍ တောင်သူများ လက်ခံကျင့်သုံးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများကလည်း အခက်အခဲ၊ လိုအပ်ချက်များကို သုတေသနဌာနသို့ ပြောကြားပေးရန်လိုကြောင်း၊ သို့မှသာ တောင်သူလယ်သမားများ၏ အခက်အခဲနှင့် လိုအပ်ချက်များအပေါ်အခြေခံသော သုတေသနများလုပ်၍ ယခုကဲ့သို့ တောင်သူများထံ သုတေသနရလဒ်များ ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များက ကြားခံအဖြစ် တောင်သူများ၏ ဈေးကွက်အခက်အခဲကို ဖြေရှင်းပေးနေ၍ သုတေသနပညာပေးလုပ်ငန်း၊ တောင်သူလယ်သမားနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းကာ စိုက်ပျိုးရေးဆိုင်ရာပြဿနာများကို ဖြေရှင်းသွားရန်လိုကြောင်း ဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ အကျိုးတူဆောင်ရွက်သော Contract Farming စနစ်ကို ဆောင်ရွက်စေလိုကြောင်းနှင့် ဈေးကွက်ဝင်၊ အရည်အသွေးကောင်းထုတ်ကုန်များ ရရှိစေရန် တောင်သူများအနေဖြင့် ကျေးရွာအလိုက် အသင်းအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် ပဲပုပ်မျိုးကူးစပ်ပညာရှင် ဒေါက်တာမာမာဝင်းက တောင်သူများနှင့် လုပ်ငန်းရှင်များအား ရာသီမရွေးစိုက်ပျိုးနိုင်သော ပဲပုပ်မျိုးသစ် ရေဆင်း(၁၁)နှင့် သုတေသနပြုရရှိသော ပဲပုပ်မျိုးသစ် ၁၀ မျိုးအကြောင်း၊ ပဲပုပ်မျိုးများ၏ အထွက်နှုန်း၊ ဆီထွက်နှုန်း၊ အာဟာရဓာတ်ပါဝင်မှုများနှင့် စိုက်ပျိုးနည်းစနစ်များ၊ ပဲပုပ်မျိုးသစ်များ၏ ထူးခြားကောင်းမွန်သောအချက်များကို စိုက်ခင်းအတွင်း ရှင်းလင်းပြောကြား ပြသခဲ့ကာ တောင်သူများကလည်း ပဲပုပ်သီးနှံအတွက် မျိုးအခက်အခဲ၊ စိုက်ပျိုးနည်းစနစ်နှင့် စိုက်ပျိုးချိန်အခက်အခဲတို့ကို တင်ပြခဲ့ကြသည်။

**သိမ့်သိမ့်မိုး(မြန်မာအလင်း)**



# သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်သော စိုက်နည်းစနစ်ဖော်ဆောင်ရေး ပညာပေးဆွေးနွေး

**ကော့ကရိတ် စက်တင်ဘာ ၁၆**

သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သော စိုက်နည်းစနစ်ဖော်ဆောင်ရေးအတွက် တောင်သူများအား ပညာပေးဆွေးနွေးပွဲကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကော့ကရိတ်မြို့နယ် တတန်ကူးကျေးရွာရှိ KNU ကရင်အမျိုးသားအစည်းအရုံး(ဗဟို) စိုက်ပျိုးရေးခြံ၌ စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးပညာပေးတာဝန်ခံ ဦးဝင်းဇော်၊ ကော့ကရိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နော်သူးလေးထီး၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်နိုင်တို့က တောင်သူများအနေဖြင့် ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ဈေးကွက်ရရှိသောသီးနှံများကို စိုက်ပျိုးရေး၊ သီးနှံစိုက်ပျိုးမည့်စိုက်ခင်းအတွင်း မြေဆီလွှာအာဟာရဓာတ် လိုအပ်မှုများကို စမ်းသပ်နည်း၊ ပိုးမွှားကျရောက်နိုင်မှုနှင့် ရောဂါများဖြစ်ပွားနိုင်မှုအတွက် ကြိုတင်ကာကွယ်ရန်နည်းလမ်းများ၊ အထွက်နှုန်းတိုးတက်ရေး စသည်တို့ကို ကဏ္ဍအလိုက် ဆွေးနွေးပို့ချသည်။

ထို့နောက် စနစ်တကျပိုးသတ်ဆေးဖျန်းနည်းကို စိုက်ခင်းအတွင်း လက်တွေ့သရုပ်ပြခြင်းနှင့် မြေနမူနာများရယူကာ ဓာတ်ခွဲစမ်းသပ်သေတ္တာများဖြင့် စမ်းသပ်ပေး၍ ထည့်သွင်းရမည့်မြေဩဇာများ တွက်ချက်ပေးခြင်းတို့ကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ပြီး တောင်သူများသိရှိလိုသည့် မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# မုံရွာမြို့ လမ်းမကြီးသုံးခုတွင် ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းရန် ကြပ်မတ်စစ်ဆေး အရေးယူမှုများ လုပ်ဆောင်သွားမည်



**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ လူသွားလူလာနှင့် ယာဉ်အသွားအလာ အများဆုံး လမ်းမကြီးများဖြစ်သည့် ဗိုလ်ချုပ်လမ်းမကြီး၊ ပြည်ထောင်စုလမ်းမကြီးနှင့် ကျောက္ကာလမ်းမကြီးတစ်လျှောက်တွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် စစ်ဆေးကြပ်မတ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမှတ်(၁၇) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း)ရုံးမှ တပ်ဖွဲ့ခွဲမှူး ရဲမှူးကိုကိုနိုင်၏ ပြောကြားချက်အရ သိရသည်။

"ယာဉ်စည်းကမ်း လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီးပြောရရင် လိုက်နာမှုမှာ အားနည်းပါတယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းက တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ပါဘူး၊ လမ်းပေါ်မှာ ခြေကျင်ပဲလျှောက်လျှောက်၊ စက်ဘီးပဲစီးစီး၊ မော်တော်ဆိုင်ကယ်၊ ကားပဲမောင်းမောင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို သိဖို့ လိုအပ်ပါတယ်၊ ယာဉ်တွေ ရပ်နားထားတာကအစ စည်းကမ်းရှိဖို့ လိုပါတယ်၊ ယာဉ်မတော်တဆမှုတွေ လျော့နည်းလာအောင် မုံရွာမြို့ရဲ့အဓိကလမ်းမကြီးတွေကို အဓိကထား ဦးစားပေးပြီးတော့ လုပ်ဆောင်သွားမှာပါ"ဟု တပ်ဖွဲ့ခွဲမှူးက ပြောသည်။

အဆိုပါ လမ်းမကြီးသုံးခုတွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းသွားစေရန်၊ ယာဉ်ကြောကျပ်တည်းမှုများ မဖြစ်ပေါ်စေရန်၊ မော်တော်ယာဉ်များ စနစ်တကျရပ်နားရန်နှင့် ဆိုင်ကယ်များ သတ်မှတ်နှုန်းအတိုင်း စီးနင်းကြရန်တို့ကို လိုက်လံကြပ်မတ်စစ်ဆေးမှုများ ပြုလုပ်ပြီး စည်းကမ်းလိုက်နာမှုမရှိသော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်မောင်းများကို လိုအပ်သော အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဂီတအနုပညာရှင်များ အခွင့်အရေးဆုံးရှုံးမှုမရှိအောင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က စီစဉ်ဆောင်ရွက်ပေးနေ

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် ဂီတအနုပညာရှင်များ အခွင့်အရေးဆုံးရှုံးမှုများ မဖြစ်ပွားရအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဂီတစာဆိုကိုလွင်မြင့်၏ ပြောကြားချက်အရ သိရသည်။

"အနုပညာနဲ့ပတ်သက်လို့ အနုပညာသမားတွေ ရသင့်ရထိုက်တဲ့ မူပိုင်ခွင့်အက်ဥပဒေနဲ့ပတ်သက်တာရော၊ ဆုံးရှုံးနစ်နာမှုနဲ့ပတ်သက်တာရော ကျွန်တော်တို့ စနစ်တကျ စီစဉ်ဆောင်ရွက်နေပါတယ်၊ အက်ဖ်အမ်ကလွှင့်တဲ့ သီချင်းတွေ၊ ပြိုင်ပွဲတွေမှာလွှင့်တဲ့ သီချင်းမျိုးတွေနဲ့ပတ်သက်လို့ ဂီတသမားတွေဖြစ်တဲ့ ဆို၊ ရေး၊ တီး၊ ထုတ်လုပ်၊ ဖြန့်ချိစတဲ့ အလွှာငါးလွှာကို အသီးသီး စီမံခန့်ခွဲပေးလျက်ရှိပါတယ်"ဟု ဂီတစာဆို ကိုလွင်မြင့်က ပြောကြားသည်။

ရေဒီယိုအသံထုတ်လွှင့်မှုများမှရရှိသောငွေကြေးကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)သို့ ပေးသွင်းစေခြင်းမဟုတ်ဘဲ ကမ္ဘောဇဘဏ်သို့သာ ပေးသွင်းစေခြင်းဖြစ်ပြီး ဂီတအနုပညာသမားများကိုလည်း ကိုယ်ပိုင်ငွေစာရင်းများ ဖွင့်လှစ်ထားစေကြောင်း သိရသည်။ ၎င်းတို့ရရှိသောငွေများကို ဘဏ်တစ်ခုမှတစ်ခုသို့ ငွေစာရင်းလွှဲပြောင်းပေးခြင်းဖြင့် စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။ ထို့ပြင် ဂီတအနုပညာရှင် မရှိသည့်နောက်ပိုင်းတွင် အထောက်အထားမှန်ကန်ပါက သားစဉ်မြေးဆက် သီးခြားဘဏ်စာရင်းဖွင့်လှစ်စေပြီး အနုပညာချီးမြှင့်ငွေများကို ခွဲဝေခံစားခွင့်ပြုထားကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တွင် ခေတ်နှင့်အညီ စည်းမျဉ်းများကို မဖြစ်မနေ ပြန်လည်ရေးဆွဲရမည်ဖြစ်၍ စည်းမျဉ်းရေးဆွဲရေးကော်မတီ၊ စည်းရုံးရေး၊ ပြန်ကြားရေး၊ ဖျော်ဖြေရေး၊ လူမှုရေး၊ ဘဏ္ဍာရေး၊ ပညာပြန့်ပွားရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် စီမံခန့်ခွဲရေးအစရှိသော ကော်မတီ ၁၀ ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးသည် ၁၉၆၃ ခုနှစ် ဇူလိုင်လတွင် စတင်ပေါ်ပေါက်ခဲ့ပြီး အသင်း၏ ပထမဦးဆုံးဥက္ကဋ္ဌမှာ အလင်္ကာကျော်စွာ ဆရာရွှေပြည်အေးဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တနင်္သာရီမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်

**တနင်္သာရီ စက်တင်ဘာ ၁၆**

တနင်္သာရီမြို့နယ်အတွင်း ရက်ရှည်ကြာစွာ တနင်္သာရီမြစ်ရေကြီးခဲ့စဉ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပင်ပန်းကြီးစွာ ဆောင်ရွက်ပေးခဲ့ကြသည့် တနင်္သာရီမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ယာယီရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးညီညီသိန်းနှင့် ဦးစီးမှူး(ဒုတိယတန်း) ဒေါ်အေးအေးသန်းတို့က ဂုဏ်ပြုပွဲကျင်းပပေးခြင်း ရည်ရွယ်ချက်နှင့် ကြက်ခြေနီအသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းသားအင်အားတိုးပွားရေးနှင့် သင်တန်းဖွင့်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယတိုင်းတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက တနင်္သာရီမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ တစ်ခုနှင့် တပ်ဖွဲ့ဝင် ၁၇ ဦးအား တစ်ဦးချင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးအပ်ခဲ့သည်။



ထို့နောက် မြိတ်ခရိုင် မြိတ်မြို့နယ် ကြက်ခြေနီအသင်း(ခွဲ)မှ ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းထိန်နှင့် အမှုဆောင် ဒေါ်သန်းသန်းယုတို့က သဘာဝဘေးအန္တရာယ်များကျရောက်စဉ်အသုံးပြုသည့် ပစ္စည်းများပါသော (CBDM Kit) သေတ္တာတစ်စုံနှင့် ဗောကွင်းနှစ်ကွင်းကို တနင်္သာရီမြို့နယ် ကြက်ခြေနီအသင်း(ခွဲ) အတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။

တနင်္သာရီမြို့နယ်၌ ဇူလိုင်လလယ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၉ ရက်အထိ နှစ်လနီးပါးကြာအောင် ရက်ရှည်ရေကြီးမှုဖြစ်ပွားခဲ့စဉ် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ကိုယ်ကျိုးကို မငဲ့ဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၇ ဦးအား မြန်မာနိုင်ငံကြက်ခြေနီအသင်း(ကိုယ်စား) တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ယခုလို လာရောက်ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရထားလမ်းစီမံကိန်းကြောင့် သိမ်းဆည်းခဲ့သည့် နတ်မောက်မြို့နယ်မှ လယ်မြေများအတွက် လျော်ကြေးပေးအပ်

**နတ်မောက် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီးအတွင်းဆောင်ရွက်သည့် ပျော်ဘွယ်-(နတ်မောက်-မကွေး)ရထားလမ်းစီမံကိန်းကြောင့် သိမ်းဆည်းခဲ့သော နတ်မောက်မြို့နယ်မှ လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၄ ရက်က နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်က အမှာစကားပြောကြားပြီး မီးရထားတိုင်း(၁၁)ပုဂံမှ အင်ဂျင်နီယာမှူးဦးသက်နိုင်ကျော်က ပျော်ဘွယ်-(နတ်မောက်-မကွေး)မီးရထားလမ်း မြေယာများအတွက် လျော်ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားကာ မီးရထားလမ်းပြုလုပ်ထားသည့် ပေါင်များအပေါ်တွင် နွားလှည်းများမမောင်းကြရန် ဒေသခံတောင်သူများအား မှာကြားသည်။

ထို့နောက် ရထားလမ်းစီမံကိန်းတွင် ပါဝင်သွားသည့် ရပ်ကွက်/ကျေးရွာများမှ သိမ်းဆည်းလယ်ယာမြေများအတွက် တောင်သူ ၁၃၆ ဦးအား အသုံးပြုလယ်ယာမြေတစ်ဧကလျှင် ၁၈၅၀၀၀ ကျပ်နှုန်းဖြင့် ဧရိယာ ၁၀၆ ဒသမ ၀၇ ဧကအတွက် လျော်ကြေးငွေ ၂၆၅၁၇၅၀၀၀ ကျပ်ကို ဒေသခံတောင်သူများထံသို့ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**လှဝင်း(နတ်မောက်)**

# ကျိုက်မရော၌ မော်လမြိုင် Water World အပန်းဖြေစခန်း စတင်ဖွင့်လှစ်

**ကျိုက်မရော စက်တင်ဘာ ၁၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့အဝင် ခြောက်မိုင်လမ်းဆုံ၌ အပန်းဖြေစရာ ကမ်းခြေတစ်ခုဖြစ်သည့် မော်လမြိုင် Water World အပန်းဖြေစခန်းသစ်ကို စက်တင်ဘာ ၁၅ ရက် နေ့လယ်ပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အပန်းဖြေစခန်းတွင် ရေလွှာလျှောစီးကစားခြင်း၊ အပျော် ရေလှိုင်းစီးခြင်းများ ပြုလုပ်နိုင်ပြီး ရေကူးရန်အတွက် ရေကူးကန်များ၊ ကလေးများဆော့ကစားရန် ရေလွှာလျှောများလည်းရှိကြောင်း၊ ရေကူးခြင်းနှင့် ရေလှိုင်းစီးခြင်းများအတွက်လည်း အသက်ကယ်အင်္ကျီများ အလုံအလောက် ထားရှိပေးထားကြောင်း၊ တကယ့် ပင်လယ်ကမ်းခြေအစစ်ကဲ့သို့ ဖန်တီးထားသဖြင့် မိသားစုလိုက်ဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ လာရောက်အပန်းဖြေဆော့ကစား လည်ပတ်နိုင်မည့် လှပသာယာသော အပန်းဖြေစခန်းသစ်ဖြစ်ကြောင်း သိရသည်။

အဆိုပါအပန်းဖြေစခန်း စတင်ဖွင့်လှစ်သည့်ရက်မှာ စနေနေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် လာရောက်လည်ပတ် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရပြီး ဝင်ကြေးမှာ လူကြီးတစ်ဦးလျှင် ကျပ် ၅၀၀၀ နှင့် ကလေးတစ်ဦးလျှင် ကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**



အပန်းဖြေစခန်းသစ် စဖွင့်သည့်နေ့တွင် လာရောက်ကစားနေသော ပြည်သူများ

# တနင်္သာရီမြို့နယ်မှ ရေခက်ခဲသောကျေးရွာများတွင် မြေအောက်ရေရရှိရေး တိုင်းတာမှုများဆောင်ရွက်

**တနင်္သာရီ စက်တင်ဘာ ၁၆**

တနင်္သာရီမြို့နယ်အတွင်းမှ ရေရှားပါး၍ အခက်အခဲဖြစ်နေသော ကျေးရွာများတွင် ရေရရှိရေးအတွက် မြေအောက်ရေ(GAP) တိုင်းတာစမ်းသပ်ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယဦးစီးမှူး ဦးဘိုဘိုသက် ဦးဆောင်သော မြေအောက်ရေ(GAP) တိုင်းတာရေးအဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၅ ရက်က သာရဘွင်ကျေးရွာအုပ်စု သာရဘွင်ရွာမကျေးရွာ၌ မြေအောက်ရေ (GAP)တိုင်းတာခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ညောင်ပင်ကွင်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများတွင်လည်း ယခုကဲ့သို့ စမ်းသပ်မှုများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စမ်းသပ်ခြင်းအားဖြင့် ကျေးရွာများအတွင်း မြေအောက်ရေဖြင့် ရေပေးဝေနိုင်ရေးအတွက် ရေပေးဝေရေးစနစ်၊ တွင်းတိမ်/တွင်းနက် တူးဖော်ရမည့် အတိမ်/အနက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသနှင့် ကိုက်ညီသော ရေပေးဝေရေးစနစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုလို ကြိုတင်ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## ဒေါ်ခင်မြကြည်
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ပြည်သာယာရိပ်သာ၊ မာလာမြိုင်လမ်း၊ အမှတ် ၉နေ [ဦးဘိုးတင့်(ယစ်မျိုးဝန်ထောက်)-ဒေါ်မမလေး]တို့၏သမီး၊ (ဦးလှမောင်၊ အင်ဂျင်နီယာ)၏ဇနီး၊ ဒေါ်ခင်ရင်မြ၏အစ်မ၊ ဦးထင်ဇော်(တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ပတ်ဗလစ်၊ ညွှန်/မှူး၊ တရားရုံးချုပ်၊ ငြိမ်း)-ဒေါ်ခင်စန်းဝေ၊ (ဒေါ်သိန်းမူလှ)၊ (ဒေါ်စန်းနွယ်လှ)၊ (ဦးအောင်နိုင်)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၅-၉-၂၀၁၈ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းဇော်
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ တိုက် ၂၅၊ အခန်း ၃၇၊ ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်မြင့်မြင့်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မြင့်ဦး-ဒေါ်ဇာနည်ချို၊ ဦးမိုးဇော်လတ်-ဒေါ်ဝါဝါဝင်း၊ ဒေါ်ချောစုထွေး၊ ဦးဇော်သူရ-ဒေါ်ဇင်နှင်းကို၊ ဦးဇော်သီဟ-ဒေါ်မြသဉ္ဇာလတ်၊ ဒေါက်တာကျော်ဇေယျ-ဒေါ်ပန်းအိထွေးတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆-၉-၂၀၁၈ရက် ညနေ ၅း၃၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၈ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောစတာလင်
**C.D.C 4339**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပတ် ၂လမ်း၊ အမှတ် ၁၃၉၁နေ (ဦးစောမြစံ-ဒေါ်ရွှေထည်)တို့၏သား၊ (ဦးစောချစ်ပို-ဒေါ်ကစ်တီစိန်)တို့၏သားသမက်၊ နော်စင်သီယာ-စောဘမြင့် (BERNHARD SCHULTD Shipping)၊ နော်ခဲရယ်-စောရွှေချစ်ပန်း၊ စောထရူးမင်း(Second Officer,J.S.M Shipping Co.,Ltd)-ဒေါ်ဇာလီအောင်(Managing Director, Artissmile Art House Co.,Ltd)၊(စောအောင်နိုင်ထွေး)တို့၏ဖခင်၊ စောရူမေအို(ခေတ္တ-USA)၊နော်ချူးလစ်(2nd yr-Electrical Power Engineering,HTU)၊ နော်သွန်းရောင်နီ(သတ္တမတန်း)၊ စောလေးကလယ်ထူး(သတ္တမတန်း)၊ နော်ဆဲမူလာဂေး(ပထမတန်း)၊ နော်မေပြည့်စုံအိမ်တို့၏အဘိုး၊ ဒေါ်နော်ဒီးဖော၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၉-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် အင်းစိန်နံ့သာကုန်း ကရင်နှစ်ခြင်းဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးမြင့်အေး
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာ၊ တိုက် ၂၅၊ အခန်း ၉နေ (ဦးမျိုးမြင့်သွင်)-ဒေါ်သိန်းသိန်း(သထုံအသင်းနာယက)တို့၏သား၊ ဦးသန်းဝင်း-ဒေါ်လွင်လွင်ဦး၊ ဦးမျိုးမြင့်လွင်၊ ဦးမျိုးမြင့်သိန်း-ဒေါ်ဝင်းဝင်းနိုင်တို့၏ညီ/မောင်၊ မောင်သူရဝင်း၊ မောင်မျိုးမင်းနိုင်တို့၏ဦးလေးသည် ၁၅-၉-၂၀၁၈ရက်(စနေနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် အထက်ပါ တိုက် ၂၅၊ အခန်း ၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးထွန်းထွန်းစိန်(Chairman)T.K.W CO.,LTD၊ INTERNATIONAL T.K.W PTE LTD (Singapore)၊ ရှမ်းချယ်ရီကုမ္ပဏီ၊ မလိခရောဂါရှာဖွေရေးစင်တာ၊(ဒေါ်တင်ချိုဝင်း(ခ)ချိုထွေး)၏ ခင်ပွန်းသည် ၁၇-၈-၂၀၁၈ ရက်နေ့တွင် မိသားစုနှင့်ခွဲခွာသွားခြင်းအတွက် နေ့စဉ်လွမ်းဆွတ်သတိရနေပါသည်။

မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ

ချစ်လှစွာသောမိသားစု

| | |
|---|---|
| Daddy | - U Bunny Tin Tun |
| တစ်ဦးတည်းသောသား | - Dennis(ခ)ဝင်းသူရိန်ထွန်း |
| အစ်မနှင့်ညီမများ | - ဒေါ်နီနီဝင်း(ပြင်ဦးလွင်) |
| | - ဒေါ်တင်ညိုဝင်း(Singapore) |
| | - ဒေါ်တင်မြဝင်း |
| | - ဒေါ်တင်နွယ်ဝင်း |
| တူများ | - ဒေါက်တာအောင်ပြည့်စုံဝင်း |
| | - စိုးစံမောင်နိုင် |
| တူမ | - ထူးနွယ်မာဝင်း |

---

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယိကာမကြီး
## ဒေါ်မြင့်
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြရိပ်မွန်ခြံ၊ အမှတ် ၄၃၁/၄၃၂(က)နေ (ဦးဘိုးမျှင်-ဒေါ်စောရီ)တို့၏သမီး၊ (ဦးငွေသိန်း)၏ဇနီး၊ ဒေါ်လှရီ-ဦးကျော်ဇော၊ ဒေါက်တာဒေါ်ခင်ဝင်းကြည်-ဦးမောင်မောင်၊ ဒေါ်နုနုခင်-ဦးကျော်ဝင်း၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်အေးတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၉-၂၀၁၈ရက်(စနေနေ့)ညနေ ၆နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးကျေးဇူးတင်ရှိခြင်း
## ဦးတင်မြင့် (မော်လမြိုင်)
**မြို့မကျောင်းသားဟောင်း**
**အသက်(၈၇)နှစ်**

၇-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးတင်မြင့်၏ နာရေးကိစ္စအဝဝနှင့် ၁၃-၉-၂၀၁၈ရက်တွင် ပြုလုပ်ခဲ့သော ရက်လည်ဆွမ်းကျွေးတရားနာတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဖေးမအားပေးခဲ့ကြပါသော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ MSEC နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့မှ အရာထမ်းများ၊ ဒါရိုက်တာများနှင့်ဝန်ထမ်းများ၊ J' Donut မှ ဝန်ထမ်းများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ရက္ခဗေဒဌာနမှ ဆရာ၊ ဆရာမများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းအားပေးကြပါသော ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှရွှေ
**အသက်(၈၃)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမြင့်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်သီဂီဝင်းတို့၏မိခင်ကြီး ဒေါ်လှရွှေ အသက်(၈၃)နှစ်သည် ၁၅-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဝန်ထမ်းမိသားစုများ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)**

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြိုင်ကြိုင်
**အသက်(၈၃)နှစ်**

ဒေါက်တာတင်ထွဋ်(အမြဲတမ်းအတွင်းဝန်၊ ငြိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) - ဒေါ်မော်မော်စိုးတို့၏မိခင် ဒေါ်ကြိုင်ကြိုင် အသက်(၈၃)နှစ်သည် ၁၄-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဝန်ထမ်းမိသားစုများ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)**

---

ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ကြည်ကြည်မာ(ခ)ဒေါ်ကြည်ကြည်နွဲ့
**လူမှုဝန်ထမ်းကော်မရှင်၊ ကျန်းမာရေးဦးစီးဌာန(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း ၁၂၀နေ (ဦးလုံပေါ-ဒေါ်ထွန်းတင်)တို့၏သမီး၊ (ဦးဘိုလေး-ဒေါ်သိန်းကြွယ်)တို့၏သမီးချွေးမ၊ (ဦးမြတ်ကြည်)၊ ဒေါ်တင်တင်တို့၏ညီမ၊ (ဦးနေလင်း)၏အစ်မ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၂၂)လမ်း၊ အမှတ် ၁၀၄နေ ဦးခင်ဇော်၏ဇနီး၊ ဒေါ်မို့မို့(စိုက်ပျိုးရေးအကြံပေး)၊ [ဦးမင်းဆွေ(ခ)ဗိုလ်ဗိုလ်ဆန်း]၊ (ဒေါ်သိန်းသိန်းရီ)တို့၏မိခင်၊ မောင်ကောင်းစံမင်း(အင်္ဂလိပ်စာ၊ နောက်ဆုံးနှစ်)၏ဘွားဘွားသည် ၁၅-၉-၂၀၁၈ရက်(စနေနေ့) ည ၉း၄၀နာရီတွင် အရှေ့အနောက်ပါရမီဆေးရုံ(မြောက်ဒဂုံ)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဝင်းကြည် အသက်(၇၅)နှစ်
**(ညွှန်ကြားရေးမှူး၊ ငြိမ်း)**
**စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စံပယ်လမ်း၊ အမှတ် ၂၉/၄၁နေ(ဦးကျော်ညွန့်-ဒေါ်စောညွန့်)တို့၏သမီး၊ (ဦးစံဝင်း) ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ဇနီး၊ ကိုအောင်စည်သူ-မခင်မာလာထွန်း၊ ကိုသောင်းမျိုးထွန်း-မစန္ဒီသောင်းမြင့်တို့၏မိခင်၊ (ဦးခင်မောင်ဝင်း)၏ညီမ၊(ဒေါ်ရီရီဝင်း)၊ဒေါ်နီနီဝင်း၊(ဦးသန်းဝင်း)တို့၏အစ်မသည် ၁၅-၉-၂၀၁၈ရက်(စနေနေ့)ညနေ ၅း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှမူ(ကွမ်းခြံကုန်း) အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နေ (ဦးဘယ-ဒေါ်ပု)တို့၏သမီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၉/သုဝဏ္ဏ၊ ကောက်လျှင်လမ်း၊ တိုက် ၁၇၁/၈နေ (ဦးအေးလှိုင်-ဒေါ်သန်းစိန်)တို့၏သမီးချွေးမ၊ ဦးစိုးလှိုင်(ခ)ဦးစိုးစိုးဝင်း၏ဇနီး၊ မောင်ဇေယျာဘုန်း၏ချစ်လှစွာသောမိခင်၊ (ဦးမောင်မောင်အေး)-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်မင်း-ဒေါ် ခင်နန်းအေး၊ ဒေါ်ချိုချိုလှိုင်၊ ဦးမျိုးသက်-ဒေါ်သန်းသန်းဌေးတို့၏အစ်မ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် ၉၄၄နေ ဦးသောင်းငွေ-ဒေါ်တင်ညွန့်၊ ဦးလှဟန်-(ဒေါ်ခင်မေရီ)၊(ဦးသောင်းလှ)-ဒေါ်ကျင်မီ၊ဦးခင်စိုး-ဒေါ်ခင်မြအိ၊ ဒေါ်ခင်မြဝေတို့၏ညီမ၊ ဦးမြင့်ဌေး၏အစ်မသည် ၁၆-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇း၄၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ရှမ်းကြည် အသက်(၉၁)နှစ်
**(မန္တလေးအသင်းနာယက)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း(အလယ်)၊ အမှတ် ၇၈နေ(ဦးမောင်ကြီး-ဒေါ်အေး)တို့၏သမီး၊ (ဦးလှဦး)၊ (ဦးလှဘူး)၊ (ဦးခင်မောင်ညွန့်)၊ (ဦးဏီ)တို့၏ညီမ၊ ဒေါ်လှမြင့်၊ (ဦးလှထွန်း)တို့၏အစ်မ၊ ဒေါက်တာကြည်ဟန်၊ (ဒေါ်ယဉ်ဝေဏီ)၊ ဒေါ်ပြုံးဝေဏီ၊(ဒေါ်လှလှ)၊ဒေါ်မာမာ၊ဒေါ်ဝါဝါ၊ ဒေါ်သူဇာလှိုင်၊ ဒေါ်သီတာလှိုင်၊ ဒေါ်ဥမ္မာလှိုင်၊ ဦးထွန်းထွန်းလှိုင်၊ ဒေါ်နီလာထွန်းတို့၏အဒေါ်၊မြေး ၂၅ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁၆-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှလှမြင့် အသက်(၆၈)နှစ်

ညောင်လေးပင်မြို့နေ (ဦးထွန်းလှိုင်)-ဒေါ်စိန်တင်တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် ၂၇(သုံးလွှာ-B)နေ ဦးမြင့်ဇော်၏ချစ်လှစွာသောဇနီး၊ (ဦးအောင်ဇော်ဟိန်း)-ဒေါ်တင်နီအုန်း၊ဦးဇော်ဝင်းထွန်း(MULIGATE SHIPPING Co., Ltd) - ဒေါ်အေးချောစုတို့၏ချစ်လှစွာသောမိခင်၊ မောင်သာလင်းထွန်း၊ မောင်ရန်အောင်မင်း၊ မစုမြတ်မြတ်ဝင်း၊ မအိန္ဒြေထက်အောင်တို့၏အဘွားသည် ၁၅-၉-၂၀၁၈ရက်(စနေနေ့) ည ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြသီသိန်း အသက်(၆၆)နှစ်
**(အထက-၃၊ ဗိုလ်တထောင်)**
**အထက်တန်းပြ(ငြိမ်း)**
**Brown Academy**
**(ကိုယ်ပိုင်ကျောင်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ် ၁၅၉/၁၆၁၊ ခုနစ်လွှာနေ (ဦးကျော်သိန်း-ဒေါ်မြင့်သက်တင်)တို့၏သမီး၊ (ဦးရန်နိုင်ဝင်းအုန်း-ဒေါ်ရင်မော်သိန်း)၊ ဦးမြင့်သိန်းဦးတို့၏ညီမ၊ ဦးမြင့်ဦး-ဒေါ်အေးကြူသိန်း၊ ဦးဇော်သိန်း-ဒေါ်ရီရီစိုးတို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၁၆-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမြတ်(ခ)ဝကြီး
**စက်ဆရာ (P.I.C)**
**ရေနံ/သယ်ပို့(ငြိမ်း)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်းသွယ်၊ ခြံ(၁၀၂၈-B)နေ (ဦးတင်မြတ်-ဒေါ်ခင်ပု)တို့၏သား၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ သုဒဿန ၁လမ်း၊ 63(A)နေ ဒေါ်သန်းသန်းဌေး(ခ) ပေါက်ပေါက်၏ခင်ပွန်း၊ ဦးစောသူရိန်ထွန်း-ဒေါ်အေးမွန်မြတ်၊ ဦးဇော်လင်းထွန်း-ဒေါ်ဆုမွန်မြတ်၊(မောင်ဝဏ္ဏထွန်း)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၆-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄း၁၀နာရီတွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝါသဝ
**မြို့နယ်သံဃနာယကအဖွဲ့ဝင်(သန်လျင်)**
**ဦးစီးပဓာနနာယက ကြပ်တွင်းအလယ်ကျောင်းတိုက်**
**သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ**

သန်လျင်မြို့၊ ပဲခူးစု ရုံးတော်ရပ်ကွက်၊ ကြပ်တွင်းအလယ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါသဝသည် (၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁ရက်) ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် တော်သလင်းလဆန်း ၁၄ရက်) ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ရဟန်း တပည့်၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးအဖွဲ့
ကြပ်တွင်းအလယ်ကျောင်းတိုက်၊ သန်လျင်

---

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းမယ်တော်ကြီး
## ဒေါ်မြင့်မြင့်
**အသက်(၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ တောရကြီးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလ၏မယ်တော်၊ လေးအိမ်စုတောရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တမုနိန္ဒ၏အဘွား ရဟန်းမယ်တော်ကြီး ဒေါ်မြင့်မြင့်သည် ၁၀-၉-၂၀၁၈ရက်တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဉာဏ်လင်းစိုး မိသားစု**

---

## ဦးထွေးဆောင် (ခရမ်း)
**တပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)၊ ဆက်သွယ်ရေး**
**အသက်(၈၃)နှစ်**

ခရမ်းမြို့၊ ဘင်မင်အိုင်းကျေးရွာနေ (ဦးဘိုးရ-ဒေါ်နှင်းခင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် ၂၀/ခနေ ဒေါ်ခင်ထားကြူ(အလက-၁၊ ဒဂုံ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းမြင့်ဦး(ခ)ဦးဝဏ္ဏ(ရူပဗေဒ)-ဒေါ်ငြိမ်းစိုးမြင့်၊ ဒေါ်စန်းမာလာဦး(ဦးစီးအရာရှိ၊ MITV)၊ ဦးအောင်ချမ်းမင်း(SKYNET MPS)-ဒေါ်သူသူဖူးဇင်တို့၏ဖခင်သည် ၁၅-၉-၂၀၁၈ရက်(စနေနေ့) ည ၇း၁၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာဦးမြသိမ်း အသက်(၇၈)နှစ်
**ကလေးအထူးကုဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံအုပ်ကြီး(ငြိမ်း)**
**ဓနုဖြူမြို့နယ်အသင်း(နာယက)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် ၅၃၉နေ (ဦးအုန်းဖေ-ဒေါ်စောလှ)တို့၏သား၊ (ဒေါက်တာဦးဘသိမ်း-ဒေါ်ဉာဏ်မေ)တို့၏သားသမက်၊ (ဒေါက်တာဒေါ်ဇင်မာသက်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကေသီမြသိမ်း(ဦးစီးအရာရှိ၊ စုံစမ်းရေး၊ စစစ)၊ ဒေါ်ဇင်နွယ်မြသိမ်း၊ ဦးကျော်ဇင်မြသိမ်း-ဒေါ်မြတ်သီတာ၊ ဦးမင်းဇင်မြသိမ်း-ဒေါ်သန္တာဝေတို့၏ချစ်လှစွာသောဖခင်၊ မောင်ခန့်ဇင်မြသိမ်း-မဇာဖြူမျိုးလွင်၊ မမျိုးမြတ်သီတာမြသိမ်း၊ မကေဇင်မြသိမ်းတို့၏အဘိုးသည် ၁၅-၉-၂၀၁၈ရက် (စနေနေ့) ည ၈း၂၇နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာဦးမြသိမ်း အသက်(၇၈)နှစ်
**ကလေးအထူးကုဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံအုပ်ကြီး(ငြိမ်း)**
**ဓနုဖြူမြို့နယ်အသင်း(နာယက)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် ၅၃၉နေ (ဦးအုန်းဖေ-ဒေါ်စောလှ)တို့၏သား၊ (ဒေါက်တာဦးဘသိမ်း-ဒေါ်ဉာဏ်မေ)တို့၏သားသမက်၊ (ဒေါက်တာဒေါ်ဇင်မာသက်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းအောင်)-ဒေါ်စန်းအောင်၊ ဦးအုန်းကြိုင်-ဒေါ်အေးသန်း၊ ဦးစိုးဝင်း-ဒေါ်ခင်မာဇင်၊ ဦးရီမြင့်-(ဒေါ်မြင့်မြင့်သိန်း)၊ (ဒေါက်တာအောင်ကျော်ညွန့်)-ဒေါ်တင်တင်သိန်း၊ ဒေါက်တာညွန့်မောင်သန်း-ဒေါက်တာမြင့်မြင့်သန်း၊ (ဗိုလ်မှူးကိုကိုကြီး-ဒေါ်သိန်းသိန်းညွန့်)တို့၏အစ်ကို/မောင်၊တူ၊တူမ ၁၈ယောက်တို့၏ဦးလေးသည် ၁၅-၉-၂၀၁၈ရက် (စနေနေ့) ည ၈း၂၇နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝဏ္ဏသိန်း
**အထက(၆) အလုံ ကျောင်းသားဟောင်း**
**Marketing Manager (METRCRONIC)**
**B.Sc (Botany)**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ၉/၁၁၊ ငါးလွှာ(ညာ)၊ ၅၃လမ်းနေ(ဒုဗိုလ်မှူးကြီးမြင့်သိန်း-ဒေါ်မြမြသွင်)တို့၏သား၊ ဦးစိုးသန်း(မှူ/အုပ်၊ ငြိမ်း)-(ဒေါ်စန်းရီ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဦး၊ ဦးသိန်းဟန်-ဒေါ်တင်တင်မိုး (ဆေးရုံအုပ်ကြီး၊ မန္တလေးအထွေထွေဆေးရုံကြီး)၊ ဦးအောင်အောင်မိုး-ဒေါ်ဆွေဆွေထွန်း၊ ဦးအောင်ကျော်ဦး(အရာခံဗိုလ်၊ တပ်မတော်-ရေ)-ဒေါ်နှင်းနှင်း၊ ဦးသန်းထွေး-ဒေါ်ခင်စန္ဒာသိန်းတို့၏မောင်၊ ဒေါ်ထားထားဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ဝဏ္ဏဦး(ပနှစ်၊ ရူပဗေဒ)၊ မမြသက်ထားဦး(Grade-8-A၊ အထက-၂၊ ဗိုလ်တထောင်)တို့၏ချစ်လှစွာသောဖခင်သည် ၁၆-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၄း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၈ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr.Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။**

## စစ်တောင်းနှင့် သံလွင် မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၁ ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) Southern အသင်း အိမ်ကွင်း၌ ဂိုးပြတ်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မော်လမြိုင်ကွင်း၌ ကျင်းပရာ Southern အသင်းက စစ်ကိုင်းအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

Southern အသင်းသည် ယခုပွဲအနိုင်ရသောကြောင့် အဆင့် (၆) နေရာသို့ တက်လှမ်းလာပြီး အဆင့် (၅) အတွင်းဝင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ယခုပွဲ အနိုင်ရလဒ်အတွက် Southern အသင်းနည်းပြချုပ် ဦးကျော်မင်း၏ နည်းဗျူဟာနှင့် ကစားသမားများ၏ ကြိုးစားအားထုတ်မှုကို ချီးကျူးရမှာဖြစ်ပြီး အမာခံကစား

*စာမျက်နှာ ၈ ကော်လံ ၁*

## ထောင်ဒဏ်လွတ်ရက်မရှိ ပြစ်ဒဏ်ကျခံနေရသူက ဦးဆောင်၍ ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၄၁ ဦး ထွက်ပြေး ပိတ်ဆို့ရှာဖွေမှုကြောင့် ဦးဆောင်ထွက်ပြေးသူ အပါအဝင် ၁၃ ဦး ပြန်လည်ဖမ်းဆီးရမိ

*စာမျက်နှာ - ၁၃*

## ရန်ကုန်တိုင်း လူငယ်ဖလားဘောလုံးပြိုင်ပွဲ သာကေတမြို့နယ် လူငယ်အသင်းဗိုလ်စွဲ




**ရန်ကုန်တိုင်း လူငယ်ဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော သာကေတမြို့နယ် လူငယ်အသင်းအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း ဆုချီးမြှင့်စဉ်။** ဓာတ်ပုံ-အာကာစိုး

**ရန်ကုန် စက်တင်ဘာ ၁၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း လူငယ်ဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါဗိုလ်လုပွဲ ပွဲစဉ်တွင် မြောက်ဥက္ကလာပမြို့နယ်အသင်းနှင့် သာကေတမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ သာကေတမြို့နယ်အသင်းက မြောက်ဥက္ကလာပမြို့နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂ ရက်မှ စတင်ကျင်းပခဲ့ပြီး အသက် ၃၀ နှစ်အောက် လူငယ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

"ကျွန်တော်တို့လူငယ်တွေ မူးယစ်ဆေးဝါးကင်းစင်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ အားကစားဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘောလုံးပြိုင်ပွဲ ကျင်းပဖြစ်တာပါ။ အရင်ကဆိုရင် မြန်မာ့ဘောလုံးက ကမ္ဘာမှာ အဆင့်မီတယ်။ အခုနောက်ပိုင်းမှာဆိုရင် နည်းနည်းလေး နိမ့်ပါးလာတာကို တွေ့ရတယ်။ ပြန်ဆန်းစစ်ကြည့်လိုက်တဲ့အခါ တကယ်တော်တဲ့ ကစားသမားတွေ အများကြီး

*စာမျက်နှာ ၈ ကော်လံ ၅*

"မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

▶▶GLORY နှင့် OIST(Japan)တို့ပူးပေါင်းကာ ဂျပန်နိုင်ငံ၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။

▶▶သင်တန်းအမျိုးအစား - Automotive Engineering Diploma (Class -3) ၊
သင်တန်းကာလ - One Year (တစ်နှစ်) ၊
လက်ခံမည့်ဦးရေ - (၅၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 26 -10 - 2018
သင်တန်းအပတ်စဉ် - (၁၀) ၊ (၁၁)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ ၊

▶▶ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Second Class Automotive Mechanic သင်ရိုးညွှန်းတမ်းဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။

▶▶သင်တန်းအမျိုးအစား - Advanced Diploma in Automotive Eng ; (Maintenance)
သင်တန်းကာလ - 6 Months (၆လ) ၊
လက်ခံမည့်ဦးရေ - (၂၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 26 - 10 - 2018
သင်တန်းအပတ်စဉ် - (၂)
ပညာအရည်အချင်း - OIST (Japan) ၏ Automotive Engineering Diploma (Third Class) အောင်မြင်ထားသူများ

▶▶ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။စာတွေ့ ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် မော်တော်ကားတစ်စီးလုံး ကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်။

Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
09-73121717 , 09-5197817 www.glory-education.com